# ဒီမိုကရက်တစ်မြန်မာ့အသံ
# နိုင်ငံရေးအကျဉ်းသားများသတင်း
# ဩဂုတ်လ – ၂၀၀၇

ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းအား ခြိမ်းခြောက် ကြိမ်းဝါးသည့်အမှု ဆက်လက်စစ်ဆေး ၁၊ဩဂုတ်၊၂၀၀၇

မိတ္ထီလာ အမှတ် (၁) ရဲစခန်း၌ ချုပ်နှောင်ထားသည့် အကျဉ်းသား တဦး သေဆုံး ၂၊ဩဂုတ်၊၂၀၀၇

မေဒေးနေ့ အဖမ်းခံရသူ (၆) ရှေ့နေများ ရှေ့နေပါဝါကို ပြန်လည်ရုပ်သိမ်း ၃၊ဩဂုတ်၊၂၀၀၇

ရဲတပ်ဖွဲ့၏ ရိုက်နှက်မှုကြောင့် မူဆယ် အချုပ်ခန်းတွင် အချုပ်သားတဦး သေဆုံး ၄၊ဩဂုတ်၊၂၀၀၇

မေဒေးနေ့က အဖမ်းခံသူ (၆) ဦး ရှေ့နေမပါဘဲ အင်းစိန်ထောင် တရားရုံးတွင် စစ်ဆေး ၆၊ဩဂုတ်၊၂၀၀၇

ပေးထားသည့်စရံငွေ ပြန်တောင်းမိသည့် ကျောင်းသားတဦး ဝတ္တရားနှောင့်ယှက်မှုဖြင့် တရားစွဲခံရ ၈၊ဩဂုတ်၊၂၀၀၇

ရွှေမော်ဓော စိန်ဖူးတော် ပျောက်ဆုံးမှုဖြင့် ဖမ်းခံရသူ ဂေါပကတဦး အချုပ်တွင် သေဆုံး ၉ ၊ ဩဂုတ် ၊ ၂၀၀၇

အိုင်အယ်လ်အိုဆီ တိုင်တန်းမှုနှင့် ဖမ်းခံရသူတဦး ခြေချုပ်ဖြင့် ပြန်လွှတ်မြောက် ၁၀၊ ဩဂုတ် ၊၂၀၀၇

သံလက်သီးဖြင့် အထိုးခံရသည့် လွှတ်တော်ကိုယ်စားလှယ်တဦး အမှုကို ဆက်လက်စစ်ဆေး ၁၄ ၊ ဩဂုတ် ၊ ၂၀၀၇

အင်းစိန်ထောင်မှ နိုင်ငံရေးအကျဉ်းသားများကို ကန့်သတ်မှုများ ပိုလုပ် ၁၅ ၊ ဩဂုတ် ၊ ၂၀၀၇

မတ္တရာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် တိုင်ကြားသည့် အမှုကို အရေးယူမှု မရှိသေး ၁၇၊ဩဂုတ်၊၂၀၀၇

အမျိုးသားရေး ဦးဝင်းနိုင်နှင့် အဖွဲ့ကို အမည်မသိ လူ (၃) ဦးက အကြမ်းဖက် တိုက်ခိုက် ဒီဗွီဘီ ၊ ၁၉ ၊ ဩဂုတ် ၊ ၂၀၀၇

ကိုမင်းကိုနိုင် အပါအဝင် ကျောင်းသားလူငယ် (၂၀) ခန့် ဖမ်းဆီးခံရ ၂၂၊ဩဂုတ်၊၂၀၀၇

လှမျိုးနော ် င်နဲ့ အင်တာဗျူး (၁) ၂၂၊ဩဂုတ်၊၂၀၀၇

လှမျိုးနောင်နဲ့ အင်တာဗျူး (၂) ၂၃၊ သြဂုတ်၊ ၂၀၀၇

မဝါဝါဝင်းနဲ့ ဆက်သွယ်မေးမြန်းချက် ၂၂ ၊ သြဂုတ်၊ ၂၀၀၇

လမ်းလျှောက် ဆန္ဒပြသည့် အဖွဲ့နှစ်ဖွဲ့ အကြမ်းဖက် တိုက်ခိုက်ခံရ ၂၃ ၊ သြဂုတ် ၊ ၂၀၀၇

ဆန္ဒပြပွဲများကို အရှိန်မြင့် ဆောင်ရွက်သွားမည်ဟု (၈၈) ကျောင်းသားများ ကြေညာ ၂၃ ၊ သြဂုတ် ၊ ၂၀၀၇

နယ်မြို့များတွင် တကိုယ်တော် ဆန္ဒပြမှုများ ဖြစ်ပွား ၂၄ ၊ သြဂုတ် ၊ ၂၀၀၇

ငြိမ်းချမ်းစွာဆန္ဒပြ လူ (၂၀) ခန့်ကို အာဏာပိုင်များ အင်အားသုံး ဖမ်းဆီး ၂၄ ၊ သြဂုတ် ၊ ၂၀၀၇

မိသားစုဝင်များကို ဖမ်းဆီးနေသည့်အပေါ် (၈၈) ကျောင်းသားများ ကန့်ကွက် ၂၄၊ သြဂုတ် ၊ ၂၀၀၇

(၈၈) မျိုးဆက် ကျောင်းသူ မနီဘယ်အေး ဖမ်းဆီးခံရ ၂၅ ၊ သြဂုတ် ၊ ၂၀၀၇

မန္တလေးမှ ရဟန်းသံဃာတော်များ လူထုဆန္ဒပြပွဲများတွင် မပါရန် တိုင်မှူး စည်းရုံး ၂၆ ၊ သြဂုတ် ၊ ၂၀၀၇

မန္တလေး ဂဠုန်နီဆရာတော် ပြန်လည်လွတ်မြောက် ၂၆ ၊ သြဂုတ် ၊ ၂၀၀၇

ကိုညီညီဦး ကျန်းမာရေးဆိုး ၂၆ ၊ သြဂုတ် ၊ ၂၀၀၇

ညှော်စာရင်းတိုင်မှုကို လက်မခံဘဲ ဝင်ဖမ်း ၂၇ ၊ သြဂုတ် ၊ ၂၀၀၇

ကိုထင်ကျော်ကို ဖမ်းဆီးသူများသည် ကြံ့ခိုင်ဖွံ့ဖြိုးရေးနှင့် မီးသတ်များဖြစ်ဟု ပြောဆို ၂၇ ၊ သြဂုတ် ၊ ၂၀၀၇

ငါးစာကျွေးကုသိုလ်ပြုသူများကို နှောင့်ယှက်ဖမ်းဆီး ၂၈၊ သြဂုတ်၊ ၂၀၀၇

စုစုနွေးနှင့် ဆက်သွယ်မေးမြန်းချက် ၂၉၊ သြဂုတ် ၊ ၂၀၀၇

ဘဝတူလူနာချင်း ကူညီတဲ့ ကိုရင်ကြီး ၃၀ ၊ သြဂုတ် ၊ ၂၀၀၇

ညောင်တုန်း ကိုထွန်းထွန်း အဖမ်းခံနေရ ၃၀ ၊ သြဂုတ် ၊ ၂၀၀၇

ကိုမင်းမင်းကို လားရှိုးထောင်ရွှေ့ ၃၀ ၊ သြဂုတ် ၊ ၂၀၀၇

ကားသမား ဆိုက်ကားသမားကို အသုံးချ ၃၁ ၊ သြဂုတ် ၊ ၂၀၀၇

အဖမ်းဆီးခံ ကျောင်းသားခေါင်းဆောင်များ၏ သတင်း ထုတ်ပြန် မိသားစု တောင်းဆိုမည် ၃၁ ၊ သြဂုတ် ၊ ၂၀၀၇

## ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းအား ခြိမ်းခြောက် ကြိမ်းဝါးသည့်အမှု ဆက်လက်စစ်ဆေး

*၁၊ဩဂုတ်၊၂၀၀၇*

မြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းမှ ခြိမ်းခြောက် ကြိမ်းဝါးမှု ပုဒ်မ (၅၀၆) နှင့် တရားစွဲထားသည့် မတ္တရာမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်၏ မိသားစုပါ (၉) ဦး အမှုတွဲကို ယနေ့ မြို့နယ်တရားရုံးတွင် ဆက်လက်စစ်ဆေးခဲ့ပါသည်။ တရားလိုအဖြစ် အမှုဖွင့်တိုင်ကြားခဲ့သူ မြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်မင်းကို စစ်ဆေးခဲ့ခြင်းဟု တရားစွဲခံရသည့် အဖွဲ့ချုပ်ဝင်များမှ ပြောပါသည်။ တရားရုံးတွင် ဦးကျော်မင်း၏ ထွက်ဆိုချက်တွေနှင့် ပတ်သက်ပြီး တရားစွဲခံရသူ တဦးဖြစ်သည့် အဖွဲ့ချုပ် စည်းအဖွဲ့ဝင် ဦးညိုလေးမှ ယခုလို ပြောပြပါသည်။

"အဲဒီ တရားလို ကျော်မင်းကို စစ်တဲ့ အနေအထားမှာတော့ သူ့အနေနဲ့ သူမြင်တာ မဟုတ်ပါဘူး။ ဘေးကပြောလို့သာလျှင် သူဒါမျိုး ဖွင့်ရတာပေ့ါ။ နောက်တခါ သူ့အထက်က ညွှန်ကြားလို့ ကျနော်တို့ (၉) ဦးကိုလေ ဖွင့်ရပါတယ်၊ ဆိုတဲ့အကြောင်းတွေ သူထွက်သွားတယ်။ သူ့အနေနဲ့တော့ မျက်စိနဲ့မြင်တာ ဘာမှ မရှိဘူးပေ့ါဗျာ။ သူနားကြားလဲ မရှိဘူး။ အပြင်ကနေ သူ့ရဲ့လူတွေက တဆင့်ပြန်ပြောပြ၍ သူကဖွင့်ရခြင်း ဖြစ်တယ်ဆိုတာ ရုံးတော်မှာ သူက ထွက်သွားပါတယ်။ "

၄င်းအမှုကို အခုလ (၁၄) ရက်နေ့တွင် ဆက်လက်စစ်ဆေးမည်ဟု ၄င်းမှပြောပါသည်။ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းမှ တရားစွဲထားသည့် (၉) ဦးကမှ မြို့နယ်အဖွဲ့ချုပ် စည်းအဖွဲ့ဝင်များဖြစ်သည့် ဦးညိုကြီး၊ ဦးညိုလေး၊ ကိုကျော်စွာ၊ ကိုသောင်းနိုင်၊ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်၏သား ကိုဇော်မင်းလွင်၊ သမီးများဖြစ်သည့် မခင်မကြီးနှင့် မခင်မလေး၊ သားမက်ဖြစ်သူ ကိုဉာဏ်စိန်၊ မြို့နယ်အဖွဲ့ချုပ် ဥက္ကဌ ဦးခင်မောင်သန်း၏သား ကိုညီညီတို့ ဖြစ်ပါသည်။ ၄င်းတို့ (၉) ဦးဟာ ဇွန်လ (၁၅) ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး ဆုတောင်းပွဲမှအပြန် ဦးသန်းလွင်ကို အမည်မသိလူတဦးမှ သံလက်သီးနှင့် ထိုးသွားသည့်ကိစ္စနှင့် ပတ်သက်ပြီး ရဲစခန်းထံ သွားရောက်အမှုဖွင့် တိုင်ကြားရာမှစပြီး၊ ယခုလို ပြန်လည်တရားစွဲခံရခြင်း ဖြစ်ပါသည်။

**အစသို့**

---

## မိတ္ထီလာ အမှတ် (၁) ရဲစခန်း၌ ချုပ်နှောင်ထားသည့် အကျဉ်းသား တဦး သေဆုံး

*၂၊ဩဂုတ်၊၂၀၀၇*

မန္တလေးတိုင်မိတ္ထီလာမြို့နယ်အမှတ် (၁) ရဲစခန်းတွင်ချုပ်နှောင်ထားစဉ်အတွင်း အကျဉ်းသား ကိုကျော်ဌေး သေဆုံးသွားခဲ့သည်ဟု သိရှိရပါသည်။ ယခုလို သေဆုံးရခြင်းသည် ရဲစခန်းတွင် နှိပ်စက်ညှဉ်းပမ်းသည့် ဒဏ်ရာများကြောင့်ဖြစ်သည်ဟု ၄င်း၏ မိသားစုမှ ပြောပါသည်။ မန္တလေးတိုင်း မိတ္ထီလာမြို့နယ်အမှတ် (၁) ရဲစခန်းတွင် ချုပ်နှောင်ထားစဉ်အတွင်း အကျဉ်းသား ကိုကျော်ဌေး သေဆုံးခဲ့ခြင်းကို ကာယကံရှင်မိသားစုများမှ ရဲစခန်းတွင် နှိပ်စက်ညှဉ်းပမ်းသည့် ဒဏ်ရာများနှင့် သေဆုံးရသည်ဟု အခိုင်အမာ စွပ်စွဲပြောကြားလိုက်ပါသည်။ ဖြစ်ပွားပုံမှာ မိတ္ထီလာမြို့နယ်တွင် မိခင်နှင့်အတူနေထိုင်သည့် ကိုကျော်ဌေး (၃၆) နှစ်အား ရဲမှ ဇူလိုင်လ (၂၇) ရက်နေ့ည (၁၁) နာရီခန့်တွင် အိမ်မှ ရဲတပ်သား မှတ်ကြီး အပါအဝင် (၁၀) ယောက်မှ လာရောက်ခေါ်ဆောင်သွားပြီး လမ်းတလျှောက်လုံး ရိုက်နှက်သွားခြင်းကြောင့် ၄င်းမှ တားခဲ့သေးသည်ဟု ကိုကျော်ဌေး၏မိခင်ဒေါ်ငွေမှ ပြောပါသည်။

"ရဲစခန်းက လာပြီးတော့ ဖမ်းသွားတာ။ ဒါ ကျော်ဌေးပဲဆိုပြီးတော့ လက်ထဲကို အပ်လိုက်တယ်။ အပ်တဲ့အခါကျတော့ ရိုက်တယ် ကျော်ဌေးကို ရဲက ရိုက်တာ၊ ရိုက်တော့ မရိုက်ပါနဲ့လို့ သူ့အပြစ်သူသွားလိမ့်မပေ့ါလို့ လမ်းကျလဲ ရိုက်သွားတာ တလမ်းလုံးပဲ။ ကျုပ်က အဲဒီကျတော့ ခင်ဗျားတို့ ရိုက်စရာမလိုဘူးလို့ "

ကိုကျော်ဌေးကို စတင်ခေါ်ဆောင်သွားသည့် ညက အမှတ် (၂) ရဲစခန်းကို ခေါ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ ၄င်းနောက် ညတွင်းချင်း အမှတ် (၁) ရဲစခန်းကို လွှဲပြောင်းပေးခြင်းဖြစ်ပြီး (၂၉) ရက်နေ့၊ နေ့ခင်းပိုင်းတွင် သေဆုံးခဲ့ခြင်း ဖြစ်ပါသည်။

"ည (၈) နာရီ သဂြိုလ်မယ်တဲ့ ကျုပ်က သဂြိုလ်မခံနိုင်ဘူး။ ကျုပ်မွေးထားတာလို့ ခင်ဗျားတို့ ရိုက်သတ်ပစ်တာမဟုတ်လားလို့ ပြောတယ်။ မဟုတ်ပါဘူးတဲ့ ကိုကျော်ဌေးကို မစစ်ရသေးပါဘူးတဲ့။ သူတို့လိမ်တာ။"

ကိုကျော်ဌေးသည် သူတပါး၏မော်တော်ဆိုင်ကယ်ကို ယူဆောင်မှုသံသယနှင့် အဖမ်းဆီးခံရခြင်းဟု စုံစမ်းသိရှိရပါသည်။ ကိုကျော်ဌေးသည် သူတပါး၏ မော်တော်ဆိုင်ကယ်ကို ယူဆောင်မှုနှင့် လာရောက် ဖမ်းဆီးခံရသည်ဟု စုံစမ်းသိရှိရပါသည်။ ကိုဌေး၏ ဒဏ်ရာအခြေအနေများကိုမူ ညီမ မလှလင်းစိန်မှ ယခုလို ပြောပါသည်။

“လက်တွေမှာ ဒဏ်ရာတွေက လက်ထိပ်ရာတွေတွေ့ရတယ်။ ရင်ခွဲရုံထဲသွားတော့လေ ကျမကိုယ်တိုင် တွေ့ခဲ့ပါတယ်။ ဓါးဒဏ်ရာပေါ့။ ခွဲပြီးသွားအရာကြီးတွေလိုပဲ လက်ထိပ်ရာကြီးတွေက အကြီးကြီးတွေ လက်ထဲမှာလဲ ဒဏ်ရာတွေအများကြီးနဲ့ ကျမတို့ ဓါတ်ပုံရိုက်ထားပါတယ်။ ဆီးဖုံးမှာလဲ ညိုညိုလေး ကျမ သူတို့ကို ပြခဲ့ပါတယ်။ ကျမတို့ မြေမြှုပ်ထားပါတယ်။ ဖော်ကြည့်လို့ရပါတယ်။”

ကိုကျော်ဌေးသည် ဆီးအိမ်ကွဲပြီးသေတယ်ရသည်ဟု ယူဆရကြောင်းနှင့် နံရိုးများ၊ လက်ကောက်ဝတ်များတွင် ဒဏ်ရာဗလပွရခဲ့သည့်အကြောင်း ပြောပြသွားခြင်းပါ။ ကိုကျော်ဌေးသည် သူ့အမှုတွဲနှစ်ဦးနှင့်အတူ အမှတ် (၁) အချုပ်တွင် ထားရှိစဉ် သေဆုံးခဲ့ရခြင်းဖြစ်ပါသည်။ ၎င်းတို့ သုံးဦးနှင့်အတူ အခြားအကျဉ်းသား (၁၆) ဦးလဲ ၎င်းအချုပ်မှာ ရှိနေခြင်းပါ။ သေဆုံးမည့် နေ့မတိုင်ခင်ကလည်း ကိုကျော်ဌေး၏ သူငယ်ချင်း ကိုကျော်စိုး ကိုလဲ ရဲတပ်သားမှတ်ကြီးမှ ကိုကျော်ဌေးကို သတ်မည့်အကြောင်း ကြိုတင်ခြိမ်းချောက်ခဲ့သေးသည်ဟု မိသားစုဝင်များမှပြောပါသည်။ ထို့အပြင် သေဆုံးသည် အချိန်မတိုင်ခင်ကလေးခင် နှစ်နာရီခန့်တွင် အချုပ်ကို သွားရောက်တွေ့ဆုံသည့် ကိုကျော်ဌေး သူငယ်ချင်းနှစ်ဦးမှ အချုပ်ခန်းတွင်းမှ အား ဆိုတဲ့အသံကြားရပြီး ၎င်းတို့ကို ကိုကျော်ဌေးနှင့် အာဏာပိုင်များမှ တွေ့ခွင့်မပေးခဲ့ပါ။ ကိုကျော်ဌေးအား ရဲမှခေါ်သွားပြီးကတည်းက သေသည့်အထိ မိသားစုဝင်များမှ တခါမှ တွေ့ခွင့်မရသည့်အပြင် ကိုကျော်ဌေးသေသည်မှာ နေ့ခင်း (၃) နာရီလောက်ကတည်းကဟု ရပ်ကွက်တွင်သတင်း ပျံ့နေပေသော်လည်း ၎င်းတို့မိသားစုကို (၅) နာရီကျော်မှ စခန်းမက လာအကြောင်းကြားသည်ဟု မိခင်ဒေါ်ငွေမှ ပြောပါသည်။ တာဝန်ရှိသူများမှ ထိုညတွင်လည်းမိသားစုဝင်များအား အလောင်း တွေ့ခွင့်မပေးဘဲ ညတွင်းချင်း အသုဘချမယ်ဆိုခြင်းကြောင့် တားမြစ်ပြီး ဓါတ်ပုံရိုက်ယူပြီး နောက်တနေ့ကျမှ အသုဘချခဲ့သည်ဟုပြောပါသည်။ ကိုကျော်ဌေးသည် မြေတူးသည့်အလုပ်ကို လုပ်ကိုင်ခြင်းကြောင့် အလွန်ကျန်းမာသူဖြစ်သည်ဟု မိသားစုဝင်များမှပြောပါသည်။ ၎င်းတို့အနေနှင့် ပညာမတတ်ခြင်းကြောင့် ဘာလုပ်ရမှန်းမသိသေးသလို ခုချိန်ထိ တရားဝင် ဆေးစစ်ချက်၊ ရဲစခန်းမှာ အမှုဖွင့်တဲ့ကိစ္စများမည်သို့မျှ နားမလည်ကြောင်း ၎င်းတို့မှ ပြောပါသည်။ ကိုကျော်ဌေး သေဆုံးမှုနဲ့ပတ်သက်၍ မိတ္ထီလာအမှတ် (၁) ရဲစခန်းကို အကြိမ်ကြိမ် ဆက်သွယ်ခဲ့သော်လည်း တာဝန်ခံဖြေဆိုမည့် စခန်းမှူး အပြင်သွားနေသည်ဟု ပြန်ကြားပါသည်။ ယခုနေပြည်တော်မှ ရဲအဖွဲ့ ခရီးကြုံတခြားကိစ္စ တခုအတွက်ရောက်ရှိနေပြီး စစ်ဆေးနေသည်ဟု မိသားစုဝင်များမှပြောပါသည်။ ယခုလိုစစ်ဆေးနေစဉ်တွင် အချုပ်ခန်းထဲတွင်ရှိတဲ့ ကိုကျော်ဌေး၏ အမှုတွဲနှစ်ဦးကို ဒီအချုပ်ခန်းထဲတွင်ထားခြင်းမရှိဘဲကျန်လူ (၁၆) ဦးမှ ကိုကျော်ဌေးဟာ နံရံကို ခေါင်းနဲ့ဆောင့် တယ်လို့ ထွက်ချက်ပေးသည်ဟုစုံစမ်းသိရှိရပါသည်။ ဆေးစစ်ချက်နှင့် ပတ်သက်၍ မိတ္ထီလာဆေးရုံကို ဆက်သွယ်မေးမြန်းရာမှာ တာဝန်ကျ ဆရာဝန်တဦးက ဖြေဆိုခွင့်မရှိသည့်အကြောင်း တုံ့ပြန်ပါသည်။

“ကျနော်တို့ ဆေးစာထုတ်ပေးတယ်ခင်ဗျ။ ဆေးစာကနေမှ တရားရုံးကို ပေးတာခင် ဗျ။ ဒီအတိုင်း ပြောခွင့်မရှိပါဘူးခင်ဗျ။”

ဆရာဝန်စစ်ချက်နှင့်ပတ်သက်၍ ဆရာဝန်ဖတ်ပြသည့် စစ်ချက်ကို ကိုကျော်ဌေး၏ ညီမ မလှလင်းစိန်မှ ယခုလို ပြောပါသည်။

“အသဲလဲရောင်တယ်။ နှလုံးလေဟပ်တယ်လို့ ပြောပြီးတော့ နှလုံးရောဂါနဲ့ ဆုံးသွားပါတယ်လို့ ကျမတို့ ဖတ်ပြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုကျော်ဌေးရဲ့မိခင်ကတော့ သူ့သားအလောင်းကို မီးမရှို့ဘဲ မြေမြှုပ်ခဲ့ကြောင်း၊ ဒီကိစ္စကို အမှုမှန်ပေါ်တဲ့အထိ ဆက်လက်ကြိုးပမ်းသွားမည်ဟု ပြောပြပါသည်။

**အစသို့**

---

## မေဒေးနေ့ အဖမ်းခံရသူ (၆) ရှေ့နေများ ရှေ့နေပါဝါကို ပြန်လည်ရုပ်သိမ်း

*၃ ၊ ဩဂုတ် ၊ ၂၀၀၇*

အင်းစိန်ထောင် အထူးတရားရုံးမှာ ကြားနာစစ်ဆေးနေတဲ့ ကိုသူရိန်အောင်တို့ (၆) ဦးရဲ့ အမှုကို လိုက်ပါဆောင်ရွက်ပေးနေတဲ့ ရန်ကုန် တရားရုံးချုပ် ရှေ့နေ ဦးအောင်သိန်းနဲ့ ဦးခင်မောင်ရှိန်တို့ (၂) ဦးက ဒီကနေ့ သူတို့ရဲ့ ရှေ့နေပါဝါတွေ ပြန်လည်ရုပ်သိမ်းခဲ့ကြတယ်လို့ သိရပါတယ်။ အမှုစစ်ဖို့သွားစဉ် အင်းစိန်ထောင် အာဏာပိုင်တွေရဲ့ တင်းကြပ်တဲ့ စစ်ဆေးမှုတွေအပေါ် မကျေနပ်တဲ့အတွက် အခုလို ရှေ့နေပါဝါ ရုပ်သိမ်းခဲ့ကြတာလို့ ကိုသူရိန်အောင်ရဲ့ အစ်မဖြစ်သူ မစန္ဒာအောင်က အခုလိုပြောပြပါတယ်။

“သူတို့က အစ်မရယ် တခြား အမှုလာစစ်တဲ့ ရှေ့နေတွေကျမစစ်ဘူးပေါ့နော်။ ဘာမှမစစ်ပဲနဲ့ အဲဒီ သူရိအောင်တို့အဖွဲ့ လာစစ်တဲ့ရှေ့နေတွေကျတော့လေ သူတို့က ဟိုဟာလုပ်တယ်။ ခေါင်းပေါင်းတွေလဲစစ်တယ်။ ဝတ်ရုံတွေလဲ ခါကြည့်တယ်။ ပိုက်ဆံအိတ်တွေလဲ ရှာတယ်။ အိတ်တွေလဲ ရှာတယ်။ အဲဒါတွေ ရှေ့နေတွေက သူတို့သိက္ခာ ထိခိုက်တယ်ပေါ့လေ။ တရားခွင်မှာ အကျိတ်အနယ် ပြောရင်လဲတဲ့ ပြဿနာဖြစ်မှာစိုးလို့ပေါ့လေ။ သူတို့ တရားရုံးမှာ ပြဿနာဖြစ်မှာ စိုးလို့ဆိုပြီး သူတို့က ရှေ့နေ

ဦးအောင်သိန်းကပေါ့နော်။ ရှေ့နေ ပါဝါကို ရုပ်သိမ်းခဲ့တယ်တဲ့။ အယူခံဝင်တဲ့အခါကျရင်တဲ့ ဆက်ပြီး ပြန်လိုက်ပေးပါ့မယ်တဲ့ စိတ်မပူပါနဲ့ပေါ့နော်။ ကျမတို့လဲ စိတ်ရဆကာသအားဘတ်မကျနဲ့လို့ အားပေးသွားတယ်။ မိသားစုတွေ အကုန်လုံးကိုပေါ့လေ။”

ကိုသူရိန်အောင်ရဲ့ အစ်မ မစန္ဒာအောင် ပြောပြသွားတာပါ။ ဒီအမှုကို ဒီကနေ့ တရားလိုဖြစ်သူတွေကိုပဲ ဆက်လက်စစ်ဆေးခဲ့ပြီး ကိုသူရိန်အောင်တို့ဘက်က ရှေ့နေမပါဘဲ လာမဲ့ တနင်္လာနေ့မှာ ဆက်လက် စစ်ဆေးသွားမယ်လို့လဲ မစန္ဒာအောင်က ပြောပြပါတယ်။ ကိုသူရိန်အောင်တို့ အမှုတွဲကို အများမြင်သာတဲ့ တရားရုံးမှာ စစ်ဆေးဖို့ မနေ့ကဘဲ အကျိုးဆောင်ရှေ့နေတွေက တရားရုံးထံ တင်ပြတောင်းဆိုခဲ့ပါတယ်။ ဒီကိစ္စကိုလဲ ဒီကနေ့ တရားရုံးက ပယ်ချလိုက်တယ်လို့ မစန္ဒာအောင်က ပြောပြပါတယ်။ ကိုသူရိန်အောင်၊ ကိုဝေလင်း၊ ကိုညီညီဇော်၊ ကိုကျော်ကျော်၊ ကိုကျော်မင်းနဲ့ ကိုမျိုးမင်းတို့ဟာ ပြီးခဲ့တဲ့ မေလ (၁) ရက်နေ့က အမေရိကန်စင်တာမှာပြုလုပ်တဲ့ အလုပ်သမားနေ့ အခမ်းအနားက အပြန်မှာ ဖမ်းဆီးခံရတာ ဖြစ်ပါတယ်။ အဲဒီနောက် နိုင်ငံတော်ကို အကြည်ညိုပျက်စေတဲ့ ပုဒ်မ (၁၂၄–က) အပါအဝင် ပုဒ်မ (၄) မျိုးနဲ့ အာဏာပိုင်တွေက တရားစွဲပြီး အင်းစိန်ထောင် အထူးတရားရုံးမှာ စစ်ဆေးနေရတာဖြစ်ပါတယ်။

**အစသို့**

---

## ရဲတပ်ဖွဲ့၏ ရိုက်နှက်မှုကြောင့် မူဆယ် အချုပ်ခန်းတွင် အချုပ်သားတဦး သေဆုံး

*၄၊ ဩဂုတ်၊ ၂၀၀၇*

ရဲတပ်ဖွဲ့များ၏ ရိုက်နှက်မှုကြောင့် ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်မြို့ ရဲအချုပ်ခန်းထဲတွင် အချုပ်သားတဦး သေဆုံးခဲ့ရပြန်ပါသည်။ သေဆုံးသွားခဲ့သူမှာ မူဆယ်တဖက်ကမ်း ကျယ်ဂေါင် ကားကြီးဝင်းအတွင်း ထမင်းဆိုင်ဖွင့်ထားသည့် ကိုမောင်မြင့်၊ အသက် (၃၈) နှစ်ဆိုသူဖြစ်ပါ သည်။ ကိုမောင်မြင့်ကို ယခုလ (၁) ရက်နေ့တွင် နယ်စပ်မှ ခိုးဝင်မှုနှင့် မူဆယ်ရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။ ဖမ်းဆီးထားပြီး (၂) ရက်အကြာတွင် ယခုလ (၃) ရက်နေ့မှာပင် ကိုမောင်မြင့် သေဆုံးခဲ့ရခြင်းပါ။ ကိုမောင်မြင့် သေဆုံးခဲ့ရခြင်းနှင့် ပတ်သက်၍မျက်မြင်ဒေသခံတဦးမှ ယခုလို ပြောပါသည်။

“ဦးမောင်မြင့်က ကျယ်ဂေါင် ကားကြီးဝင်းမှာ ထမင်းဆိုင်ဖွင့်ပါတယ်။ သူက ညပိုင်းဆိုရင် ပြန်တယ် ဗမာပြည်ဖက် ပြန်ကူးတာ သူက အဲဒီနေ့ညမှာတော့ သူက ပြန်ကူးတဲ့အခါမှာ ညကလဲ နည်းနည်းမိုးချုပ်တော့ ဂိတ်တွေလဲ ပိတ်တော့ သူခိုးပေါက်ကနေ ခြံစည်းရိုးကျော်ပြီးတော့ ဝင်တာ အဲဒီမှာ ရဲက မိသွားလိုက်တော့ ရဲကမိသွားပြီးတော့ ပိုက်ဆံတောင်းတာပေါ့။ ပိုက်ဆံ ငွေတသောင်းသုံးထောင်ကြီးဆိုတော့ သူလဲမပေးနိုင်ဘူး။ စားစရာမရှိလို့ ထမင်းဆိုင်လေး ဖွင့်စားရပါတယ်ဆိုမှ ငွေ တသောင်းသုံးထောင် တောင်းတဲ့အခါကျတော့ ရဲစခန်းခေါ်သွားပြီးတော့ ရဲတွေက စစ်ရော စစ်ကျရော စစ်ကျတဲ့ အခါကျတော့ စစ်ရင်းနဲ့ လက်လွန်သွားတယ် ထင်ပါတယ်။ အဲဒါနဲ့ သုံးရက်နေ့လောက်ကျမှ အဲဒီအခါကျမှ သူ့မိန်းမ မဌေးဌေးကို လာပြောတော့ မင်းယောကျ်ား သေသွားပြီ ဆေးရုံမှာ ဆိုတော့။ အဲဒီအခါကျတော့ လာပြောတဲ့အခါမှ သူ့မိန်းမ သွားကြည့်တယ်။ သွားကြည့်တဲ့အခါကျတော့ အဲဒီသေသွားတဲ့ သူ့ယောကျ်ား ဦးမောင်မြင့် နားရွက်တွေလဲ စုပ်လို့ လည်ပင်းတွေလဲ လက်ဝါး ဒဏ်ရာတွေနဲ့ သေထားတာကို တွေ့ရတယ်။ အဲဒီမှာ တွေ့ထားတာနဲ့ သူက ဒီနေ့မှ အသုဘချတာပေါ့။ ဒီနေ့ ချလိုက်တာပေါ့။”

မျက်မြင်ဒေသခံတဦးပြောခဲ့ခြင်းပါ။ ယခုလို ကိုမောင်မြင့် ဒဏ်ရာများနှင့် အချုပ်ခန်းထဲတွင် သေဆုံးခဲ့ခြင်းနှင့်ပတ်သက်၍ မူဆယ်မြို့နယ်ရဲစခန်းကို ဆက်သွယ်မေးမြန်းခဲ့သော်လည်းအဆက်အသွယ်မရခဲ့ပါ။ သေဆုံးသွားခဲ့သည့် ကိုမောင်မြင့်သည် ပအို့ဝ်လူမျိုးဖြစ်ပြီး မူ ဆယ်မြို့ ကောင်းမှုတုံ ရပ်ကွက်တွင် နေထိုင်သူဖြစ်ပါသည်။ သူသေဆုံးစဉ် ဇနီးသည် ဒေါ် ဌေးဌေးညွန့်နဲ့အတူ အသက် (၁၀) နှစ်အရွယ် သမီးကြီး မေပြည့်စုံနှင့် အသက် (၈) နှစ်သမီး ငယ် ယမင်းအေးတို့ ကျန်ရစ်ခဲ့ပါသည်။ ဇူလိုင်လ (၂၉) ရက်နေ့ကလည်း မန္တလေးတိုင်း၊ မိတ္ထီလာမြို့နယ်၊ အမှတ် (၁) ရဲစခန်းမှာ ချုပ်နှောင်ခံထားရတဲ့ ကိုကျော်ဌေး ဒဏ်ရာဒဏ်ချက်များနှင့် သေဆုံးခဲ့သည့် အမှုဖြစ်ပြီး ရက်ပိုင်းအတွင်းတွင် ယခုလို အလားတူ အချုပ်သား သေဆုံးမှု ထပ်မံပေါ်ပေါက်ခဲ့ခြင်းလည်း ဖြစ်ပါသည်။ အခုထိတော့ ဒီလိုအချုပ်သား သေဆုံးမှုတွေနှင့် ပတ်သက်၍တစုံတရာ အစိုးရဖက်မှ အရေးယူဆောင်ရွက်ခြင်းမျိုး မတွေ့ရသေးပါ။

**အစသို့**

---

## မေဒေးနေ့က အဖမ်းခံသူ (၆) ဦး ရှေ့နေမပါဘဲ အင်းစိန်ထောင် တရားရုံးတွင် စစ်ဆေး

*၆၊ ဩဂုတ်၊ ၂၀၀၇*

မေအေးနေ့ကတည်းက အဖမ်းဆီးခံနေရသည့် ကိုသူရိန်အောင် အပါအဝင် (၆) ဦး၏ အမှုကို အကျိုးဆောင်ရှေ့နေများအား ပါဝါ ရုပ်သိမ်းပြီးနောက်၊ ယနေ့မှာလည်း အင်းစိန်ထောင် တရားရုံးတွင်သည် ၏အမှုကို စစ်ဆေးခဲ့ပြီး၊ အကျိုးဆောင် ရှေ့နေအများ မပါဝင်ခြင်းကြောင့် တရားခံများကိုယ်တိုင်ပင် ခက်ခက်ခဲခဲ ခုခံလျှောက်လဲနေကြရသည်ဟု သိရပါသည်။ ကိုသူရိန်အောင်၊ ကိုကျော်မင်း၊ ကိုညီညီဇော်၊ ကိုဝေလင်း၊ ကိုကျော်ကျော်နဲ့ ကိုမျိုးမင်းတို့ (၆) ဦးကို ထောင်တသက်တကျွန်း ချနိုင်သည့် ပုဒ်မ အပါအဝင် အမှု (၄) ခုနှင့် စွဲဆိုထားခြင်းဟု သိရပါသည်။ သို့သော် ယနေ့ အကျိုးဆောင် ရှေ့နေများ မပါရှိဘဲ ထောင်တွင်းတရားရုံးတွင်သည် တံခါးပိတ် စစ်ဆေးခဲ့ခြင်းမို့ နစ်နာရသည့်အကြောင်းကို ကိုသူရိန်အောင်၏ အစ်မ မစန္ဒာအောင်မှ ယခုလို ပြောပြပါသည်။

"ရှေ့နေမပါဘဲ တရားခွင်မှာ သူတို့စစ်တယ်။ တရားခံနဲ့ တရားသူကြီးနဲ့ ရှေ့နေနဲ့ သူတို့ အပြိုင်ပြောကြတယ်တဲ့။ အဲလိုပဲပြောတယ်။ သွားကျွေးတဲ့အခါမှာ မောင်လေးက အဲလို ပြောပြတာပေါ့နော်။ မိသားစုဝင်တွေအနေနဲ့ ကျမတို့ဘာသာ ကျမတို့ စုံစမ်းပြီးတော့ လာရတယ်။ အခုလိုမျိုးလဲ တွေ့ချင်တာတောင်မှ အတင်းအဓမ္မ ပြောပြီးတော့မှ ဝင်လို့ရတာ။ ကိုယ်ပြောချင်တဲ့ စကားလဲ ပြောလို့မရဘူး။ ပြောမယ်ဆိုရင် ဘေးနားမှာ အကုန်နားထောင်နေတာ။ မိသားစု အိမ်တွင်းရေးတောင် ပြောလို့မရဘူး။"

ရှေ့နေများ အဆိုအရ ရန်ကုန်အနောက်ပိုင် ခရိုင်တရားရုံးတွင် စစ်ရမည့် အမှုကို အင်းစိန်ထောင်တွင် တရားခံရှေ့နေများ မပါဘဲ စစ်ဆေးခဲ့သည့်အပြင်၊ မိသားစုများပါ ဝင်ရောက်နားထောင်ခွင့်မရတာမို့ အလွန်နစ်နာနေရသည်ဟု ယခုလို ပြောပြပါသည်။

"အမှန်ဆိုရင် မိသားစုဝင်တွေအနေနဲ့ တရားခွင် သွားပိုင်ခွင့်၊ နားထောင်ခွင့် ရှိရမယ်။ အရင်ပေါ့၊ ဘဘဦးအောင်သိန်းတို့ ရှေ့နေတွေတောင်းလို့ ကျမတို့ အခုလို ဝင်ခွင့်ရတာ။ သူတို့တွေသာ မလိုက်ဘူးဆိုရင် မိသားစုဝင်တွေနဲ့လဲ ဘယ်တော့မှ တွေ့ခွင့်ရမှာမဟုတ်ဘူး။ အချုပ် သွားတွေ့ပြန်တော့လဲ ပိတ်ထားတယ်။ ညှော်တွေ့ခွင့်မရဘူး။ ပါဆယ်ပို့တော့လဲ ပို့လို့မရဘူး။"

အကျိုးဆောင် ရှေ့နေကြီး ဦးအောင်သိန်းနှင့် ဦးခင်မောင်ရှိန်တို့အား အင်းစိန်ထောင် လုံခြုံရေးမှ ရှေ့နေများ၏ဂုဏ်သိက္ခာ ထိပါးသည်အထိ စစ်ဆေးခဲ့ခြင်းကြောင့် ရှေ့နေပါဝါကို ပြန်ရုပ်သိမ်းခဲ့ရခြင်းဖြစ်ပါသည်။ ၎င်းကိစ္စကို တရားရုံးချုပ် ရှေ့နေ ဦးအောင်သိန်းမှ အခုလို ပြောပြပါသည်။

"ဒီတရားရုံးတွေ သွားတယ်ဆိုရင် ကိုယ်ရှေ့နေဖြစ်ကြောင်း ကိုယ့်ကဒ်ပြပြီးရင် ကိုယ်ဝင်လို့ရတယ်ပေါ့နော်။ အဲဒီလို သွားနေတဲ့ ရှေ့နေတယောက်ကို ကျနော်တို့ကို ထူးထူးခြားခြားပေါ့ဗျာ။ ပိုက်စိပ်တိုက် ရှာတဲ့ပုံစံမျိုးနဲ့ ရှာတဲ့အတွက် တရက်လဲမဟုတ်၊ နှစ်ရက်လဲမဟုတ်၊ လေးရက်မြောက်တဲ့နေ့ကျ ကျနော်တို့ဘက်က ဒီဟာဟာဖြင့် မသင့်လျှော်တော့ဘူးပေါ့နော်။ ဒါကြောင့် ကျနော်တို့က ရှေ့နေပါဝါ ရုပ်သိမ်းလိုက်တာပါ။"

အခြား ထောင်တွင်းကိုဝင်သည့် ရှေ့နေတိုင်းကို ယခုလို စစ်ဆေးတာပဲ မဟုတ်ဘူးလားလို့ မေးမြန်းတဲ့အခါ – –

"အဲဒီနေ့က ကျနော်တို့နဲ့ အတူ မူးယစ်ဆေးဝါး လာစစ်နေတဲ့ ရှေ့နေ ရှိပါတယ်ဗျာ။ ကျနော်တို့နဲ့ မိတ်ဆွေပါပဲ။ သူ့ကျတော့ ဘာမှ ရှာဖွေ စစ်မေးခြင်း မရှိဘူး။ သူ့ကျတော့ မရှိဘဲနဲ့ ကျနော်တို့ အထူးတလည်ရှာတယ်ဗျ။ သူ့မစစ်ဘူးဆိုတာ သူကိုယ်တိုင်ကလဲ ပြောတယ်။ ကျနော်တို့ကျမှ သဲကြီးမဲကြီး ပစ္စည်းပစ္စယတွေ ရှာတယ်ဖွေခြင်း ခံရတယ်ဆိုတာလဲ ကျနော်တို့က အမှုစစ်ပြီး ပါဝါရုပ်သိမ်းတဲ့နောက်မှ သိရတဲ့အချက်ပေါ့နော်။"

"ဘာပဲဖြစ်ဖြစ် ဦးအောင်သိန်းတို့ဘက်က အဲဒီလို ရုပ်သိမ်းပြီး အမှုမလိုက်ဘဲ နေတဲ့အတွက် အမှုသည် (၆) ဦးဟာ ပိုမိုနစ်နာမနေဘူးလား။ တခြားနည်းလမ်းတွေ မရှိတော့ဘူးလား၊ မေးမြန်းရာမှာ အခုလို ဖြေဆိုသွားခဲ့ပါသည်။

"ကျနော်တို့ အခု တရားခံတွေကိုလဲ ရှင်းပြတယ်။ သူတို့ သိရှိတယ် သဘောတူတယ် ဆိုတဲ့အကြောင်းကိုလဲ ကျနော်တို့ရဲ့ ရုပ်သိမ်းလွှာမှာ ထည့်ရေးတယ်။ တရားရုံးတင်တာပဲနော။ အဲတော့ အဲဒီရုံး ပြန်လာတော့လဲ ကျနော်တို့ သူ့မိသားစုကိုလဲ ရှင်းပြတယ်။ သူ့မိသားစုကလဲ လက်ခံတယ်။ ကျနော်တို့ဘက်ကလဲ သီးခံတဲ့ အတိုင်းအတာအထိ သီးခံပြီး တရားရုံးကို ထဲထဲဝင်ဝင်၊ ဝင်နိုင်ဖို့အတွက် စစ်ပါတယ်။ ဒီ တရားခံတွေ ရုံးထုတ်မယ်ဆိုတဲ့နေ့ကို တရားခံ မိသားစုတွေကိုလဲ သူတို့ အကြောင်းကြားတာ မဟုတ်ဘူးနော။ အသံကြားတယ်။ သွားနေတယ်။ ဗုံးဝကနေ မထုတ်ဘူး ဘာမှမရှိဘူးဆို ပြန်လာလိုက်၊ မိသားစုတွေနဲ့ ကျနော်တို့ ရှေ့နေတွေက အဲလိုပဲ သွားခဲ့တဲ့လူတွေပါ။ ရုံးထုတ်မယ်လို့ ထောင်ဝင်စာကလူတွေ ပြောနေသံကြားတယ်။ (၂၀) ရက်နေ့က ထုတ်သွားပြီးပြီ၊ အမှုစတင်တယ်။ တနင်္လာနေ့ ဆက်စစ်မယ်ကြားတယ်။ ဘာညာဆိုတော့ ကျနော်တို့မှာ ရှိတဲ့အမှုတွေထားပြီး ပြေးလိုက်သွားရတာပါ။ ဟိုကျတော့ ဘယ်လိုလုပ်သိလဲ ဘာညာဆိုပြီးတော့ ဂိတ်ပေါက်က ဝင်ခွင့်ပေးတဲ့လူတွေ ပြောတယ်ဆိုတယ်ပေါ့နော်။ မိသားစုတွေကလဲ ကျနော်တို့နဲ့အတူ လိုက်လာပြီးတော့ အဲဒီ တရားရုံးနားအထိ ရောက်လာတာ သူတို့ မကျေနပ်ဘူး ထင်ပါရဲ့ဗျာ။ ဒါပေမဲ့ ဒီ တရားခံတွေနဲ့ ပတ်သက်ပြီး လက်ဆွဲနှုတ်ဆက်ပြီး ကျနော်တို့ ပြောခဲ့တာတော့ရှိပါတယ်။ အမိန့်ချမှတ်ပြီးတော့ အထက်ရုံးအဆင့်ဆင့် တက်မယ်ဆိုရင်လဲ ကျနော်တို့ ဆက်လက် ဆောင်ရွက်ပေးဖို့ ကျနော်တို့ဘက်က အစီအစဉ် ရှိပါတယ်။"

**အစသို့**

## ပေးထားသည့်စရံငွေ ပြန်တောင်းမိသည့် ကျောင်းသားတဦး ဝတ္တရားနှောင့်ယှက်မှုဖြင့် တရားစွဲခံရ

*၈ ၊ ဩဂုတ် ၊ ၂၀၀၇*

မှတ်ပုံတင်အတွက် ပေးထားသည်စရံငွေကို အပြည့်ပြန်ပေးရန် တောင်းဆိုမိသည် ပဲခူးကောလိပ်မှ ကျောင်းသားတဦး နယ်မြေခံအာဏာပိုင်များမှ ဝတ္တရားနှောင့်ယှက်မှုနှင့် တရားစွဲ ခံနေရပါသည်။ ပဲခူးမြို့ ရပ်ကွက်ကြီး (၈) နယ်မြေ (၉) မှာ အခုနှစ်ငါးလပိုင်းတုန်းမှ မှတ်ပုံတင် လုပ်ပေးသည်အခါ တဦးကိုငွေခုနှစ်ထောင် နှုန်းတောင်းခြင်းကြောင့် ပဲခူးကောလိပ်မှ သချိာ ဒုတိယနှစ်ကျောင်းသား ကိုညီညီထွန်းတို့အိမ်သားလေးဦးသည် ရပ်ကွက်ရယကရုံးတွင် စရံငွေ တဦးကို လေးထောင်နှုန်း ပေးခဲ့ပါသည်။ ဒီစရံငွေမှ အစပြု၍ တရားစွဲခံရသည့်အခြေအနေ ဖြစ်ပေါ်လာပုံကို ကိုညီညီထွန်း မှ ယခုလို ပြောပြပါသည်။

"ကျနော်တို့ ရပ်ကွက်တွေမှာ အစ်ကိုရာ မှတ်ပုံတင်လုပ်ပေးကြတယ် အစ်ကိုရာ။ တခြားရပ်ကွက်တွေကနေ မှတ်ပုံတင် ကြေးပေါ့နော် သုံးထောင်ပဲ ယူကြတယ်ပေါ့နော်။ ကျနော်တို့ ကောလိပ်ရပ်ကွက်မှာတော့ ရပ်ကွက်ကြီး (၈) မှာ (၇) ထောင် ယူတယ်အစ်ကိုရာ။ ဒါပေမဲ့ အဲဒီ (၇) ထောင်ကိုလဲ ကျနော်တို့က မပြောပါဘူး။ အဲဒီ (၇) ထောင်ကို ကျနော်တို့ မိသားစုက လေးယောက်သွားပြီးလုပ်ကြတယ်။ လုပ်တဲ့အခါမှာ ကျနော်တို့စရံငွေအဖြစ် (၄) ထောင်ကြိုပေးရမယ်ဆိုလို့ ကျနော်တို့ ပေးတယ်။ ကျနော်သွားမေးတဲ့ အခါကျ ရလားဆိုတော့ သူက ပြောတယ်သွေးနှောလို့မရဘူးပေါ့နော်။ ရုံးမှာ လုပ်ရမယ်ဆိုတာ့ ကဲ အဲဒါဆိုလဲ ကျနော့်ပိုက်ဆံ ပြန်ပေးပါလို့ သွားတောင်းတော့ တထောင်စီနှုတ်တယ် အစ်ကိုရာ။ ကျနော်က ဘာကြောင့်နှုတ်ရတာလဲလို့မေးတယ်။ အဲလို မေးရမလားဘာလားဆိုပြီး မင်းက လူစွာလာလုပ်တာလား ဘာလားဆိုပြီး အခု မြို့နယ်တရားရုံးမှာ တရားစွဲတယ် ဝတ္တရားနှောင့်ယှက်မှုနဲ့ ရယက စာရေးမကနေ တရားစွဲတာပါ။"

၄င်းတို့သည် မှတ်ပုံတင်အသစ်လုပ်ခြင်းမဟုတ်ဘဲ ပျောက်ဆုံးသွားသည့် မှတ်ပုံတင်အတွက် လျှောက်ခြင်းဖြစ်ပါသည်။ သူတို့ဘိုးဘွားအမည်တခုမှာ နိုင်ငံခြားသား မည်ဆန်ဆန် ပါဝင်ခြင်းကြောင့် ရပ်ကွက်ရုံးက တာဝန်မခံခြင်းဖြစ်ပါသည်။ မြို့နယ်လဝက ရုံးတွင် သွားလျှောက်သောအခါ လေးဦးကို သုံးသိန်းနီးပါးတောင်းသည့်အတွက် မလုပ်ခဲ့ဖူးဟုဆိုပါသည်။

"မှတ်ပုံတင်ပြန်လုပ်တယ်ဆိုတာ မှတ်ပုံတင် ပျောက်သွားလို့ပါ။ ကျနော်တို့ မိဘတွေလဲ နိုင်တွေနဲ့ပဲ ကျနော်တို့ အဘိုးအဘွားတွေလဲ နိုင်တွေ။ ထွက်ပြီးသား ကျနော်တို့လဲ နိုင်ထွက်ပြီးသားတွေပါ။ ကျနော်သူတို့ရုံးမှာ လုပ်လို့မရလို့ မြို့နယ် လဝက ရုံးကို သွားလုပ်တဲ့အခါကျတော့လဲ ကျနော့်ကို (၇) သောင်းတောင်းတယ်အစ်ကိုရာ တစောင်ကို အဲတော့ ကျနော်တို့မိသားစုအနေက အဲဒီလောက်ကြီး မတတ်နိုင်ဘူး အစ်ကိုရ။"

၄င်းနောက် ကိုညီညီထွန်းမှ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးထံ အသနားခံ တင်ပြသည့်အခါတွင် မယက အတွင်းရေးမှူးနှင့် ကျောင်းမော်ကွန်းထိန်းတို့မှ သူ့ကို စစ်ဆေးမေးမြန်းခဲ့ပြီးပါပြီ။ သို့သော် တလကျော်သည့်တိုင် ထူးခြားမှုခြင်းမရှိသေးပါ။ ယခုလို မစစ်ဆေးခင် မယက ဥက္ကဋ္ဌ ဦးတင်ဝင်းမှ ဇွန်လ (၁၆) ရက်နေ့တွင် ကိုညီညီထွန်းကို ခေါ်ယူပြီး တိုင်းမှူးဆီတင်သည့်စာကို ရုပ်သိမ်းပေးရန် နှင့်ညှိနှိုင်းသော်လည်း အဆင်မပြေခဲ့ပါ။

"ခေါ်ပြီး ညှိနှိုင်းတဲ့အချိန်မှာ ကျနော့်ကို ဘာပြောလဲဆိုတော့ မင်းတိုင်ထားတဲ့ တိုင်စာကို ပြန်ရုပ်သိမ်းပေးပါ။ ငါတို့ဘက်ကလဲ ဖွင့်ထားတဲ့ အမှုကို ပိတ်ပေးမယ်ပေါ့နော်။ ကျနော်တို့က မယက ဥက္ကဋ္ဌကြီးပေါ့။ ဒီ တိုင်စာဆိုတာ တိုင်ထားပြီး ပြန်ရုပ်သိမ်းလို့ရသလား။ ကျနော်မေးတယ်။ မေးတဲ့အခါကျတော့ ငါ့တာဝန်ထားတဲ့ မယက ဥက္ကဋ္ဌကြီးတာဝန်ယူရင် တာဝန်ယူကြောင်း လက်မှတ်ထိုးပေးပါဆိုတော့ သူက အဲဒါတော့မထိုးပေးနိုင်ဘူးလို့ ကျနော့်ကိုပြောတယ်။ မထိုးပေးနိုင်ရင်လဲ ကျနော့်ဘက်ကနေ မရုပ်သိမ်းပေးနိုင်ပါဘူးလို့ ပြောတယ်။ ပြောတဲ့အခါကျတော့ ကျနော့်ကို ဘာပြောလဲဆိုတော့ အစ်ကိုရာ မင်း ငါပြောတာမှ နားမထောင်ဘူးဆိုလို့ရှိရင် မင်းမိသားစုကို ဒုက္ခရောက်အောင် ငါလုပ်မယ်ပေါ့။ အဲဒီလိုနဲ့ ကျနော့်ကို ခြိမ်းခြောက်တယ် အစ်ကိုရာ။"

ယခုလို ခြိမ်းခြောက်အပြီး နောက်လေးငါးရက်အကြာမှာပင် လိုင်စင်နှင့်ဖွင့်လှစ်ထားသည့် ကိုညီညီထွန်းတို့ မိသားစု၏ ဗွီဒီယို အငှားဆိုင် ဝင်ရောက် ရှာဖွေခံခဲ့ရပါသည်။ ဒီအမှုကိစ္စနှင့်ပတ်သက်၍ ပဲခူးမယကရုံးကို ဆက်သွယ်မေးမြန်းဖို့ ကြိုးစားပေသောလလည်း မရခဲ့ပါ။ ကိုညီညီထွန်းသည် အပတ်စဉ်လိုလို အမှုရင်ဆိုင်နေရခြင်းကြောင့် ကျောင်းပျက်ရက်များ များနေပြီဖြစ်ပါသည် ။

**အစသို့**

---

## ရွှေမော်ဓော စိန်ဖူးတော် ပျောက်ဆုံးမှုဖြင့် ဖမ်းခံရသူ ဂေါပကတဦး အချုပ်တွင် သေဆုံး

*၉ ၊ ဩဂုတ် ၊ ၂၀၀၇*

ပြီးခဲ့သည့် ဇူလိုင်လ (၂၉) ရက်နေ့တွင် မန္တလေးတိုင်း မိတ္ထီလာခရိုင်၌ အချုပ်သားတဦး သေဆုံးခဲ့ပါသည်။ ၄င်းသေဆုံးမှု မတိုင်ခင် နှစ်ရက်ခန့်တွင်လည်း မိတ္ထီလာ ထောင်ဗူးဝ၌ အချုပ်သားတဦး သေဆုံးခဲ့သည်ဟုသိရပါသည်။ မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာမှ ရွှေမော်ဓောစေတီ၏ စိန်ဖူးတော် ငှက်မြတ်နား ပျောက်ဆုံးမှုတွင် မသင်္ကာမှုဖြင့် တရားစွဲခံထားရသူ ခုနှစ်ဦးအထဲမှ ဂေါပက အဖွဲ့ဝင် ဦးအုန်းကြိုင်သည် ပြီးခဲ့တဲ့လ (၂၇) ရက်နေ့တွင် သေဆုံးသွားသည်ဟု တရားရုံးနှင့် နီးစပ်သူတဦးမှ ပြောပါသည်။ လွန်ခဲ့တဲ့လ (၂၇) ရက်နေ့တွင် မလှိုင် ရဲအချုပ်မှ မိတ္ထီလာထောင်အချုပ်ကို ပို့စဉ် ထောင်ဗူးဝတွင် ပုံစံထိုင် စာရင်းသွင်းနေတုန်း ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင် (၅၈) နှစ် ထိုင်လျက်လဲကျ သေဆုံးခဲ့သည်ဟု ကျန်ခြောက်ဦးနှင့် အချုပ်သားအချို့မှ ပြောဆိုပါသည်။ စိန်ဖူးတော် ပျောက်ဆုံးမှုကို ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးအောင်သိန်းမှ ယခုနှစ် ဇန်နဝါရီ (၂၁) ရက်နေ့တွင် ရဲစခန်း၌ အမှုဖွင့် တိုင်ကြားခဲ့ခြင်းပါ။ ၄င်းနောက် မလှိုင်ရဲမှ ဦးအောင်သိန်းနှင့် ဦးအုန်းကြိုင်၊ ဦးကံချွန်၊ ဦးလူနီ၊ ဦးမောင်ဆယ်၊ ကိုအာကာရာဇာမင်းမင်း၊ ဦးအုန်းကြိုင်၏သမီး မခင်ငြိမ်းတို့ ခုနှစ်ဦးအား ရွှေမော်ဓောစေတီ စိန်ဖူးတော်ပျောက်ဆုံးမှု နှင့် ရဲမှ ဖမ်းဆီးခဲ့ပါသည်။ ၄င်းကို မလှိုင်အချုပ်တွင် စစ်ဆေးလိုက်၊ မိတ္ထီလာ အမှတ် (၁) ရဲစခန်းအချုပ်တွင် စစ်ဆေးလိုက် လုပ်ခဲ့ခြင်းပါ။ နှစ်လကြာ စစ်ဆေးစဉ် အခြားသူများနှင့်အတူ ဦးအုန်းကြိုင် ရိုက်နှက်ခံရပြီး အတော်လေး မကျန်းမမာ ဖြစ်ခဲ့ပါသည်။ ၄င်းနောက် (၅) လပိုင်း သုံးရက်နေ့တွင် ၄င်းတို့အား ရဲမှ မလှိုင်တရားရုံးတွင် ခိုးမှုနှင့် တရားစွဲခဲ့ပါသည်။ စုံစမ်းသိရှိချက်များအရ (၆) လကျော်ကြာ စစ်ဆေးမေးမြန်းခံရစဉ်အတွင်း ဦးအုန်းကြိုင်သည်မျက်နှာကို အဝတ်စည်းနှောင်ပြီး ရိုက်နှက်ခံရကြောင်းနှင့် လက်များကိုလဲ ပလာရာနဲ့ ညှပ်ပြီး စစ်ဆေးမေးမြန်းခြင်းများ လုပ်ခဲ့သည်ဟု ရဲစခန်းနှင့် နီးစပ်သည့် အသိုင်းအဝိုင်းမှတဆင့် စုံစမ်းသိရှိရပါသည်။ ၄င်းနောက် ကျန်းမာရေး ချွတ်ယွင်းလာသည့် ဦးအုန်းကြိုင်သည် အပြင်၌ ဆေးဝါးကုသခွင့် တောင်းခံခဲ့သော် လည်း မလှိုင်ရဲများမှ မိတ္ထီလာထောင်အချုပ်တွင် ဆေးဝါးကုသမှုကောင်းသည်ဟု ပြောပြီး ခွင့်မပေးခဲ့ပါ။ ယနေ့တွင် မိတ္ထီလာ ခရိုင်တရားရုံး၌ ကျန် (၆) ဦးအား ရုံးထုတ်ပြီးသည့်နောက် အရင်က စွဲဆိုထားသည့် ခိုးမှုအစား သမိုင်းဝင်စေတီကမှ ပစ္စည်းပျောက်သည့်အတွက် အပက (၃) အရေးကြီး အက်ဥပဒေနှင့် ပြောင်းလဲ စွဲဆိုလိုက်ပါသည်။ လာမည့် (၂၀) ရက်နေ့တွင် ရုံးချိန်း သတ်မှတ်ထားပါတယ်။ ယခု ပြောင်းလဲ စွဲဆိုလိုက်ခြင်းကြောင့်လည်း တရားခံများဘက်မှ ယခု ရင်ဆိုင်ရမည့် အမှုအတွက် ရှေ့နေခ ထပ်မံ ကုန်ကျခံရဖွယ် ရှိနေပါသည်။ သမိုင်းဝင် စေတီများတွင် ရဲမှ လုံခြုံရေး ယူပေးရမှာဖြစ်သော်လည်းယခုလို စိန်ဖူးတော် ပျောက်ဆုံးသည့်ကိစ္စတွင် ရဲရဲ့တာဝန် မကင်းခြင်းကြောင့် မပေါ်ပေါ်အောင် စစ်ဆေးခဲ့ခြင်းကြောင့်ဟု အမည်မဖော်လိုသူ တရားခံများနှင့် နီးစပ်သူမှ ပြောပါသည်။ ၄င်းအထဲမှ အချို့သည် နာကျင်မှုဒဏ်ကြောင့် အမှန်တကယ် မယူပါဘဲ နှင့် ယူမိပါကြောင်း လက်မှတ်ထိုးခဲ့မှု ရှိခဲ့ကြောင်းလည်း ၄င်းမှ ပြောပါသည်။ ဦးအုန်းကြိုင် သေဆုံးခဲ့ ပြီးပြီးချင်း မိတ္ထီလာကို နေပြည်တော်မှ စုံစမ်း စစ်ဆေးရေးအဖွဲ့များ လာရောက် စစ်ဆေးခဲ့ပါသည်။

**အစသို့**

---

## အိုင်အယ်လ်အိုဆီ တိုင်တန်းမှုနှင့် ဖမ်းခံရသူတဦး ခြေချုပ်ဖြင့် ပြန်လွှတ်မြောက်

*၁၀၊ ဩဂုတ် ၂၀၀၇*

ခမ်းကယောက် လုပ်အားပေးခိုင်းစေတနှင့်ပတ်သက်ပြီး အိုင်အယ်လ်အိုဆီ တိုင်တန်းမှုနှင့် ဖမ်းဆီး ခံရသူ ရမ်းဗြဲမြို့မှ ကိုသိန်းရွှေမောင်ကို ရမ်းဗြဲတရားရုံးမှ မနေ့ညနေပိုင်းတွင် ပြန်လွှတ် ပေးလိုက်ပါသည်။ တရားဝင် ပြန်လွှတ်ပေးခြင်းမဟုတ်ဘဲ တရားရုံးမှ ၄င်းကို ခြေချုပ်မှုနှင့် အမိန့်ချပြီး ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်သည် အဓမ္မလုပ်အားပေးခိုင်းမှုကို ဖော်ထုတ် ပေးနေသည့် မစုစုနွေးမှ ယခုလို ပြောပြပါသသည်။

“သိန်းရွှေမောင်ကို တဲ့ (၁၀) ရက် (၈) လ (၂၀၀၇) နှစ် သောကြာနေ့ ညနေ ငါးနာရီမှာ လွှတ်လိုက်ပြီတဲ့ ။ လွှတ်လိုက်တာဆိုလို့ ကျမ ကို သူ့ကို တရားဝင်လွှတ်လိုက်တာလားလို့ မေးတယ်။ သူက ခုနက ၅/၁(ခ) ခြေချုပ်မှု မြောက်တယ် ဆိုပြီးတော့ တနှစ် ခြေချုပ် ဒါပေမဲ့ ရဲစခန်းမှာ တပတ် တကြိမ် လာပြီးတော့ လက်မှတ် ထိုးရမယ်လို့ အမိန့် ချပြီးတော့ လွှတ်လိုက်တာတဲ့။ တရားသူကြီးက ဦးလင်းမင်းထွန်းတဲ့။ ကျမကနေ ပြီးတော့ သူကို ဖုန်းဆက်တော့ သူကကျမတို့ကို အထဲရောကနေတဲ့ အချိန်မှာ ကူညီတဲ့ အတွက် ကျေးဇူးတင်ပါတယ်။ ကျမကလဲ ဒီဘက်ကနေပြီးတော့ အမှုပြေရေး မတရားလုပ်ပြီးတော့ အမိန့် ချလိုက်တာဟာ ဒါဟာ မရိုးသားဘူးဆိုတာ သူကို ပြန်ပြောတယ်။ ရှေ့ကို ဆက်ပြီးတော့ ခြေချုပ်ဥပဒေ ဖျက်ဖို့ အတွက်ကို အယူခံ တက်ဖို့ ကာယကံ ရှင် အနေနဲ့ စဉ်းစားစေချင်တယ် ဆိုတာကို သူကို အားပေးတဲ့ အနေနဲ့ ပြန်ပြောတယ်လေ။ ”

မစုစုနွေး ပြောပြခဲ့ခြင်းဖြစ်ပါသည်။ ကိုသိန်းရွှေမောင်သည် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ရှိ ဒေဝူးကုမ္ပဏီ၏ ငါးကန်တူးဖော်ရေး လုပ်ငန်းတွင် လုပ်အားခ အပြည့်အဝ မရသည့် အတွက် အိုင်အယ်လ်အိုဆီ ဦးဆောင် တိုင်ကြားခဲ့သူ ဖြစ်ပါသည်။ ၎င်းနှင့်အတူ အဓမ္မ အခိုင်းခံရသည့် ရွာသားများ စုပေါင်း လက်မှတ်ထိုးပြီး အိုင်အယ်လ်ဆီ တိုင်ကြားခဲ့သည့်အတွက် ပြီးခဲ့သည့် လ တွင် အာဏာပိုင်များမှ ၎င်းကို ဖမ်းဆီးလိုက်ခြင်းဖြစ်ပါသည်။

**အစသို့**

---

## သံလက်သီးဖြင့် အထိုးခံရသည့် လွှတ်တော်ကိုယ်စားလှယ်တဦး အမှုကို ဆက်လက်စစ်ဆေး

*၁၄ ၊ ဩဂုတ် ၊ ၂၀၀၇*

အမည်မသိလူတဦး၏ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းကို ခံခဲ့ရပြီးသည့်နောက် ကြံ့ခိုင်ရေးအသင်းမှ ပြန်လည်တရားစွဲခြင်းကိုပါ ရင်ဆိုင်နေရသည့် မတ္တရာမြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်နှင့် (၉) ဦးပါအမှုကို ယနေ့ ထပ်မံစစ်ဆေးခဲ့သည်ဟု ဦးသန်းလွင်မှ ပြောပါသည်။ ဦးသန်းလွင်တို့ (၉) ဦးကို မတ္တရာမြို့နယ် ကြံ့ခိုင်ရေးအသင်း အတွင်းရေးမှူး ဦးကျော်မင်းမှ တရားလိုလုပ်ပြီး ခြိမ်းခြောက်ကြိမ်းဝါးမှုနှင့် တရားစွဲထားခြင်း ဖြစ်ပါသည်။ ပြီးခဲ့တဲ့ရုံးချိန်းအတွင်း တရားလို ဦးကျော်မင်းနှင့် သက်သေအချို့ကို စစ်ဆေးခဲ့ ပြီးသည့်နောက် ယနေ့ ရုံးချိန်းမှာတွင် ဦးကျော်မင်း၏ သက်သေတွေဖြစ်သည့် ကြံ့ခိုင်ရေး အသင်းဝင် ဦးလှမြင့် (၂) နှင့် ဦးဝင်းဦး တို့ကို စစ်ဆေးခဲ့သည်ဟု ဦးသန်းလွင်မှ ပြောပါသည်။ သက်သေများ ထွက်ဆိုချက်နှင့်ပတ်သက်ပြီး ဦးသန်းလွင်မှ ယခုလို ပြောပြပါသည်။

"လှမြင့် (၂) ထွက်ချက်မှာက ဦးညိုကြီးက မီးရှို့ပစ်မယ်တို့ တယောက်မှမကျန်အောင် သတ်ပစ်မယ်တို့ ကြိမ်းဝါးသံကြားတယ်။ ဖြစ်ပျက်တဲ့ဝန်းကျင်မှာ ဒု–ရဲအုပ်ဇော်မင်းမင်းထွေးနဲ့ တပ်သား (၂) ယောက်ရှိနေတယ်လို့လဲ သူတွေ့ရှိတဲ့အကြောင်း ထွက်ပါတယ်။ တရားလို ကျော်မင်း တာဝန်ပေးချက်အရ ထွက်ပြီးတော့ အခြေအနေကို စုံစမ်းရပါတယ်လို့ အဲလိုထွက်ပါတယ်။ ဝင်းဦးထွက်သွားတာကတော့ သူက အဲဒီ အချင်းဖြစ်တဲ့အချိန်မှာ မထသ ဂိတ်တဲမှာ အိပ်နေတာဖြစ်တဲ့အတွက် လှမြင့် (၁)၊ လှမြင့် (၂) တို့ထက် ဒီလူစုနဲ့ ပိုမိုပြီးတော့ နီးကပ်မှုရှိနေတာဖြစ်တဲ့အတွက်ကြောင့် ဦးညိုကြီးကြိမ်းဝါးသံကိုပဲကြားတယ်။ ကျန်တာ မကြားဘူး။ နောက် ခင်မကြီး၊ ခင်မလေးတို့ ဆဲဆိုသံကိုလဲ မကြားရဘူးလို့ သူက ထွက်ပါတယ်။ အဲဒီ အချင်းဖြစ်တဲ့နေရာမှာ ရဲသားတွေ ရှိနေတာကိုလဲ သူ သတိထားသိရှိရတယ်လို့ ထွက်သွားတယ်။ နောက် အဲဒီ ထူးခြားတာကတော့ ဒီ တရားလို ကျော်မင်း ထွက်ချက်တုန်းက လှမြင့် (၁) ရယ်၊ လှမြင့် (၂) ရယ်၊ ဝင်းဦးတို့ သုံးယောက်ကို စုံစမ်းဖို့တာဝန်ပေးတယ်လို့ ထွက်ပါတယ်။ ဒါပေမဲ့ ဒီနေ့ ဝင်းဦးစစ်တဲ့အချိန်မှာတော့ ဝင်းဦးက စုံစမ်းဖို့၊ လေ့လာဖို့ တာဝန်ပေးထားတာမရှိဘူးလို့ သူထွက်ပါတယ်။ ခင်မကြီး၊ ခင်မလေးတို့ ဆဲဆိုသံကို မကြားဘူးလို့ထွက်ပါတယ်။ ရှေ့နောက်မညီဘူး။ နည်းနည်းကွဲလွဲမှုတွေ ရှိနေတယ်။"

တရားလိုသက်သေများ၏ ထွက်ချက်သည် မှန်ကန်မှု မရှိကြောင်းကိုလည်း ဦးသန်းလွင် မှ ယခုလို ထောက်ပြပြောဆို သွားပါသည်။

"အမှန်ကတော့ နည်းနည်းလေးချွတ်ချော်တာနဲ့ များများချွတ်ချော်တာ ဒါပဲကွာတယ်။ အားလုံးကတော့ အမှန်တရားတွေ မဟုတ်ကြဘူး။ သူတို့ထွက်သွားတာတွေက ဖြစ်စဉ်ရဲ့ အမှန်တရားတွေမဟုတ်ဘူး။ ဦးညိုက ကြိမ်းဝါးတယ်ဆိုတာလဲ လုံးဝ ကြိမ်းဝါးတဲ့ လုပ်ရပ်မလုပ်ခဲ့ရဘူး။ ကျန်တဲ့ပါသွားတဲ့လူ အားလုံးဟာ ကြိမ်းဝါးတဲ့လုပ်ငန်းမလုပ်ဘူး။ ဆဲဆိုတဲ့လုပ်ငန်းမလုပ်ဘူး။ မလုပ်ပဲထွက်တာဖြစ်တဲ့အတွက် ဖန်တီးထားတဲ့ သက်သေတွေနဲ့ မမှန်မကန်ထွက်ကြတာပဲ။ ဖြစ်တာပဲ။"

မတ္တရာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင် ပြောပြသွားခြင်းပါ။ ဦးသန်းလွင်၏ ဗပြာဆိုချက်များနှင့် ပတ်သက်ပြီး တရားလို၏ အမြင်သဘောထား သိရှိနိုင်ရန်အတွက် မြို့နယ်ကြံ့ခိုင်ရေးအသင်း အတွင်းရေးမှူး ဦးကျော်မင်းကို ဖုန်းဆက်သွယ်ခဲ့သော်လည်း မှတ်ချက် တစုံတမျှ မပေးခဲ့ပါ။ မြို့နယ်တရားရုံးမှ ဤအမှုကို ဆက်လက်စစ်ဆေးရန် ယခုလ (၁၆) ရက်နေ့တွင် ရုံးချိန်း ပြန်ချိန်းထားပါသည်။ မတ္တရာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်နှင့်အတူ အခုတရားစွဲခံထားရသူ (၉) ဦးသည် ဇွန်လ (၁၅) ရက်နေ့မှ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေး အကျဉ်းသားအားလုံး လွှတ်မြောက်ရေးအတွက် ဆုတောင်းပြီးအပြန် ကြံ့ခိုင်ရေးအသင်းဝင်များ၏ နှောင့်ယှက်ခြင်းကို ခံခဲ့ရပါသည်။ ထို့အပြင် အမည်မသိလူတဦးမှ သံလက်သီးစွပ်ပြီး ဦးသန်းလွင်ရဲ့ မျက်နှာကို ပြင်းပြင်းထန်ထန် ဝင်ရောက်ထိုးနှက်ခဲ့ခြင်းကြောင့် ဆေးရုံတက်ပြီး ကုသမှုခံယူခဲ့ရပါသည်။ ၎င်းကိစ္စကို မကျေနပ်၍ ဦးသန်းလွင်နဲ့အဖွဲ့မှ ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာကစပြီး ကြံ့ခိုင်ရေး အသင်း၏ ပြန်လည်တရားစွဲတာကို ခံနေရခြင်း ဖြစ်ပါသည်။ အလားတူအဖြစ်အပျက်မျိုး ဧရာဝတီတိုင်း ဟင်္သာတမြို့နယ်တွင်လည်း ဖြစ်ပွားခဲ့ပြီး ရိုက်နှက်ခံခဲ့ရသည့်

လူအခွင့်အရေးလုပ်ရှားသူ ကိုမြင့်နိုင်နှင့် အဖွဲ့ဝင်တချို့ ထောင်ချခံထားရပါသည်။ ကိုမြင့်နိုင်တို့ဖက်မှ စွဲထားသည့်အမှုကိုမှ မနက်ဖြန်မှာ စစ်ဆေးမည်ဟုလည်း တရားရုံးချုပ်ရှေ့နေ ဦးအောင်သိန်းမှ ဒီဗွီဘီကို ပြောပြသွားပါသည်။

**အစသို့**

---

## အင်းစိန်ထောင်မှ နိုင်ငံရေးအကျဉ်းသားများကို ကန့်သတ်မှုများ ပိုလုပ်

*၁၅ ၊ ဩဂုတ် ၊ ၂၀၀၇*

အင်းစိန်ထောင်ဇဟို အကျဉ်းထောင်မှ နိုင်ငံရေး အကျဉ်းသားများကို ထောင်အာဏာပိုင်များ ထောင်ဝင်စာ အစားအသောက် ပေးပို့ခြင်းများ ကန့်သတ်မှုများ ပိုလုပ်လာသည်ဟု နိုင်ငံရေး အကျဉ်းသားမိသားစုများမှ ပြောကြားပါသည်။ အင်းစိန်ဇဟို နိုင်ငံရေး အကျဉ်းသားများအား ဘယ်လို တင်းကျပ်မှုများ ပြုလုပ်နေသလဲ ဆိုခြင်းကို ယနေ့ ထောင်ဝင်စာသွားတွေ့ခဲ့သူတဦးမှ ယခုလို ပြောပြပါသည်။

“(၇) လပိုင်းမှာပဲ အကျဉ်းသားတွေဆီမှာ ငွေတွေရှိပါတယ် ဆိုပြီးတော့မှ အဆောင် (၃) က စပြီးတော့ မှ ငွေတွေ ရှိတဲ့ ငွေတွေကိုလာအပ်ပါ။ လာအပ်ခဲ့လို့ရှိရင် အရေးမယူဘူး။ အစားအသောက်စာရင်းထဲကိုထည့်ပေးပါမယ့် ဆိုပြီးတော့မှ အခုလို ပြောပြီးတော့မှ လာအပ်ခိုင်းတယ်။ လာအပ်တဲ့သူက အပ်တယ် ။ အဲဒီလိုမျိုးအပ်တဲ့ အခါကျတော့ ဦးဆောင်ပြီးတော့ သွားအပ်တဲ့ လသာ အန်အယ်ဒီ လူငယ်ပေါ့နော် ကိုသိန်းနိုင်ဦးဆိုတာက သွားအပ်ကြတယ်။ သွားအပ်ကျတဲ့အခါကျတော့ အဲဒီ ငွေကိုလဲ အဲဒီ အာဏာပိုင်တွေက ယူပြီးတော့ ကိုယ်ကျိုးအတွက်သုံးတယ်။ အကျဉ်းသားတွေကိုလဲ နေရာတွေ ပြောင်းရွှေ့ပေးလိုက်တယ်။ ကိုသိန်းနိုင်ဦးကို အဆောင်က အဲဒီလိုမျိုးပြောင်းရွှေ့ ပေးလိုက်တယ်။ ”

စည်းကမ်းတင်းကြပ်လွန်းသည့် အင်းစိန်ထောင်အတွင်းကို အာဏာပိုင်များကိုယ်တိုင်ပင် ငွေများသွင်းရန် ခိုင်းစေခဲ့သည် ဆိုတာကိုယ်လည်း ယခုလို ဆက်ပြောပါသည်။

“အကျဉ်းသားတွေရဲ့ လက်ထဲမှာ ရှိတဲ့ ငွေတွေဆိုတာ ထောင်မှူးထောင်ပိုင်တွေ ဟိုဥစ္စာ ဝန်ထမ်းတွေကနေပြီးတော့ အကျဉ်းသားတွေ ငွေလိုအပ်တယ်။ ခင်ဗျား ငွေထည့်ပေး။ တသောင်းကို နှစ်ထောင်နှုန်း ကျနော်တို့ ကယူမယ်။ ယူပြီးတော့ ငွေရောက်ပြီ ဆိုတဲ့ အခါကျတော့ သူတို့က ပြန်သိမ်းတော့ ဒီငွေတွေဟာ ထောင်မှူးထောင်ပိုင်တွေပဲ အကုန်လုံးရကြတယ်။ အကျဉ်းသားတွေအတွက် အရမ်းကို နစ်နာတယ်ဆိုတဲ့ အကြောင်းတွေ နိုင်ငံရေး အကျဉ်းသားတွေကို ပိုပြီးတော့ မှဖိနှိပ်လာတယ်ဆိုတဲ့ အကြောင်းတွေ အင်းစိန်ထောင်ထဲမှာ ရှိတဲ့ နိုင်ငံရေး အကျဉ်းသားတွေ ရှေ့ရေးဟာ တော်တော်စိုးရိမ်စရာ ကောင်းနေပါတယ်ဆိုတဲ့ အကြောင်း။”

ငွေးကိစ္စနှင့် ပတ်သက်ပြီး အင်းစိန် ဇဟို အကျဉ်းထောင်ကို မေးမြန်းသည့်အခါ ဖုန်းကိုင်သူ အရာရှိတဦးမှ

“အဲဒီတော့ ဘယ်လိုပြောရမလဲ ကျနော့် အဆင့်နဲ့တော့ ပြောပြလို့မရဘူးခင်ဗျ။ အဲဒါကြောင့်မို့ပါ။ ကျနော်ထင်တယ် ဖြေရှင်းလို့ မရလို့ပါ။ ”

ထောင်အာဏာပိုင်များ ဖြေရှင်းခြင်း မရှိခဲ့သော်လည်း ယနေ့တွင် ထောင်ဝင်စာ သွားတွေ့ခံသူ နိုင်ငံရေး အကျဉ်းသူဟောင်း တဦးမှ – – – –

“ထောင်ထဲလူတွေက နည်းနည်းကြပ်သွားတာပေါ့။ ကျမတို့ အပြင်က လူတွေလဲ နည်းနည်း ကသီသွားတာပေါ့နော်။ ကိုယ်ပေးနိုင်တယ်တောင် ပေးခွင့် မရတော့ဘူး။ ပြီးခဲ့တဲ့ အပတ်ကဆိုရင် အများကြီးပြန်ပါလာတယ်။ နောက် ပိုက်ဆံ မိတဲ့ အကျဉ်းသားတွေကိုလဲ ခွေးတိုက်ကို ပို့တာပဲ။ ကိုယ့်အိမ်က ပေးနိုင်တာတောင်မှပဲ သူတို့က လက်မခံဘူးဖြစ်နေတယ်။ နောက်ပြီးတော့ ကော်ဖီမက်တို့ ကွေကာအုပ်တို့ကိုလဲ အကုန်သိမ်းတယ်။ သတ်မှတ်ချက်က (၇) ထုတ်ပဲ သွင်းရမယ်ဆိုတော့ ။ တပတ်မှာ (၁၄) ရက်ရှိတယ်။ (၁၄) ရက်မှာ ဒီ (၇) ထုပ်ကို ဘယ်လိုလုပ် သောက်လို့ရမှာလဲ။”

မကြာခင်တွင် အထက်ဗမာပြည် မန္တလေးအကျဉ်းထောင်တွင် အလားတူ ထောင်ဝင်စာ ကန့်သတ်မှုများ စတင်လုပ်ဆောင်ခဲ့ပါသည်။ ကန့်သတ်မှုများ လုပ်ဆောင်နေတာနှင့်ပတ်သက်ပြီး မိသားစုဝင်များ ခံစားချက်ကို နိုင်ငံရေး အကျဉ်သူဟောင်းမှ ယခုလို ပြောဆိုသွားခဲ့ပါသည်။

“အိမ်ကပို့တာပဲ စားရတဲ့ အခါကျတော့ ။ အဲလို သူတို့ တားထားတော့ နည်းနည်း စားရသောက်ရတာ အပတ်မလည် တော့ဘူးပေါ့နော်။ ကျမတို့ ဖက်ကတော့ ဒါ အစား အသောက် မပိတ်ခိုင်းစေချင်ဘူး။ နိုင်ငံရေးအကျဉ်းသားတွေအပေါ်မှာ

ပေါ့။ကိုယ်အိမ်ကပေးမှ စားရတာလေ။ ကိုယ်အိမ်ကပေးတဲ့ အစားအသောက်ကိုပဲ သူတို့က ပိတ်ပင်တဲ့အတွက် ကျမတို့က တော်ာ တော်လေး စိတ်မကောင်းဖြစ်မိတယ်။ ”

**အစသို့**

---

## မတ္တရာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် တိုင်ကြားသည့် အမှုကို အရေးယူမှု မရှိသေး

*၁၇ ၊ ဩဂုတ် ၊ ၂၀၀၇*

ကြံ့ခိုင်ရေးအသင်းဝင်ဟု ယူဆရသူတဦးမှ သံလက်သီးနှင့် ဝင်ရောက်ထိုးနှက်ခဲ့သည့် အမှုကို မတ္တရာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်ဘက်မှ အမှုဖွင့်တိုင်ကြား ထားသော်လည်းယခုချိန်ထိ အရေးယူဆောင်ရွက်ခြင်း မရှိဘူးကြောင်းဟု ဦးသန်းလွင်မှ ပြောပါသည်။ ဖြစ်ပွားပုံမှာ ပြီးခဲ့တဲ့ဇွန်လ (၁၅) ရက်နေ့က လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်၊၎င်း၏မိသားစုဝင်တချို့နှင့်အတူ မြို့နယ်အဖွဲ့ချုပ်ဝင်များသည် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းပွဲ ပြုလုပ်ခဲ့ပါသည်။ ဆုတောင်းပွဲကအပြန်မှာ ကြံ့ခိုင်ရေးအသင်းဝင်ဟုယူဆရသူတဦးမှ ဦးသန်းလွင်၏ မျက်နှာကို သံလက်သီးနှင့်ဝင်ရောက်ထိုးနှက်ခဲ့ခြင်းကြောင့် ဆေးရုံတက်ပြီး ကုသမှုခံယူခဲ့ရပါသည်။ သံလက်သီးနှင့်ထိုးရန် အမိန့်ပေးခဲ့သူသည် မြို့နယ်ကြံ့ခိုင်ရေးအသင်း တာဝန်ရှိသူဖြစ်ပြီး ကိုယ်တိုင်ထိုးနှက်ခဲ့သူသည်လည်း အသင်းဝင်တဦး ဖြစ်နိုင်ကြောင်း ဦးသန်းလွင်မှ ပြောပါသည်။ ၎င်းကိစ္စကို ချက်ချင်း အမှုဖွင့်တိုင်ကြားခဲ့သော်လည်း(၂) လကြာသည်အထိ မြို့နယ်ရဲစခန်းမှ အရေးယူဆောင်ရွက်ခြင်း မရှိသည့်အကြောင်း ဦးသန်းလွင်မှ ယခုလို ပြောပြပါသည်။

“ကျနော်တို့ အမှုဖက်က တင်ထားတာက အခုအချိန်အထိ လှုပ်ရှားမှု မရှိသေးဘူး။ ဟိုတနေ့ကပဲ အမှုကိုင်တဲ့ ဇော်မင်းမင်းထွေးကို သွားပြီးတော့ တွေ့တယ်။ တွေ့တဲအချိန်မှာတော့ နေးတာ၊ မြန်တာ အပေါ်မှာ အကြောင်းကြောင့်လာတာမဟုတ်ဘူး။ ဒါပေမဲ့ ဒီအကြောင်း အခြေအနေ ဘယ်လိုလဲ သိချင်လို့ လာတာ သူတော့ စုံစမ်းဆဲပါပဲလို့ ပြောတယ်။ ဒါပေမဲ့ စုံစမ်းဆဲလို့ ပြောတဲ့နေရာမှာ အမှုလုပ်တဲ့နေရာမှာကတော့ တရားလိုနဲ့ တရားလိုပြမဲ့ သက်သေတွေကို စစ်ဖို့လုပ်ငန်းကို လုံးဝမလုပ်ဘူး။”

ဦးသန်းလွင် ပြောပြသွားခြင်းပါ။ အခင်းဖြစ်ပွားစဉ်တွင် ဦးသန်းလွင်နှင့်အတူ ရှိနေသည့် သားဖြစ်သူကလည်း ပစ်မှုကျူးလွန်သူသည် ကြံ့ခိုင်ရေးအသင်းဝင်တဦး ဖြစ်တယ်ဆိုသည်ကို ၎င်းမှ ကိုယ်တိုင်မြင်တွေ့ခဲ့သည်ဟု ယခုလို ဆိုပါသည်။

“ဟိုဟာလေ အဖေ့ကို မထိုးခင် စက္ကန့်ပိုင်းအလိုမှာလေ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းက အကြီးအကဲလို့ ယူဆရတဲ့လူကနေပြီးတော့ လိုက်ဟေ့လိုက်ဟေ့ဆိုပြီးတော့ အော်လိုက်တဲ့ တပြိုင်နက်ထဲ ကြံ့ခိုင်ရေးက ဟာတွေက ဝုန်းကနဲဆို အဖေတို့ ဝတ်ပြုတဲ့နောက်ကို တန်းလိုက်ကြတာ။ အဲဒီလူကို ကျနော်တို့ သွားရှာတဲ့အခါ ကြံ့ခိုင်ရေး ရုံးရှေ့မှာ လမ်းလျှောက်နေတာကို ဒု ရဲအုပ် ဇော်မင်းမင်းထွေးကို လက်ညှိုးထိုးပြခဲ့တယ်။ ဒီလူပဲ လိုက်ဟေ့ လိုက်ဟေ့လို့ အော်တာလို့ ကျနော်ပြောခဲ့တယ်။ ဆက်နွယ်မှုရှိတယ်ပေါ့နော်။”

မျက်မြင်တွေ့ရှိသူ ကိုယ်တိုင် တာဝန်ရှိသူ ဒုရဲအုပ်ကို ထိုသို့ လက်ညှိုးထိုး ပြော ပြခဲ့သော်လည်းမြို့နယ်ရဲစခန်းမှ ယခုချိန်ထိ အရေးယူဆောင်ရွက်ခြင်း မရှိသေးပါ။ ၎င်းအမှုကို ကိုင်တွယ်သူသည် မတ္တရာမြို့နယ် ရဲစခန်းမှ ဒုရဲအုပ် ဇော်မင်းမင်းထွေး ဖြစ်သည်အကြောင်းကို ဦးသန်းလွင်မှ ပြောပါသည်။ ဘာ့ကြောင့် ယခုလို ကြန့်ကြာနေရသလဲဆိုတာသိနိုင်ရန် မတ္တရာမြို့နယ်ရဲစခန်းကို ဆက်သွယ်မေးမြန်းသည့်အခါ တာဝန်ကျရဲဝန်ထမ်းတဦးမှ ယခုလို ပြန်လည်ဖြေကြားပါသည်။

“ဒုရဲအုပ် ဇော်မင်းမင်းထွေး ထမင်းစားသွားပါတယ်ခင်ဗျာ။ ဗိုလ်လေးလာမှပဲ ပြောလို့ရပါမယ်ခင်ဗျာ ထမင်းစား သွားပါတယ်ခင်ဗျာ။ ကျနော် မသိပါဘူး ခင်ဗျာ့။”

ဒုရဲအုပ် ဇော်မင်းမင်းထွေးနှင့် စကားပြောခွင့်ရရန်အတွက် နောက်ထပ် ကြိုးစားဆက် သွယ်ခဲ့သော်လည်းတစုံတရာ ပြန်လည်ဖြေကြားတာမျိုး မရှိပါ။ ဦးသန်းလွင် အထိုးခံရသည့် အမှုကို ယခုထိ အရေးယူဆောင်ရွက်ခြင်းမျိုး မရှိသေးသော်လည်း မြို့နယ်ကြံ့ခိုင်ရေးအသင်း အတွင်းရေးမှူး ဦးကျော်မင်းဘက်မှ ခြိမ်းခြောက်မှုနှင့် ပြန်တရားစွဲထားသည့်အမှုကိုမူ မြို့နယ်တရားရုံးမှနေ စတင်စစ်ဆေးနေပြီ ဖြစ်ပါသည်။ ၎င်းကိစ္စအပေါ် ဘယ်လိုမြင်ပါသလဲဆိုတဲ့ အမေးကိုမူ ဦးသန်းလွင်မှ ယခုလို ပြန်လည် ဖြေကြားသွားပါသည်။

“ဒါကတော့ ကျနော်တို့က ပြည်တွင်းမှာ နေရတဲ့အပိုင်းမှာ ပြည်တွင်းမှာက ဥပဒေဘယ်လောက်အထိ ဥပဒေအတိုင်းအတာဟာ ထိရောက်သလဲ ဥပဒေ ဘယ်လောက်လွှမ်းမိုးသလဲဆိုတာ ဒီအပေါ်မှာ အဖြေထွက်နေတယ်လို့ ပြောရမှာပေါ့။ နောက်တခုက သူရရွှေမန်းပြောသွားတဲ့ ဥပဒေအထက်မှာဘယ်သူမှ မရှိဘူးဆိုပေမဲ့၊ ဥပဒေအထက်မှာ ဘယ်သူမှ မရှိဘူးဆိုရင် ဒီလိုအခြေအနေမျိုးဖြစ်နိုင်စရာ အကြောင်းမရှိဘူး။ မရှိတော့ ဥပဒေအထက်မှာ တစုံတယောက် သို့မဟုတ် အသင်းအဖွဲ့တွေများ ရှိနေလေသလားလို့ တွေးစရာတွေဖြစ်လာတယ်။ အဲဒီ တွေးတာတွေက အဖြေဘာဖြစ်မလဲဆိုတာတော့ ဆက်တွေးပြီးတော့ ဆက်လေ့လာမှ အဖြေ ဖြည်းဖြည်းထွက်မဲ့ သဘောပဲ။”

မတ္တရာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင် ပြောပြသွားခဲ့ခြင်းပါ။ ကြံ့ခိုင်ရေးအသင်းမှ ခြိမ်းခြောက်မှုနှင့် တရားစွဲခံထားရသူ (၉) ဦးမှာ ဦးသန်းလွင်ရဲ့သား ကိုဇော်မင်းလွင်၊ သမီးများဖြစ်ကြသည် မခင်မကြီး၊ မခင်မလေးနှင့် သားမက်ဖြစ်သူ ကိုဉာဏ်စိန်၊ မြို့နယ် အဖွဲ့ချုပ်ဝင်တွေဖြစ်ကြတဲ့ ဦးညိုကြီး၊ ဦးညိုလေး၊ ကိုကျော်စွာ၊ ကိုသောင်းနိုင်နှင့် မြို့နယ်အဖွဲ့ချုပ်ဝင် ဦးခင်မောင်သန်း၏သား ကိုညီညီ တို့ဖြစ်ပါသည်။ ပြန်လည်တရားစွဲ ခံထားရသည့်အထဲတွင်ဦးသန်းလွင် မပါဝင်ပါ။ အရင်နေ့က မှားယွင်းကြေညာမိခဲ့သည့်အပေါ် သောတရှင်တို့ကို အနူးအညွတ် တောင်းပန်ပါသည်။

**အစသို့**

## အမျိုးသားရေး ဦးဝင်းနိုင်နှင့် အဖွဲ့ကို အမည်မသိ လူ (၃) ဦးက အကြမ်းဖက် တိုက်ခိုက် ဒီဗွီဘီ ။

*၁၉ ၊ ဩဂုတ် ၊ ၂၀၀၇*

ယနေ့ နေ့လည်ပိုင်းတွင် သာကေတ၌ ဆင်းရဲနွမ်းပါးသူများအား ဆန်လှူပြီး ပြန်လာသည့် အမျိုးသားရေး ဦးဝင်းနိုင်နှင့် အဖွဲ့အား အမည်မသိ လူ (၃) ဦးမှ အကြမ်းဖက် တိုက်ခိုက်ခဲ့သည်ဟု ဦးဝင်းနိုင်မှ ဒီဗွီဘီကို ပြောပြခဲ့ပါသည်။ ဦးဝင်းနိုင်နှင့်အတူ ကိုစိုးမြင့်ထိန်၊ ကိုဘခင်၊ ကိုဖိုးထောင်တို့သည် သာကေတမြို့နယ်တွင် ဆန်လှူပြီး အပြန် တလက်စတည်းမှာပင် မြောက်ဥက္ကလာပ မြို့နယ်မှ လူမမာ တစ်ဦးထံ သတင်းမေးရန်အသွား မယ်လမုဘုရားရှေ့တွင် ယခုလို တိုက်ခိုက်ခံရခြင်းဖြစ်ပါသည်။ ယခုဖြစ်စဉ်နှင့် အသေးစိတ်ကို အမျိုးသားရေး ဦးဝင်းနိုင်မှ ယခုလို ပြောပြပါသည်။

"အန်ကယ့်ကိုကွယ် အတိုကောက်ပြောရရင်တော့ ဒီနေ့တော့ လုပ်ကြံခံရတာပေါ့လေ။ ကြီးကြီးကျယ်ကျယ် ပြောမယ်ဆိုရင် ဆန်လှူပြီးတော့ ပြန်လာတဲ့အချိန်မှာ မြောက်ဥက္ကလာ၊ မယ်လမုဘုရားအနီးမှာ အန်ကယ့်ကို မော်တော်ဆိုင်ကယ် ရှေ့က နှစ်စီးညှပ်ထားတယ်။ ရှေ့က လူမိုက် (၁၀) ယောက် တင်တဲ့ ကားတစီးညှပ်ထားတယ်။ အဲဒီအချိန်မှာ လမ်းဘေးကနေပြီး တော့ လူ သုံးလေးယောက်လောက်က ဝိုင်းပြီးတော့ လောက်လေးဂွတွေနဲ့ ပစ်တယ်။ အဲတော့ အန်ကယ်တို့ကားကို နှစ်ချက်တော့ မှန်လိုက်တယ်။ ကားမောင်းတဲ့ ကိုစိုးမြင့်ထိန်သာ မှန်ရင် အန်ကယ်တို့ အဲဒီမှာ ကားတွေ တိုက်မယ်မှောက်မယ်၊ တော်တော်လေး အန္တရာယ်ကြီးနိုင်တယ်ပေါ့လေ။"

ယခုလို တိုက်ခိုက်ခံရသည့် အချိန်တွင် ဦးဝင်းနိုင်၏အဖွဲ့သည် အမြန်ဆုံးကားကို ရပ်ပြီး နောက်ကလိုက်လာသည့် အာဏာပိုင်အဖွဲ့ကို အကူအညီတောင်းခံခဲ့သော်လည်း ဘာမှ အရေးယူဆောင်ရွက်မပေးသည့်အကြောင်းကိုလဲ ယခုလို ဆက်ပြောပြပါ သည်။

"အဲဒါကြောင့်မို့လို့ အန်ကယ်က ကားထိုးရပ်ခိုင်းပြီးတော့ ချက်ချင်း နောက်က ပါလာတဲ့ သူတို့မော်တော်ဆိုင်ကယ် သမားတွေကိုပဲ ခေါ်ပြီးတော့ ရဲမှူးတွေဘာတွေ ချက်ချင်းခေါ်ပြီးတော့ လိုက်ဖမ်းခိုင်းတယ်။ တိုင်တယ်။ ဒါပေမဲ့ မရပါဘူး။ ဟိုလူတွေက သူတို့အချင်းချင်းပဲ ထွက်ပြေးကြတယ်။ ထွက်ပြေးတဲ့အပြင်မှာ ရှေ့က လူမိုက် (၁၀) လောက်ပါတဲ့ ကားပေါ်က လူတွေကလဲ အန်ကယ်တို့ကို အန္တရာယ်ပြုမဲ့ ဟန်တွေနဲ့ လုပ်လာတဲ့အခါကျတော့ အန်ကယ်တို့ ကမန်းကတန်း ကားနဲ့မောင်းပြီးတော့ အနီးကပ်ဆုံး ကိုစိုးမြင့်ထိန်အိမ်ကို မောင်းပြီးတော့လာရတယ်။ ဒါပေမဲ့ အခုနကားကလဲ နောက်က တောက်လျှောက်ကို အိမ်အထိအောင် လိုက်လာပြီးတော့ ရပ်ကွက်လုံခြုံရေး ရုံးရှေ့တည့်တည့်ကကို ထိုင်စောင့်နေတာ လွန်ခဲ့တဲ့ နာရီဝက်လောက် အထိ ထိုင်စောင့်နေတုန်းပဲ ရှိသေးတယ်။"

ယခုလိုအကြမ်းဖက် တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး သက်ဆိုင်ရာကို တိုင်ကြားမယ်ဆိုလလည်း တရားဥပဒေမဲ့နေ သည့် ယခုအချိန်ကာလတွင် တန်ပြန်အရေးယူခံရဖို့သာရှိသည်ဟု ဦးဝင်းနိုင်မှ ပြောပြသွားခဲ့ပါသည်။

**အစသို့**

## ကိုမင်းကိုနိုင် အပါအဝင် ကျောင်းသားလူငယ် (၂၀) ခန့် ဖမ်းဆီးခံရ

*၂၂ ၊ ဩဂုတ်၊ ၂၀၀၇*

ယခု မနက်ပိုင်း အသံမလွှင့်ခင်လေးတွင် ဝင်လာသည့် သတင်းများအရ ကိုမင်းကိုနိုင် အပါအဝင် (၈၈) မျိုးဆက် ကျောင်းသားများ၊ ကိုထင်ကျော်တို့၏ အဖွဲ့မှ အဖွဲ့ဝင်အချို့ အပါအဝင် အနည်းဆုံး ကျောင်းသားလူငယ် (၂၀) ခန့်ကို စစ်အစိုးရ မှ မနေ့ည သန်းကောင်ယံကျော်စအချိန်တွင် ဖမ်းဆီးလိုက်ကြောင်း မိသားစုဝင်များမှ ဒီဗွီဘီကို ပြောကြားခဲ့ပါသည်။ မနေ့ည (၁၂) နာရီခွဲခန့်တွင် အထူးရဲ သတင်းတပ်ဖွဲ့များမှ ကျောင်းသားများ၏ နေအိမ်များသို့ ရောက်လာပြီး ရှာဖွေပုံစံများ၊ ဖမ်းဝရမ်းများ ဘာမှ မပါဘဲ ဒီအတိုင်း လာခေါ်သွားခြင်း ဖြစ်သည်ဟု အဖမ်းမခံရဘဲ ကျန်နေသည့် ကျောင်းသားများနှင့် မိသားစုဝင်များမှ ပြောပါသည်။

သက်န်းကျွန်းရှိ မင်းကိုနိုင်၏ အိမ်ကို အင်အား (၃၀) ကျော်ရှိ ရဲတပ်ဖွဲ့များမှ ဝင်ရောက်ဖမ်းဆီးခဲ့သလို တက္ကသိုလ် ရိပ်သာလမ်းရှိ ကိုဌေးကြွယ်၏ အိမ်ကိုလဲ အင်အား (၂၀) ကျော်ပါ ရဲတပ်ဖွဲ့မှ ဝင်ဖမ်းခဲ့ခြင်းဖြစ်သည်ဟု ကျောင်းသားများမှ ပြောပါသည်။ အလားတူပင် မင်းဇေယျာ၊ ကိုပြုံးချို၊ ကိုမြအေး၊ ကိုဂျင်မီ၊ ကိုအံ့ဘွယ်ကျော်၊ ကိုမာကီ၊ ကိုပဏ္ဍိတ်ထွန်း၊ ကိုယဉ်ထွန်း အပါအဝင် အမည်မသိရသေးသည့် (၈၈) ကျောင်းသား အချို့နှင့် ကိုထင်ကျော်တို့၏ ကုန်ဈေးနှုန်း ဆန္ဒပြအဖွဲ့မှ အနည်းဆုံး (၂) ဦး ဖမ်းဆီးခံလိုက်ရသည်ဟု ကျောင်းသားများမှ ပြောပါသည်။ (၈၈) ကျောင်းသားတဦးဖြစ်သူ ကိုအံ့ဘွယ်ကျော် ဘယ်လို အဖမ်းခံရသလဲ ဆိုတာကို ကိုအံ့ဘွယ်ကျော်၏ နေအိမ်ကို အထူးရဲများနှ ဝင်ရောက်ဖမ်းဆီးနေစဉ် ဒီဗွီဘီမှ ဆက်သွယ်မေးမြန်း ထားခြင်းဖြစ်ပါသည်။

ဟယ်လို ကိုအံ့ဘွယ်ကျော် ရှိပါသလား။

"ဘယ်က ဆက်ပါသလဲ"

နော်ဝေ၊ ဒီမိုကရက်တစ် မြန်မာ့ အသံ ရေဒီယိုက ဆက်ပါတယ်။

"ဟုတ်လား။ ဒီမှာ လာခေါ်သွားတယ်၊ ပြီးတော့ အိမ်ကိုလည်း ရှာဖွေနေပြီ။ ပြည်ထဲရေးဆိုလား၊ ပြီးတော့ အိမ်မှာလည်း သူ့အခန်းထဲကို လာရှာဖွေပြီးတော့ သိမ်းဆည်းနေပါတယ်။"

အခုပြောတာ ကိုအံ့ဘွယ်ကျော်နဲ့ ဘာတော်ပါသလဲ။

"ကျမက အမေပါ၊ အံ့ဘွယ်ကျော် အမေပါ၊ ဒေါ်တင်တင်ဝင်းပါ။"

ဘယ်သူတွေက လာခေါ်သလဲ ခင်ဗျာ။

"ဘယ်သူတွေလဲဆိုတော့ ဒုရဲမှူး အောင်မြင့်လို့ စာရေးထားတာ တွေ့တယ်။ ပါးစပ်နဲ့ပဲ လူကြီးတွေက ခေါ်ခိုင်းလို့ တွေ့ချင်လို့ဆိုပြီး လာခေါ်တာတဲ့။ စာရွက်စာတမ်းလည်း မပါဘူး။"

အခု ရှာဖွေတဲ့ လူတွေက အိမ်မှာ ရှာတုန်းပဲလား။

"ရှာနေပါတယ်၊ ရှာနေပါတယ်။ ရှိတဲ့အခွေတို့ ဘာတို့ အကုန်ယူပါတယ်။"

အခု ကိုအံ့ဘွယ်ကျော်က အိမ်မှာ ရှိသေးလား။

"မရှိတော့ဘူးရှင့်၊ ခေါ်သွားပါပြီ။ အခု ကျမပဲ အိမ်မှာ ကျန်ပါတယ်။"

သူတို့ ဘာကြောင့်မို့လို့ လာခေါ်တယ်လို့ ပြောလဲ ခင်ဗျ။

"အဲဒါတော့ မပြောဘူး ဘာကြောင့်ရယ်လို့။ မင်းတို့ခေါ်တာ ဘာကြောင့် ခေါ်တာလဲတဲ့၊ ဘာအကြောင်းပြမလဲ၊ (ရှာဖွေနေတဲ့ ရဲများကို လှမ်းစကားပြော) – – – (ရှာဖွေနေတဲ့ သူများက စကားတိုးတိုးနဲ့ ပြန်ပြောသံများ ကြားနေရ၊ ဘာမှန်းတော့ မသဲကွဲပေ) – – – ဘာအကြောင်းမှ ပြောလို့ မဖြစ်ဘူးလို့ ပြောတာပဲ။ အဲဒီ ဒုရဲမှူး အောင်မြင့်ဆိုတာ ရှိတယ်။" အမေကို အခုပြောနေတဲ့သူက ဘယ်ကလဲ၊ ရဲလား၊ ထောက်လှမ်းရေးလား။

"ရဲလို့ ပြောတာပဲသူက။ ဒုရဲမှူး အောင်မြင့်တဲ့။"

သူနဲ့ ကျနော် စကားပြောလို့ ရမလားလို့။

"ဟာ – ရပါတယ်။ ပြောမလား"

ဟုတ်ကဲ့၊ ပြောချင်ပါတယ်။

"ဒုရဲမှူး အောင်မြင့်ဆိုတာ ဘယ်မလဲ၊ လာပါအုန်း။ နော်ဝေနဲ့ ပြောမယ် မီဒီယာက။ ဘယ်နှဲ့ မပြောလို့ ရမလဲ။ – – – (ရှာဖွေနေတဲ့ ရဲများကို လှမ်းစကားပြော)"

ခဏလောက် ပေးပါ၊ ခဏလောက်ပဲ မေးကြည့်ချင်တာပါလို့။

"ခဏလောက် မေးချင်လို့ပါတဲ့။ ကဲ ခဏပြောပါတဲ့ (ရှာဖွေနေတဲ့ ရဲများကို လှမ်းစကားပြော)။ – – – မပြောဘူးလို့ ပြောနေတယ်။"

မေးပါမေးပါ သူတို့ လာဖမ်းရတဲ့အကြောင်း သူတို့ အာဏာပိုင်တွေကို ကျနော်တို့က မေးမှာလေ။ ဘယ်လိုက်မေးရမှန်းလည်း မသိဘူး၊ အခုရှိတုန်း သိချင်လို့ပါလို့။

"ဟုတ်ကဲ့၊ လာပါအုန်း ခဏ။ – – – ရှင်တို့ အာဏာပိုင်ကို မေးမလို့တဲ့၊ အဲဒါ။ (စကားတိုးတိုးနဲ့ ပြန်ပြောသံကြားရ၊ ဘာမှန်းမသဲကွဲ) – – – ဟို မေးမယ်လေ။ – – – (ရှာဖွေနေတဲ့ ရဲများကို လှမ်းစကားပြော) မပြောဘူး မပြောဘူး၊ ကဲ မပြောချင်ဘူး။"

အခု မပြောချင်ဘူးဆိုတာ သူတို့က ရဲတွေပဲလား။

"ရဲလို့ ပြောတာပဲ၊ သူတို့ကတော့။"

သူတို့ကလဲ ဒီက တကယ်မေးချင်တဲ့သူက မေးတော့၊ လာတော့ သူများ အိမ်ပေါ်တော့ ပိုင်စိုးပိုင်နက် လာစစ်နေတယ်။

"ဟာ – ပိုင်စိုးပိုက်နက် မဟုတ်ဘူး။ ဟိုရှာ ဒီရှာ ဟိုမွှေဒီမွှေပေ့ါ။ သူတို့အလုပ်က ဒါပဲရှိတာပဲ။"

တရားဝင် သတင်းဌာနတွေနဲ့ ပြောဖို့ကြတော့ တီ ဆားတွန့်သလို ကြောက်နေတယ်။ အမေ အဲဒါ ဘယ်လိုမြင်လဲဗျ။

"အေးလေ၊ တရားဝင် သတင်းဌာနနဲ့ ပြောချင်တာကြတော့ ဘယ်လို့ရှောင်ပြေးလဲတဲ့။ သိရုံလေးပါ မေးချင်လို့ပါတဲ့၊ – – – ဘာ၊ (စကားတိုးတိုးနဲ့ ပြန်ပြောသံကြားရ၊ ဘာမှန်းမသဲကွဲ) – – – ဒါတော့ မေးရမှာပေ့ါ၊ ဒါ ––– (ရှာဖွေနေတဲ့ ရဲများကို လှမ်းစကားပြော)။"

မေးရမှာပေ့ါ။ လူတယောက်လုံး လာဖမ်းသွားတာ၊ ဘာကြောင့်ဖမ်းတယ်ဆိုတာ ကျနော်တို့ သတင်းဌာနတွေက သိချင်တာပေ့ါ။

"မလာဘူး မလာဘူး ထွက်ပြေးပြီ။ ဟို အိမ်ရှေ့မှာ။"

တချက် လှမ်းခေါ်ပေးစမ်းပါ၊ လာပါလို့ ကျနော်တို့က မေးချင်လို့ပါလို့။ လူတယောက်လုံးတော့ ဖမ်းရဲပြီးတော့၊ ဘာဖြစ်လို့ ခဏလေးမေးတာ ဖုန်းနဲ့တော့ အဝေးကြီး လှမ်းကြောက်နေလဲလို့။

"ဟုတ်ကဲ့။ – – – ခဏလောက် လာပါအုန်းတဲ့၊ လူတယောက်လုံးတော့ ဖမ်းပြီးတော့၊ မေးချင်တာလေးကြတော့ မဖြေနိုင်အောင် ဘာကြောက်တာလဲတဲ့ – – – လာလေ၊ တယောက်လာလေ၊ – – မပြောရဲဘူးလား၊ မရိုးသားလို့ပေ့ါဒါ၊ မမှန်ကန်လို့ပေ့ါ (ရှာဖွေနေတဲ့ ရဲများကို လှမ်းစကားပြော)။"

ဟုတ်ပါပြီ အမေရေ။ ကျနော်တို့ နောက်ထပ်ပြီးတော့ မေးပါအုန်းမယ်။ သူတို့ ဘယ်တော့ပြန်ပို့မယ်၊ ဘာညာ ဘယ်လို ပြောသွားသေးလဲ၊

"အဲဒါတွေတော့ မပြောပါဘူးရှင့်။ ရုံးကို ခဏလိုက်ခဲ့ပါပေ့ါနော်၊ လာခေါ်တယ်ဆိုတော့။ သူ့ကိုတော့ ရုံးကို လွှတ်လိုက်ပါပြီ။ ဒါပေမဲ့ သူတို့တွေကတော့ အိမ်မှာ ရှာမယ်ဖွေမယ်ပေ့ါနော်၊ ယူမယ်ပေ့ါ။"

အခုရှာနေတာ ဘယ်နှစ်ယောက်လောက် ရှိလဲခင်ဗျ။

"ဟာ အခုတော့ အားကြီးပဲ အိမ်မှာ၊ အားလုံး (၁၀) ယောက်လောက် ရှိမယ်ထင်တယ်။"

အခုဟာက အိမ်မှာ အမေတယောက်ပဲ ကျန်တာပေ့ါနော်။ "ဟုတ်ကဲ့ ကျမ တယောက်ထဲပါ။" အမေအိမ်ကို ဝင်ပြီး ရှာတဲ့ဖွေတဲ့အချိန်မှာ သူတို့က ရှာဖွေတဲ့ ပုံစံတွေပါလား။ ဖမ်းဝရမ်းတွေပါလား။

"ဟာ မပါဘူး၊ မပါဘူး။ ဘာမှ မပါဘူး။"

အဲဒါတာတွေ အမေတို့က တောင်းသေးလား။

"တောင်းပေမဲ့ မရဘူးလေ။ ကျမကလဲ ဘယ်သူတွေလဲ နာမည်ရေး၊ လာတဲ့သူတွေကို။ ဘယ်သူတွေလဲ ဆိုတော့လဲ၊ ဟာ – ရပ်ကွက်လူကြီးပါတယ်၊ ဘယ်သူပါတယ် ဘာဝါပါတယ်၊ ဒီလိုပဲ စာနဲ့တော့ ရေးမပေးဘူးပေ့ါ။ ကျမက ဘယ်လိုလုပ် မှတ်မိမှာလဲလို့ ဒီလူတွေကို။"

အခု အနားမှာလေ သူတို့ ရှိနေလား။ သူတို့ကို ပြန်ပြီးတော့ လှမ်းတောင်းကြည့်လို့ ရမလား။ ကျနော်တို့ မေးနေပါတယ်၊ အဲဒါမျိုးတွေ ခင်ဗျားတို့ပါလားလို့။

"မရဘူး ခဏ။ – – – အဲဒီ ရှာဖွေပုံစံတွေ ဘာတွေ ပါသလားတဲ့၊ အဲဒါ မေးချင်လို့ပါတဲ့ ခဏ လာပြီးတော့ ဖြေပါတဲ့၊ လာဖြေပါတဲ့ – – – သူနဲ့ ပြောလိုက်တော့ ရှင်းတာပေ့ါ၊ ရှင်တို့က (ရှာဖွေနေတဲ့ ရဲများကို လှမ်းစကားပြော)"

တီ – တီ – ဟယ်လို – – ဟယ်လို တီ တီ – – ဖုန်းလိုင်း ဖြတ်လိုက်ပုံရ။

ကိုအံဘွယ်ကျော်၏အမေ ဒေါ်တင်တင်ဝင်း ဖြေကြားသွားခြင်း ဖြစ်ပါသည်။ တခြားအိမ်များကိုက်သွယ် မေးမြန်းခဲ့သော်လည်း တယ်လီဖုန်းလိုင်းများ ဖြတ်တောက်ထား၍ အဆက်သွယ် မရခဲ့ပါ။ အလားတူပင် (၈၈) ကျောင်းသားများနှင့် ၄င်းတို့၏ လုပ်ဖော်ကိုင်ဖက်များကိုင်ထားသည့် လက်ကိုင် တယ်လီဖုန်းအားလုံးကိုလည်း အဝင်ခေါ်ဆိုမှုများ ပိတ်ထားလိုက်သည့်အတွက် လုံးဝ ဆက်သွယ်လို့ မရဘဲဖြစ်နေပါသည်။ နောက်ဆုံးရရှိသည့် အတည်မပြုနိုင်သေးသည့် သတင်းများအရ ဆိုလျှင် ယနေ့ ဆန္ဒပြပွဲကို ဦးဆောင်မည့် ကိုထင်ကျော်သည် ပုန်းအောင်း လွတ်မြောက်နေဆဲဖြစ်ပြီး ဆန္ဒပြပွဲကို မဖြစ် ဖြစ်အောင် ပြုလုပ်ရန် စီစဉ်နေသည်ဟု ၄င်း နီးစပ်သူတဦးမှ ပြောပါသည်။ အလားတူပင် (၈၈) ကျောင်းသားတဦးဖြစ်သူ ကိုကိုကြီးနှင့်အချို့ ကျောင်းသားများလည်း တိမ်းရှောင်နေပြီး ကိုထင်ကျော်နှင့် ပူးပေါင်းဆောင်ရွက်ဖွယ် ရှိနေသည်ဟု ယနေ့ ဆန္ဒပြပွဲကို မဖြစ်ဖြစ်အောင်လုပ်ရန် စီစဉ်နေသူများထဲမှ တဦးမှ ဒီဗွီဘီကို ပြောကြားခဲ့ပါသည်။

## လှမျိုးနော င်နဲ့ အင်တာဗျူး (၁)

*၂၂၊ ဩဂုတ်၊ ၂၀၀၇*

ယခု မနက်ပိုင်း အသံမလွင့်ခင်လေးတင် ဝင်လာသည့် သတင်းများအရကိုမင်းကိုနိုင် အပါအဝင် (၈၈) မျိုးဆက်ကျောင်းသားများ၊ ကိုထင်ကျော်တို့၏ အဖွဲ့မှ အဖွဲ့ဝင်အချို့ အပါအဝင် အနည်းဆုံး ကျောင်းသားလူငယ် (၂၀) ခန့်ကို စစ်အစိုးရမှ မနေ့ည သန်းကောင်ယံကျော်စအချိန်မှာ ဖမ်းဆီးလိုက်ကြောင်း မိသားစုဝင်များမှ ဒီဗွီဘီကို ပြောကြားခဲ့ပါသည်။ မနေ့ည (၁၂) နာရီခွဲခန့်တွင် အထူးရဲ သတင်းတပ်ဖွဲ့များမှ ကျောင်းသားများ၏ နေအိမ်များသို့ရောက်လာပြီး ရှာဖွေပုံစံများ၊ ဖမ်းဝရမ်းများ ပါရှိခြင်းမရှိဘဲ ယခုလိုလာခေါ်သွားခြင်း ဖြစ်သည်ဟု အဖမ်းမခံရဘဲ ကျန်နေသည့် ကျောင်းသားများနှင့် မိသားစုဝင်များမှ ပြောပါသည်။ သဃ်န်းကျွန်းရှိ မင်းကိုနိုင်၏ အိမ်ကို အင်အား (၃၀) ကျော်ရှိ ရဲတပ်ဖွဲ့တွေက ဝင်ရောက်ဖမ်းဆီးခဲ့သလို တက္ကသိုလ် ရိပ်သာလမ်းရှိ ကိုဌေးကြွယ်၏ အိမ်ကိုလဲ အင်အား (၂၀) ကျော်ပါ ရဲများမှ ဝင်ရောက် စစ်ဆေးနေသည်ဟု ကျောင်းသားများမှပြောပါသည်။ အလားတူပင် မင်းဇေယျာ၊ ကိုပြုံးချို၊ ကိုမြအေး၊ ကိုဂျင်မီ၊ ကိုအံ့ဘွယ်ကျော်၊ ကိုမာကီ၊ ကိုပဏ္ဍိတ်ထွန်း၊ ကိုယဥ်ထွန်း အပါအဝင် အမည်မသိရသေးသည့် (၈၈) ကျောင်းသား အချို့နှင့် ကိုထင်ကျော်တို့၏ ကုန်ဈေးနှုန်း ဆန္ဒပြအဖွဲ့မှ အနည်းဆုံး လူငယ် (၂) ဦး ဖမ်းဆီးခံလိုက်ရသည်ဟု ကျောင်းသားများ ပြောပါသည်။ အဖမ်းအဆီးသတင်းမြှားမှဝင်လာနေဆဲဖြစ်သည့်အတွက် ယခုလောလောဆယ် အဖမ်းမခံရဘဲ ကျန်နေသည့် (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ကိုလှမျိုးနောင်နှင့်ဆက်သွယ်မေးမြန်းချက်ဖြစ်ပါသည်။

"ကျနော်တို့က ဒီဖမ်းဆီးမှုနဲ့ ပတ်သက်ပြီးတော့ ကျနော် သတင်းစရတဲ့အချိန်က ည (၁၁) နာရီကျော်ပြီခင်ဗျ။ အဲဒီ (၁၁) နာရီမတိုင်ခင်မှာ ကျနော်တို့တွေ တွေ့ဆုံနေခဲ့ကြတယ်။ တနေကုန်လဲ တွေ့ဆုံနေခဲ့ကြတယ်။ ရန်ကုန်မြို့ပေါ်မှာဖြစ်နေတဲ့ အခြေအနေက လှုပ်လှုပ်ရွရွနဲ့ပေ့ါဗျာ။ ဒီ (၂၂) ရက်နေ့မှာ ကိုထင်ကျော်တို့ကနေပြီးတော့ ဒီ ကုန်ဈေးနှုန်းမြင့်တက်မှုတွေနဲ့ ပတ်သက်ပြီးတော့ ဆန္ဒပြမယ်လို့ သူတို့က ကြေညာထားတယ်။ ဆိုတော့ အဲဒါနဲ့ ပတ်သက်ပြီးတော့ တားဆီးဖို့အတွက်ကို အစိုးရကနေပြီးတော့လဲ အများကြီးပြင်ဆင်နေတာလဲ တွေ့ထားရတယ်။ ဆိုတော့ ဒီ ဆန္ဒပြမှုတွေကို တားဆီးဖို့အတွက် ပြင်ဆင်တဲ့အထဲက တစိတ်တပိုင်း အနေနဲ့ ကျနော်တို့ (၈၈) မျိုးဆက်ကျောင်းသားတွေကို ကျောင်းသားခေါင်းဆောင်တွေကို ထိန်းသိမ်းလိုက်ရင် သူတို့က ပြေလည်သွားမယ်လို့ ထင်နေတယ်။ ဒီဟာက ဖြေရှင်းတဲ့ နည်းလမ်းမမှန်ဘူးလို့ ကျနော်မြင်တယ်ဗျ။ ပြဿနာရဲ့ အရင်းခံအကြောင်းကို သေသေချာချာ ဇာစ်ဇာစ်မြစ်မြစ် စဉ်းစားပြီးမှ ဒီပြဿနာဟာ ဘာကြောင့်ပေါ်ပေါက်လာတာလဲ ဒီပြဿနာကို ဘယ်လို ဖြေရှင်းရမလဲ ဆိုတဲ့ကိစ္စကို သေသေချာချာ စဉ်းစားပြီးတော့ ကိုင်တွယ်သင့်တယ်လို့ထင်တယ်။ အခုက ဖြေရှင်းမှုနည်းလမ်းမမှန်ဘူး။ ဒီအတွက် ဒီလို ဖြေရှင်းမှုနည်းလမ်းမမှန်ဘူးဆိုရင် ကျနော်တို့က လိုတဲ့အဖြေဆီကို ရောက်မှာမဟုတ်ဘူး။ ဆိုတော့ ကျနော်တို့က မှန်မှန်ကန်ကန် ဖြေရှင်းစေချင်တယ်။ အခု ဖမ်းဆီးခေါ်ဆောင်သွားတဲ့ ကျနော်တို့ ရဲဘော်ရဲဘက်တွေနဲ့ သေသေချာချာ စေ့စပ်ဆွေးနွေးမယ်ဟေ့ဆိုရင် အခု ကျနော်ပြောတာတွေနဲ့ အတူတူပဲ တသဘောတည်းရှိတယ် ကျနော်တို့က အေးအေးချမ်းချမ်းပဲ ကျနော်တို့က ဆူပူအုံကြွမှုကို လိုလားတဲ့လူတွေ မဟုတ်ပါဘူး။ ဒီဟာတွေကို ကျနော်တို့က ဖန်တီးနေတဲ့လူတွေလဲ မဟုတ်ပါဘူး။ တကယ်တမ်းကျတော့ ဒီဟာက လောင်စာဆီပြဿနာတွေကနေ စတဲ့ လူထုရဲ့ မကျေနပ်မှုကြောင့် ပေါ်ပေါက်လာတဲ့ ကိစ္စတွေ ဒါက ဒဏ်ရာ လူထုရဲ့ အနာ ကျနော်တို့လိုချင်တာက အနာကိုပြတဲ့လူတွေရှိတယ်ဟေ့ဆိုရင် အနာက ဘာကြောင့်ဖြစ်တယ်ဆိုတဲ့ ကိစ္စနဲ့ ဒီအနာကို ဘယ်လို ဆေးချက်နဲ့ ကုသရမယ်ဆိုတဲ့ ကိစ္စကို ကျနော်တို့ ပြောဖို့အတွက်စောင့်နေတာ။ ဒီလို ပုံစံမျိုးဖြေရှင်းမယ်ဟေ့ ဆိုရင် ကျနော်တို့ရဲ့ အနာက မကျက်တဲ့အပြင် ကြီးသထက်ကြီးလာဖို့ပဲ ရှိတယ်ခင်ဗျ။"

ဟုတ်ကဲ့ခင်ဗျာ။ အခုဆိုရင် ကျနော်တို့ (၈၈) မျိုးဆက်ကျောင်းသားတွေကို ဘယ်လိုခေါ်မလဲ အဓိကတော့ ရွေးဖမ်းသလို ဖြစ်နေတာပေ့ါလေ။ အန်အယ်လ်ဒီ တခြားအဖွဲ့အစည်းတွေကို ဖမ်းတာမျိုး မတွေ့ရပါဘူး။ အဲတော့ ဒီလို အခြေအနေမျိုးမှာလေ ဒီနေ့ပေ့ါ မိုးလင်းရင် လူထုဆန္ဒပြပွဲတွေ ဖြစ်လာဖို့ရှိတယ်ပေ့ါနော်။ အဲဒီတော့ ဒီလို အခြေအနေမျိုးမှာ (၈၈) ကျောင်းသားတွေရဲ့ ကိုယ်စားပေ့ါလေ ပြည်သူလူထုကိုရော ဘာများ အသိပေးလိုတာ ရှိမလဲ ခင်ဗျ။

"ကျနော်တို့က ပြောချင်တာက ပြည်သူလူထုကို ကျနော် အခု (၈၈) မျိုးဆက်ကျောင်းသားတွေက ကျန်နေတဲ့ ကျနော် လှမျိုးနောင်အနေနဲ့ ပြောချင်တာက ဒီဒဏ်ရာဝေဒနာ ပေါ်ပေါက်ခဲ့တဲ့ အရင်းခံပြဿနာအကြောင်းတွေကိုလဲ စဉ်းစားပါ။ ဒီ ဒဏ်ရာဝေဒနာတွေ နောက်ထပ်မပေါ်ပေါက်ဖို့အတွက် ဘယ်လို ဖြေရှင်းရမလဲ ဆိုတဲ့ ကိစ္စကိုလဲ စဉ်းစားပါ။ ဆိုတော့ အခုလက်ရှိ သွားနေတဲ့ အတိုင်းဟေ့ဆိုရင်တော့ ဒီလိုမျိုး တဖက်သတ်ဖြေရှင်းမှုနည်းလမ်းနဲ့တော့ ပြဿနာတွေက ချုပ်ငြိမ်းသွားမှာမဟုတ်ပါဘူး။

ဆိုတော့ ကျနော်တို့က ဒီဟာကို လက်ရှိအုပ်ချုပ်နေတဲ့အစိုးရကို ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသား ပြောဖို့လိုအပ်တယ်လို့လဲ ယူဆပါတယ်။"

ဆိုလိုတာကတော့ ပြည်သူလူထုက လုပ်စရာရှိတာတွေ ဆက်လုပ်ရမယ်။ မကျေနပ်ချက်တွေကို ဆန္ဒပြဖော်ထုတ်မှုတွေ ဆက်လုပ်ရမယ်ဆိုတဲ့သဘောလား ခင်ဗျ။

"ဒီဟာက အစိုးရရဲ့ ဖြေရှင်းမှုအပေါ်မှာ မူတည်ပါတယ်။ လူထုကတော့ သူတို့ရဲ့ အကြပ်အတည်းတွေ မပြေလည်ဘူးဟေ့ဆိုရင် လူထုကတော့ ဆက်ပြီးတော့ ဒီလိုပဲ ပေါက်ကွဲလာမှာပဲ ဆူပူတာတွေ မငြိမ်မသက်ဖြစ်မှုတွေက ဖြစ်ပေါ်နေမှာပဲ။"

ဖမ်းဆီးခြင်းမခံရပဲ ကျန်ရှိနေသူ (၈၈) ကျောင်းသား ကိုလှမျိုးနောက်နှင့် မေးမြန်းချက် ပထမပိုင်းဖြစ်ပါသည်။ ၄င်းအပါအဝင် ကျန်နေတဲ့ခေါင်းဆောင်များ အဖွဲ့ချုပ်အပါအဝင် နိုင်ငံရေးခေါင်းဆောင်များမှ ယနေ့ ဆန္ဒပြပွဲကို ဘယ်လို ဦးဆောင်မှုပေးမလဲဆိုသည့် မေးမြန်းချက်ကိုမူ အခြားမေးမြန်းချက်များအပြီးတွင် ထပ်မံ ထုတ်လွှင့်ပေးဦးမှာဖြစ်ပါသည်။ အခု (၈၈) ကျောင်းသားခေါင်းဆောင် တဦးဖြစ်သူ ကိုအံ့ဘွယ်ကျော် ဘယ်လို အဖမ်းခံရသလဲ ဆိုတာကို ထုတ်လွှင့်ပေးမှာဖြစ်ပါသည်။ ကိုအံ့ဘွယ်ကျော်၏ နေအိမ်ကို အထူးရဲများ ဝင်ရောက်ဖမ်းဆီးနေစဉ် ဒီဗွီဘီက ဆက်သွယ်မေးမြန်း ထားတာဖြစ်ပါသည်။

ဟယ်လို ကိုအံ့ဘွယ်ကျော် ရှိပါသလား။

"ဘယ်က ဆက်ပါသလဲ"

နော်ဝေ၊ ဒီမိုကရက်တစ် မြန်မာ့ အသံ ရေဒီယိုက ဆက်ပါတယ်။

"ဟုတ်လား။ ဒီမှာ လာခေါ်သွားတယ်။ ဘယ်အချိန်က လာခေါ်သွားလဲ။

"ပြီးတော့ အိမ်ကိုလဲ ရှာဖွေနေပြီ။ ပြည်ထဲရေးဆိုလား၊ ပြီးတော့ အိမ်မှာလ သူ့အခန်းထဲကို လာရှာဖွေပြီးတော့ သိမ်းဆည်းနေပါတယ်။"

အခုပြောတာ ကိုအံ့ဘွယ်ကျော်နဲ့ ဘာတော်ပါသလဲ။

"ကျမက အမေပါ၊ အံ့ဘွယ်ကျော် အမေပါ၊ ဒေါ်တင်တင်ဝင်းပါ။"

ဘယ်သူတွေက လာခေါ်သလဲ ခင်ဗျာ။

"ဘယ်သူတွေလဲဆိုတော့ ဒုရဲမှူး အောင်မြင့်လို့ စာရေးထားတာ တွေ့တယ်။ ပါးစပ်နဲ့ပဲ လူကြီးတွေက ခေါ်ခိုင်းလို့ တွေ့ချင်လို့ဆိုပြီး လာခေါ်တာတဲ့။ စာရွက်စာတမ်းလဲ မပါဘူး။"

အခု ရှာဖွေတဲ့ လူတွေက အိမ်မှာ ရှာတုန်းပဲလား။

"ရှာနေပါတယ်၊ ရှာနေပါတယ်။ ရှိတဲ့အခွေတို့ ဘာတို့ အကုန်ယူပါတယ်။"

အခု ကိုအံ့ဘွယ်ကျော်ရော အိမ်မှာ ရှိသေးလား။

"မရှိတော့ဘူးရှင့်၊ ခေါ်သွားပါပြီ။ အခု ကျမပဲ အိမ်မှာ ကျန်ပါတယ်။"

သူတို့ ဘာကြောင့်မို့လို့ လာခေါ်တယ်လို့ ပြောလဲ ခင်ဗျ။

"အဲဒါတော့ မပြောဘူး ဘာကြောင့်ရယ်လို့။ ရှင်တို့ခေါ်တာ ဘာကြောင့် ခေါ်တာလဲတဲ့။ ဘာအကြောင်းပြမလဲ။ (ရှာဖွေနေတဲ့ ရဲများကို လှမ်းစကားပြော) – – – (ရှာဖွေနေတဲ့ သူများက စကားတိုးတိုးနဲ့ ပြန်ပြောသံများ ကြားနေရ၊ ဘာမှန်းတော့ မသဲကွဲပေ) – – – ဘာအကြောင်းမှ ပြောလို့ မဖြစ်ဘူးလို့ ပြောတာပဲ။ အဲဒီ ဒုရဲမှူး အောင်မြင့်ဆိုတာ ရှိတယ်။"

အမေကို အခုပြောနေတဲ့သူက ဘယ်ကလဲ၊ ရဲလား၊ ထောက်လှမ်းရေးလား။

"ရဲလို့ ပြောတာပဲသူက။ ဒုရဲမှူး အောင်မြင့်တဲ့။"

သူနဲ့ ကျနော် စကားပြောလို့ ရမလားလို့။

"ဟာ ရပါတယ်။ ပြောမလား"

ဟုတ်ကဲ့၊ ပြောချင်ပါတယ်။

"ဒုရဲမှူး အောင်မြင့်ဆိုတာ ဘယ်မလဲ၊ လာပါအုန်း။ နော်ဝေနဲ့ ပြောမယ် မီဒီယာက။

"မပြောဘူး။"

"ဘယ်နှယ့် မပြောလို့ ရမလဲ။"

– – – (ရှာဖွေနေတဲ့ ရဲများကို လှမ်းစကားပြော)" ခဏလောက် ပေးပါ၊ ခဏလောက်ပဲ မေးကြည့်ချင်တာပါလို့။

"ခဏလောက် မေးချင်လို့ပါတဲ့။ ကဲ ခဏပြောပါတဲ့ (ရှာဖွေနေတဲ့ ရဲများကို လှမ်းစကားပြော)။ မပြောဘူးလို့ ပြောနေတယ်။" မေးပါမေးပါ သူတို့ လာဖမ်းရတဲ့အကြောင်း သူတို့ အာဏာပိုင်တွေကို ကျနော်တို့က မေးမှာလေ။ ဘယ်လိုက်မေးရမှန်းလဲ မသိဘူး၊

အခုရှိတုန်း သိချင်လို့ပါလို့။ "ဟုတ်ကဲ့၊ လာပါအုန်း ခဏ။ – – – ရှင်တို့ အာဏာပိုင်ကို မေးမလို့တဲ့၊ အဲဒါ။ (စကားတိုးတိုးနဲ့ ပြန်ပြောသံကြားရ၊ ဘာမှန်းမသဲကွဲ) – – – ဟို မေးမယ်လေ။ – – – (ရှာဖွေနေတဲ့ ရဲများကို လှမ်းစကားပြော) မပြောဘူး မပြောဘူး၊ ကဲ မပြောချင်ဘူး။"

အခု မပြောချင်ဘူးဆိုတာ သူတို့က ရဲတွေပဲလား။

"ရဲလို့ ပြောတာပဲ၊ သူတို့ကတော့။"

သူတို့ကလဲ ဒီက တကယ်မေးချင်တဲ့သူက မေးတော့၊ လာတော့ သူများ အိမ်ပေါ်တော့ ပိုင်စိုးပိုင်နက် လာစစ်နေတယ်။

"ဟာ ပိုင်စိုးပိုက်နက်ပေါ့ ။ ဟိုရှာ ဒီရှာ ဟိုမွှေဒီမွှေပေါ့။ သူတို့အလုပ်က ဒါပဲရှိတာပဲ။"

တရားဝင် သတင်းဌာနတွေနဲ့ ပြောဖို့ကြတော့ တီ ဆားတွန့်သလို ကြောက်နေတယ်။ အမေ အဲဒါ ဘယ်လိုမြင်လဲဗျ။

"အေးလေ၊ တရားဝင် သတင်းဌာနနဲ့ ပြောချင်တာကြတော့ ဘယ်လို့ရှောင်ပြေးလဲတဲ့။ သိရုံလေးပါ မေးချင်လို့ပါတဲ့၊ – – – ဘာ၊ (စကားတိုးတိုးနဲ့ ပြန်ပြောသံကြားရ၊ ဘာမှန်းမသဲကွဲ) – – – ဒါတော့ မေးရမှာပေါ့၊ ဒါ ––– (ရှာဖွေနေတဲ့ ရဲများကို လှမ်းစကားပြော)မေးရမှာပေါ့။"

လူတယောက်လုံး လာဖမ်းသွားတာ၊ ဘာကြောင့်ဖမ်းတယ်ဆိုတာ ကျနော်တို့ သတင်းဌာနတွေက သိချင်တာပေါ့။

"မလာဘူး မလာဘူး ထွက်ပြေးပြီ။ ဟို အိမ်ရှေ့မှာ။"

တချက် လှမ်းခေါ်ပေးစမ်းပါ၊ လာပါလို့ ကျနော်တို့က မေးချင်လို့ပါလို့။ လူတယောက်လုံးတော့ ဖမ်းရဲပြီးတော့၊ ဘာဖြစ်လို့ ခဏလေးမေးတာ ဖုန်းနဲ့တော့ အဝေးကြီး လှမ်းကြောက်နေလဲလို့။

"ဟုတ်ကဲ့။ ခဏလောက် လာပါအုန်းတဲ့၊ လူတယောက်လုံးတော့ ဖမ်းပြီးတော့၊ မေးချင်တာလေးကြတော့ မဖြေနိုင်အောင် ဘာကြောက်တာလဲတဲ့။ လာလေ၊ တယောက်လာလေ၊ မပြောရဲဘူးလား၊ မရိုးသားလို့ပေါ့ဒါ၊ မမှန်ကန်လို့ပေါ့ (ရှာဖွေနေတဲ့ ရဲများကို လှမ်းစကားပြော)။"

ဟုတ်ပါပြီ အမေရေ။ ကျနော်တို့ နောက်ထပ်ပြီးတော့ မေးပါအုန်းမယ်။ သူတို့ ဘယ်တော့ပြန်ပို့မယ်၊ ဘာညာ ဘယ်လို ပြောသွားသေးလဲ၊

"အဲဒါတွေတော့ မပြောပါဘူးရှင့်။ ရုံးကို ခဏလိုက်ခဲ့ပါပေါ့နော်၊ လာခေါ်တယ်ဆိုတော့။ သူ့ကိုတော့ ရုံးကို လွှတ်လိုက်ပါပြီ။ ဒါပေမဲ့ သူတို့တွေကတော့ အိမ်မှာ ရှာမယ်ဖွေမယ်ပေါ့နော်၊ ယူမ
ယ်ပေါ့။"

အခုရှာနေတာ ဘယ်နှစ်ယောက်လောက် ရှိလဲခင်ဗျ။

"ဟာ အခုတော့ အားကြီးပဲ အိမ်မှာ၊ အားလုံး (၁၀) ယောက်လောက် ရှိမယ်ထင်တယ်။"

အခုဟာက အိမ်မှာ အမေတယောက်ပဲ ကျန်တာပေါ့နော်။

"ဟုတ်ကဲ့ ကျမ တယောက်ထဲပါ။" အမေအိမ်ကို ဝင်ပြီး ရှာတဲ့ဖွေတဲ့အချိန်မှာ သူတို့က ရှာဖွေတဲ့ ပုံစံတွေပါလား။ ဖမ်းဝရမ်းတွေပါလား။ "ဟာ မပါဘူး၊ မပါဘူး။ ဘာမှ မပါဘူး။"

အဲဒါတာတွေ အမေတို့က တောင်းသေးလား။

"တောင်းပေမဲ့ မရဘူးလေ။ ကျမကလဲ ဘယ်သူတွေလဲ နာမည်ရေး၊ လာတဲ့သူတွေကို။ ဘယ်သူတွေလဲ ဆိုတော့လဲ၊ ဟာ ရပ်ကွက်လူကြီးပါတယ်၊ ဘယ်သူပါတယ် ဘာဝါပါတယ်၊ ဒီလိုပဲ စာနဲ့တော့ ရေးမပေးဘူးပေါ့။ ကျမက ဘယ်လိုလုပ် မှတ်မိမှာလဲလို့ ဒီလူတွေကို။"

အခု အနားမှာလေ သူတို့ ရှိနေလား။ သူတို့ကို ပြန်ပြီးတော့ လှမ်းတောင်းကြည့်လို့ ရမလား။ ကျနော်တို့ မေးနေပါတယ်၊ အဲဒါမျိုးတွေ ခင်ဗျားတို့ပါလားလို့။

"မရဘူး ခဏ။ အဲဒီ ရှာဖွေပုံစံတွေ ဘာတွေ ပါသလားတဲ့၊ အဲဒါ မေးချင်လို့ပါတဲ့ ခဏ လာပြီးတော့ ဖြေပါတဲ့၊ လာဖြေပါတဲ့ သူနဲ့ ပြောလိုက်တော့ ရှင်းတာပေါ့၊ ရှင်တို့က (ရှာဖွေနေတဲ့ ရဲများကို လှမ်းစကားပြော)"

တီ – တီ – ဟယ်လို – – ဟယ်လို တီ တီ ဖုန်းလိုင်း ဖြတ်လိုက်ပုံရ၍ မနေ့ည သန်းခေါင်ယံ (၁၂) နာရီခွဲခန့်တွင် ကိုအံ့ဘွယ်ကျော်၏အမေ ဒေါ်တင်တင်ဝင်း ဖြေကြားသွားခြင်း ဖြစ်ပါသည်။ အခြားအိမ်များအား ဆက်သွယ် မေးမြန်းခဲ့သော်လည်း တယ်လီဖုန်းလိုင်းများ ဖြတ်တောက်ထား၍ အဆက်သွယ် မရခဲ့ပါ။

**အစသို့**

## လှမျိုးနော င်နဲ့ အင်တာဗျူး (၂)

*၂၃၊ ဩဂုတ်၊ ၂၀၀၇*

ယခုမနက် အသံမလွှင့်မီ နာရီပိုင်းအလိုမှာတွင် ဖုန်းလိုင်းအချို့ပြန်ပွင့်လာသည့်အတွက် ဖမ်းဆီးမခံရပဲ ကျန်နေသူ (၈၈) ကျောင်းသား ကိုလှမျိုးနောင်ကို ထပ်မံမေးမြန်းခွင့်ရခဲ့ပါသည်။ ကျောင်းသားများအဖမ်းခံလိုက်ရသည့်အတွက် ဒီကနေ့ ဆန္ဒပြပွဲကို နိုင်ငံရေးသမားများမှ ဦးဆောင်မှုပေးမှာလား၊ နိုင်ငံရေးသမားများ ဘာလုပ်နေသလဲ စသဖြင့် မေးမြန်းထားပါသည်။

ယခုလိုပါ ကိုလှမျိုးနောင်ရေ၊ အခုဆိုရင်ဗျာ ကျနော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အန်အယ်လ်ဒီလဲ ရှိတယ်ပေ့ါနော်။ အခုဆိုရင် (၈၈) ကျောင်းသားတွေကို တော်တော်များများ ဖမ်းဆီးလိုက်တဲ့အနေအထားပေ့ါ။ ဒီအနေအထားမှာလေ (၈၈) ကျောင်းသားတွေရဲ့ ကိုယ်စားပေ့ါ။ အန်အယ်လ်ဒီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုရော ဘာများ လက်ရှိအခြေအနေနဲ့ ပတ်သက်လို့ ဘာများပြောချင်တာ ရှိလဲဗျ။ ဘာများတိုက်တွန်းလိုတာရှိလဲ။

"သူက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က (၁၉၉၀) ပြည့်မှာ အနိုင်ရထားတဲ့ ပါတီအနေနဲ့ အခုချိန်ထိ သူက တရားဝင် ရပ်တည်နေဆဲဖြစ်တယ်။ ဆိုလိုတဲ့ သဘောက လူထုကို ကိုယ်စားပြုနေတဲ့ပါတီဖြစ်တယ်။ လူထုအတွင်းမှာ ဒီလို ပြဿနာတွေ ရှိနေတယ်ဟေ့ဆိုလို့ရှိရင် ဒီပြဿနာတွေကို ဘယ်လို ဖြေရှင်းရမယ်ဆိုတဲ့ နည်းလမ်းကို သူတို့ ပြောရလိမ့်မယ်။ ဒါမှသာလျှင် လူထုကို ကိုယ်စားပြုတဲ့ လူထုခေါင်းဆောင် လူထုဦးဆောင်ပါတီဖြစ်လိမ့်မယ်။ လူထုကို ဦးဆောင်မှုမပေးဘူးဟေ့ဆိုလို့ရှိရင် လူထုကလဲ အဲဒါကို ဦးဆောင်မှုနေရာမှာ ထားမှာမဟုတ်ဘူး။"

ဟုတ်ကဲ့ခင်ဗျ။ ကျနော်တို့ ဒီ တိုင်းရင်းသားပေ့ါ တိုင်းရင်းသား အင်အားစုတွေကိုရောပေ့ါဗျာ။ ဘာများ (၈၈) တွေအနေနဲ့ ပြောချင်တာ ရှိပါသလဲခင်ဗျ။

"တိုင်းရင်းသားဆိုတဲ့နေရာမှာ အခု ကျနော်တို့ ပြည်တွင်းမှာ နှစ်ပိုင်းရှိတယ်ခင်ဗျ။ လက်ရှိအမျိုးသားညီလာခံမှာ တက်ရောက်နေတဲ့ အပစ်အခတ်ရပ်စဲပြီးတော့ ငြိမ်းချမ်းရေးယူထားတဲ့ ငြိမ်းချမ်းရေးအဖွဲ့ (၁၇) ဖွဲ့ရှိသလို အပြင်မှာလဲ လူထုကနေ ရွေးချယ်တင်မြှောက်ထားတဲ့ တိုင်းရင်းသား ကိုယ်စားလှယ် (၆၈) ဦးရှိပါတယ်။ ဆိုတော့ နိုင်ငံရေးပါတီအနေနဲ့ လူထုရွေးချယ်တင်မြှောက်ခံထားရတဲ့ ကိုယ်စားလှယ်တွေအနေနဲ့ တိုင်းရင်းသားတွေ ရှိသလိုမျိုးပဲ ညီလာခံအတွင်းမှာရောက်နေတဲ့ တိုင်းရင်းသားကိုယ်စားလှယ်တွေ ရှိပါတယ်။ ဒီနေရာမှာ ကျနော်ပြောချင်တာကတော့ ပင်လုံကို ပြန်ခေါ်ရလိမ့်မယ်ဗျ။ ပင်လုံမှာ ကျနော်တို့ သဘောတူညီခဲ့တယ်ဆိုတဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ သဘောတူညီခဲ့တဲ့ စာချုပ်စာတမ်းတွေရှိသလို အစဉ်အလာတွေ ရှိတယ် အစဉ်အဆက်မှာ တိုင်းရင်းသား ခေါင်းဆောင်တွေ လိုလားတောင့်တတဲ့ ဒီကိစ္စတွေကို အခုလက်ရှိ ညီလာခံတွင်းမှာရှိနေတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေသော်၎င်း၊ ပြည်ပမှာရှိနေတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေသော်၎င်းက ဒီဆန္ဒတွေကို ပစ်ပယ်ပြီးတော့ စဉ်းစားမယ်ဟေ့ဆိုရင် မဖြစ်နိုင်ပါဘူး။ ဒီဆန္ဒတွေကို ရှေ့ရှုဦးတည်ပြီးတော့ ဆက်သွားမှသာ တိုင်းရင်းသားကိုယ်စားလှယ်တွေ ဖြစ်မယ်လို့ ကျနော်ထင်ပါတယ်။ ကျနော့်အနေနဲ့ကလဲ စစ်မှန်တဲ့ တိုင်းရင်းသားကိုယ်စားလှယ်တွေ ဖြစ်ပါစေ၊ ဖြစ်အောင် ကြိုးစားကြပါလို့ပဲ တိုက်တွန်းချင်ပါတယ်။"

ဟုတ်ကဲ့ ခင်ဗျ။ နိဂုံးချုပ်ပေ့ါလေ။ နောက်ဆုံး ဘာများ ပြောချင်တာရှိအုံးမလဲခင်ဗျ။ နက်ဖြန်၊ ဒီနေ့ပေ့ါ မကြာခင်ကျရောက်လာတော့မဲ့ ကိုထင်ကျော် ခေါင်းဆောင်ပြီး တိုင်းပြည်ထဲမှာ ဆန္ဒပြပွဲတွေဖြစ်တော့မယ်။ ဒီဟာတွေအတွက်နဲ့ပဲ (၈၈) တွေကို ဖမ်းထားတာဖြစ်တော့ ဒီလိုအဖမ်းအဆီးတွေ ဒီနေ့လုပ်မဲ့ ဒီ ဆန္ဒပြပွဲတွေ ဒါတွေနဲ့ ဆက်စပ်ပတ်သက်ပြီး ကိုလှမျိုးနောင် အနေနဲ့ ဘာများထပ်ပြောချင်တာ ရှိအုံးမလဲ ခင်ဗျ။

"ဟုတ်ကဲ့ ခင်ဗျ၊ အခုဖြစ်နေတဲ့ ပြဿနာက ဒဏ်ရာက နာလို့ နာနေတယ်လို့ အော်နေတဲ့ ပြဿနာပါ။ အဲဒီဟာကို ဒီ အနာတရဟာဘာ့ကြောင့် ဖြစ်သလဲဆိုတာကို ကျနော်တို့ (၈၈) မျိုးဆက်ကျောင်းသားတွေက ပြောနေတယ်။ ဒီအနာတရကို ပျောက်မဲ့ ဆေးနည်းကိုလဲ ကျနော်တို့ ပြောနေတယ်။ ဆိုတော့ ဒီဟာက ကျနော်တို့ အနာတရ အော်နေတဲ့လူတွေက ထိန်းချုပ်နိုင်ဖို့အတွက် ကျနော်တို့ ဆေးကုမဲ့လူတွေကို ဖမ်းဆီးထိန်းသိမ်းထားတယ်ဆိုတာက နည်းလမ်းမမှန်တဲ့ ဖြေရှင်းမှုဖြစ်နေတယ်။ ဒါဟာ နည်းလမ်းမကျဘူး။ ဆိုတော့ ဒီအနာကို ပျောက်စေချင်တယ်။ ဒီလိုမျိုး မငြိမ်မသက်မှုတွေကို ပျောက်စေချင်တယ်ဆိုရင် အေးအေးဆေးဆေး ပြေပြေလည်လည် ညှိနှိုင်းဆွေးနွေးမယ်ဟေ့ ဆိုလို့ရှိရင် အများကြီး ဖြစ်နိုင်ပါတယ်။ အခု လက်ရှိ ဒီညကပဲ ဖမ်းဆီးခေါ်ဆောင်သွားတဲ့ ကျနော်တို့ရဲဘော်ရဲဘက်တွေ အကုန်လုံးက ဒါနဲ့ ပတ်သက်ပြီးတော့ ကျနော့်အလားတူပဲ အေးအေးဆေးဆေး ပြေပြေလည်လည် ဆွေးနွေးညှိနှိုင်းဖို့ သဘောဆန္ဒရှိသူတွေချည်းပါပဲ။ အစဉ်တစိုက်နဲ့ အမျိုးသားပြည်လည်သင့်မြတ်ရေးနဲ့ စေ့စပ်ဆွေးနွေး ညှိနှိုင်းရေးဆိုတာကို ကျနော်တို့ အစဉ်တစိုက်ပြောခဲ့တာပါပဲ။ ဆိုတော့ အမြန်ဆုံး အခု ဖမ်းဆီးထိန်းသိမ်းထားတဲ့သူတွေနဲ့ စေ့စပ်ဆွေးနွေးပြီးတော့ ဒီပြဿနာတွေကို ပြေလည်အောင် ဖြေရှင်းလိုက်မယ်ဟေ့ဆိုရင် အကောင်းဆုံးနည်းလမ်းဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။ ဆိုတော့ အဲဒီအပေါ်မှာ လူထုအနေနဲ့ အကြောက်တရားတွေ ဝင်မနေကြပါနဲ့ ပူးပေါင်းဆောင်ရွက်ကြပါ။ ဒီ (၈၈) မျိုးဆက်ကျောင်းသားတွေက ရှေ့ကနေပြီးတော့

ဘဝတွေအသက်တွေ ရင်းပြီးတော့ ဒီ ဒဏ်ရာ အနာတရတွေ ကျက်ဖို့ နောက်နောင် ဒီလိုမျိုးအနာတရတွေ မဖြစ်ဖို့အတွက်ကို ကြိုးပမ်းနေတာပါ။ ဒီတော့ ကျနော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ပါ။ ကျနော်တို့က ပြတ်ပြတ်သားသားရွေးချယ်ဖို့ အချိန်ရောက်နေပြီလို့ အသိပေးချင်ပါတယ်။"

ယနေ့ ဆန္ဒပြပွဲကို ဦးဆောင်မှုပေးမည့် (၈၈) ကျောင်းသားတဦးဖြစ်သူ ကိုလှမျိုးနောင်ဖြစ်ပါသည်။ နောက်ဆုံးဝင်လာသည့် အတည်မပြုနိုင်သေးသည့် သတင်းများအရ ယနေ့ ဆန္ဒပြပွဲကို ဦးဆောင်မည့် ကိုထင်ကျော်သည် ပုန်းအောင်း လွတ်မြောက်နေဆဲဖြစ်ပြီး ဆန္ဒပြပွဲကို မဖြစ် ဖြစ်အောင် ပြုလုပ်ရန် စီစဉ်နေတယ်သည်ဟု ၄င်းနှင့်အနီးကပ်ရှိနေသူတဦးမှ ဒီဗွီဘီကို ပြောပါသည်။ အလားတူပင် (၈၈) ကျောင်းသားတဦးဖြစ်သူ ကိုကိုကြီးနှင့် ကိုဒွေးကြွယ်တို့သည်လည်း ဖမ်းဆီးမှုမှ လွတ်မြောက်နေဆဲဖြစ်ပြီး ယနေ့ ဆန္ဒပြပွဲကို လာရောက် ပူးပေါင်းဆောင်ရွက်ဖွယ် ရှိနေတယ်သည်ဟုအဆိုပါ ပုဂ္ဂိုလ်က ပြောကြားခဲ့ပါသည်။

**အစသို့**

---

## မဝါဝါဝင်းနဲ့ ဆက်သွယ်မေးမြန်းချက်

*၂၂ ၊ ဩဂုတ်၊ ၂၀၀၇*

(၈၈) ကျောင်းသားများနှင့် ၄င်းတို့၏ လုပ်ဖော်ကိုင်ဖက်များ ကိုင်ထားသည့် လက်ကိုင် တယ်လီဖုန်းအားလုံးကိုလဲ အဝင်ခေါ်ဆိုမှုများပိတ်ထားလိုက်သည့်အတွက် လုံးဝ ဆက်သွယ်လို့ မရဘဲဖြစ်နေခဲ့ရာမှ နံနက် (၄) နာရီလောက်မှာတွင် အဖမ်းဆီးခံ (၈၈) ခေါင်းဆောင်တဦးဖြစ်သူ ကိုပြုံးချို၏ ဇနီးသည် မဝါဝါဝင်းနှင့် တယ်လီဖုန်း အဆက်အသွယ် ပြန်ရခဲ့ပြီး ဒီဗွီဘီမှ ဆက်သွယ်မေးမြန်း ထားပါသည်။

"(၁၂) နာရီကျော်လောက်မှာပေါ့နော်။ လာဖမ်းတယ် သူတို့တတွေလေ။ လာဖမ်းပြီးတော့ကိုပြုံးချိုကို အရင် ခေါ်သွားခိုင်းတာပေါ့နော်။ ခေါ်သွားခိုင်းတယ်။ ခေါ်သွားခိုင်းပြီးတဲ့အခါမှာ သူတို့ ရှာတယ်ပေါ့နော်။ ရှာတဲ့အခါကျတော့ စာရွက်စာတမ်းကတော့ လူ့အခွင့်အရေး စာရွက်စာတမ်းပါပဲ။ ဘာမှ စာရွက်စာတမ်း ကြီးကြီးကျယ်ကျယ်တော့မဟုတ်ဘူး။ ကျမ ဖတ်လိုက်တာကတော့လေ။ အဲဒီ သက်ဝင်းအောင် တလပြည့် စာရွက်လေးရယ်။ အဲဒီ နှစ်ခုပေါ့နော်။ ယူသွားတယ်။"

ဟုတ်ကဲ့ "နောက်တခါကျတော့ ကျမ ဟန်းဖုန်းလဲ ယူသွားတယ်။ အဲဒါပဲ ပြီးတော့ အကြာကြီးပဲ သူတို့ရေးတာပေါ့။ စာရွက်အညီမှာပေါ့နော်။ စာရွက်စာတမ်း (၁၀) ခု တွေ့တယ်ဆိုတဲ့အကြောင်း ဟန်းဖုန်းနံပါတ်နဲ့ ဟန်းဖုန်း၊ ဒါတွေ သူတို့ရေးတယ်။ ရေးပြီးတော့ သူတို့ဟိုဟာဖြစ်တာပေါ့။ လက်မှတ်ထိုးခိုင်းတာပေါ့။ သူတို့ဖက်က နှစ်ယောက်သုံးယောက်ကိုပေါ့နော်။ ကျမကိုကျတော့ ပေးအပ်သူပေါ့။ ကျမက ပေးအပ်သူမဟုတ်ဘူး။ ဦးလေးတို့ ရှာလို့တွေ့တာပေါ့နော်။ ကျမကတော့ ပြောလိုက်တယ်လေ။ ရှာလို့တွေ့တော့ ပေးအပ်သူအနေနဲ့ လက်မှတ်ထိုးပေးပါပေါ့နော်။ အိမ်ထဲဝင်ရတာ အိမ်ရှင်ခွင့်ပြုမှ ဝင်ရတယ်ဆိုပြီး ဒါမျိုးလုပ်ပြီးတော့ ယူသွားတာပေါ့နော်။"

သူတို့လာဖမ်းတဲ့အချိန်မှာ ဖမ်းဝရမ်းတို့ ဘာတို့ပါလားခင်ဗျ။

"အဲဒါမျိုးတော့မပါဘူး။ ဟို ဖမ်းတဲ့လူက ဦးအောင်သန်းတဲ့ နောက်ပြီးတော့ အပွင့် သုံးပွင့်က ဘားနဲ့ အခက်နဲ့က လူကြီးတယောက်ပါတယ်။ ရန်ကုန်ခရိုက်ကတဲ့၊ နောက်တခုကကျ တပွင့်နဲ့က နှစ်ယောက်ပါတယ်။ ရဲပါတယ်။ ဆယ်အိမ်မှူးပါတယ်။ နောက်ပြီးတော့ကျတော့ လူကြီးလေးယောက်ပါတယ်။ နောက်ပြီးတော့ ကျမတို့နောက်လိုက်နေကျ အက်စ်ဘီ နှစ်ယောက်ပါတယ်။ အပြင်မှာကတော့ လေးယောက်ရှိတယ်။ အောက်မှာ ကားတွေ ပုလိစ်ကားတွေ ရှိတယ်ပေါ့နော်။"

သူတို့လေ ဘာကြောင့်လဲလို့ အကြောင်းပြပြောလဲခင်ဗျ။

"အကြောင်းပြတော့ ဘာမှမပြောဘူး ဟိုကျရင် သိမယ်ပေါ့နော်။ သူတို့က အဲဒါမျိုးပြောတယ်။"

လူတယောက်ကို ဖမ်းတယ်ဆိုရင် ခင်ဗျားကို ဘာကြောင့် ဖမ်းတယ်ဆိုတာကို ပြောရမှာပေါ့။ မိမိရဲ့ အမျိုးသားကို ဟိုကျရင် သိလိမ့်မယ်ဆိုတာမျိုး ပြောပြီးတော့လေ၊ ခေါ်သွားတာနဲ့ ပတ်သက်လို့ ဘာပြောချင်လဲခင်ဗျ။

"ဟုတ်ကဲ့ ကျမတို့တော့ ကျမတို့ကိုယ်ကျမတို့ အပြစ်မရှိဘူးလို့ ထင်တာပဲ လုပ်နေတာကလဲ ဥပဒေမဲ့ လုပ်တဲ့အလုပ် ဘာတခုမှ မပါဘူးလေ။ မပါတဲ့အခါကျတော့ ကျမတို့ကတော့ သူတို့ခေါ်သွားတယ်ဆို ကျမတို့က လိုက်ပေးရမဲ့တာဝန်ရှိတော့လေ။ လိုက်ပေးရတာပေါ့နော်။ သူတို့ခေါ်တယ်ဆိုကတည်းက လိုက်ရမယ်ပေါ့နော်။ သတ်မှတ်ချက်ကတော့ အဲဒါမျိုး သတ်မှတ်ချက်ဖြစ်တဲ့အခါကျတော့လဲ သိပ်ပြီးတော့ သူတို့နဲ့ အငြင်းပွားမနေတော့ဘူးလေ။ အဲဒါမျိုး အငြင်းမပွားတော့လဲ ပြဿနာကတော့ အထွေအထူးမရှိသွားပါဘူး။ သူတို့ဖက်ကလဲ ဒီလိုပဲ ဟို ဖမ်းတော့ လိုက်ခဲ့ပါပေါ့။ ကိုပြုံးချိုက ဒါသိတယ်။ ကျနော်လိုက်ရမယ်ဆိုတာ သိတယ်။ လာပြီဆိုရင်တော့ပေါ့နော်။ သူကပြောတာက ဒါပေမဲ့ ဟိုကျရင် သိပါလိမ့်မယ်ပေါ့။

သိပါတယ်ကွာဆိုတာမျိုး အဲဒါမျိုးတော့ ပြောတာပေါ့နော်။ ကိုပြုံးချိုတို့ ထွက်ပြီးမှ ပစ္စည်းတွေကိုရှာတယ်ပေါ့။ ဟိုဖက်ဒီဖက် အိမ်က လူနဲ့ အဲဒီ စာရွက်လေးတွေ တွေ့တော့ အမှုတွဲ ပုံစံမျိုး သူတို့ ရေးတယ်ပေါ့။ ဘယ်လောက်တွေ့တယ် ဘယ်လောက်တွေ့တယ်ပေါ့။ ကျမဖုန်းကိုကျတော့ နံပါတ်ဘယ်လောက်လဲဆိုပြီးတော့ နောက်တော့မှ ယူတာပေါ့နော်။ ဖုန်းခဏပေးပါ။ ကလီးယားဖြစ်ရင်တော့ ပြန်ပေးမယ်ပေါ့နော်။ သူတို့က အဲဒါမျိုးတော့ ပြောတယ်ရှင့်။”

ကိုယ့် ယောက်ျားက ဒီလိုမျိုးပဲ ထောင်ခဏခဏကျ ခဏခဏအဖမ်းခံနေရတဲ့ လူတယောက်ဆိုတာကတော့ သိပြီးသားပါ။ ဒါပေမဲ့ အခုလိုမျိုး အဖမ်းခံသွားရတဲ့အပေါ်မှာ မိန်းမသားတယောက်အနေနဲ့တော့ ခံစားရမှာပဲ။ ခံစားချက်ဘယ်လိုဖြစ်သလဲ ခင်ဗျ။

“ခံစားချက်တော့ ဖြစ်တယ်။ ကျမတို့က ကိုပြုံးချိုနဲ့ ပတ်သက်ပြီး ကျမတို့ (၈၈) ကတည်းက ကျောင်းသူကျောင်းသားတွေ အနေနဲ့ကတော့ ကျမတို့လိုနေတဲ့ လူ့အခွင့်အရေးနဲ့ ဒီလွတ်လပ်ခွင့် (၅၄) သန်းကို ကိုယ်စားပြုတဲ့ ကျမတို့ဟာ ကျမတို့မှာ အပြစ်လုံးလုံးလျားလျားမရှိဘူးလို့ ခံယူတယ်။ ကိုပြုံးချိုမှာလဲ အပြစ်မရှိဘူး။ လူ့အခွင့်အရေး စာရွက်စာတမ်းမိတယ်ဆိုတာလဲ လူတယောက်မှာ ဖတ်ပိုင်ခွင့်ရှိတဲ့ စာရွက်စာတမ်းကို သူတို့သည် အမှုတင်မယ်ဆိုရင်တော့ ဒါကတော့ မှားတယ်လို့ ကျမကတော့ ယူဆတယ်။ အရင်ကတည်းကလဲ ကိုပြုံးချိုလုပ်တဲ့ လုပ်ရပ်မှန်သမျှသည် ကျမအတွက် အမှားမရှိဘူးလို့ ယူဆယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျမတို့က လူ့စည်းလူ့ဘောင်ထဲကနေပြီးတော့ ဒီအလုပ်တွေကို လူပီသစွာ ကျမတို့ လုပ်တယ်။ ကျမက ဒါပဲပြောချင်တယ်လေ။”

ဟုတ်ကဲ့ သူတို့ကိုလေ ဖမ်းတာရော ဘာကြောင့်မို့လို့ ဒီနေ့မှာလေ ဖမ်းတယ်လို့ ထင်ပါသလဲ ခင်ဗျ။

“ကျမကတော့ ထင်တယ်ဆိုတာကတော့ သူတို့အနေနဲ့ကတော့ အမြဲတမ်းယုံကြည်ချက် အတွက်လုပ်နေတဲ့လူတွေ အတွက်ကတော့ အမြင်စောင်းကောင်းစောင်းလိမ့်မယ်ထင်တယ်။ ဘာအကြောင်းအရာကိုပဲဖြစ်ဖြစ်။ ဘာအလုပ်ကိုပဲဖြစ်ဖြစ်၊ ဘယ်လိုလူနဲ့ပဲ ပတ်သက်သက် ဒီလို ဖမ်းတတ်တဲ့သဘောတရားကတော့ ရှိနေတယ်လေ။ ကျမ ပြောပြတာက။ အဲဒီအတွက် ကျမတို့က သူတို့ကို ဘာပြောရမလဲဆိုရင်တော့ ကျမတို့ကို ဒီလိုဖမ်းချင်တိုင်းဖမ်း ဆီးချင်တိုင်းဆီးတဲ့အတွက် မြန်မာပြည်မှာကတော့ နေခွင့်တွေက လူအများအမြင်မှာလဲ မကောင်းဘူး။ ကျမတို့ ဘာကိုမှ ဘောင်ကျော်ပြီးလုပ်တဲ့အလုပ်မရှိဘူးဆိုတာတော့ ကျမကတော့ အရင်ထဲကလဲ ထင်တားတဲ့အတွက် ကိုပြုံးချိုကို ဒီလို လက်ခံပေးထားတာပေါ့နော်။”

ဒီနေ့မှာဆိုတော့ ဘယ်လိုခေါ်မလဲ တပြည်လုံး ဒီ ကုန်ဈေးနှုန်းကျဆင်းရေး၊ လောင်စာဆီးဈေးနှုန်းကျဆင်းရေး ဆန္ဒပြပွဲတွေက ရှိတော့ (၈၈) ကျောင်းသားတွေကလဲ လူထု ထောက်ခံမှုရှိနေတဲ့အခါကျတော့ ဒီ ဆန္ဒပြပွဲတွေနဲ့ ပတ်သက်ပြီးတော့ ကြိုဖမ်းဆီးတယ်လို့များ မတွက်မိဘူးလား ခင်ဗျ။

“အဲဒါကတော့ အစ်ကိုရ လုပ်ထုံးလုပ်နည်းပဲလေ။ သူတို့ကိုလဲ အတိအလင်းလုပ်မဲ့လူတွေက ကြေညာထားတယ်။ ကျမတို့ကလဲ ဒီအထဲက ပြောပိုင်ခွင့်ရှိတဲ့လူတွေ ဖြစ်တဲ့အခါကျတော့ ဒီအလုပ်ကို လုပ်တဲ့အတွက်တော့ သူတို့ဒါနဲ့ ငြိတယ်လို့ သတ်မှတ်တာပေါ့။ ကျမတို့ အနေနဲ့ကတော့ ဒီနေ့ ဖမ်းမယ်လဲမထင်ဘူး။ ဒါကလဲ လူတွေ အခုခံစားနေရတဲ့ အဖြစ်ကို ကျမတို့က လမ်းမပေါ်တက်ပြီးပြောမဲ့အဖြစ် ဖြစ်တဲ့အခါကျတော့ ကျမတို့ ဒါကိုတွေးမထားဘူး။ ဒီအတွက်တော့ ကျမတို့ကို ဖမ်းတယ်ဆိုရင်တော့ ကျမတို့အနေနဲ့ကတော့ ပြောချင်တာကတော့ ဒီအတွက်မှာ အပြစ်က လုံးဝမရှိတဲ့အတွက် ဖမ်းခွင့်မရှိဘူးလို့ ကျမကတော့ ထင်တယ်။ ကျမတို့ကတော့ ဘယ်လိုပဲဖြစ်ဖြစ် ပြည်သူတွေကိုယ်စားကတော့ သူတို့ကို လုပ်ပေးရမှာပဲလေ။ ဒါကတော့”

ဟုတ်ကဲ့ အခုဆိုလို့ရှိရင် (၈၈) ကျောင်းသားခေါင်းဆောင်တွေကို ဖမ်းလိုက်ပြီပေါ့ဗျာ။ ဒီလို ဖမ်းလိုက်ရုံနဲ့ ကိုပြုံးချိုအပါအဝင် ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဂျင်မီ၊ ကိုမြအေး၊ တို့အပါအဝင် ဒီလို ခေါင်းဆောင်တွေ ကိုဒွေးကြွယ်တို့ကို ဖမ်းလိုက်ရုံနဲ့ မနက်ဖြန်လုပ်မဲ့ ဆန္ဒပြပွဲတွေပေါ့ ဖြစ်လာမဲ့ ဆန္ဒပြပွဲတွေက အားနည်းသွားမယ်၊ ပျောက်သွားမယ်လို့ ယူဆနိုင်ပါသလားခင်ဗျ။

“အဲဒါကတော့ ပြည်သူတွေ များစွာပါဝင်မဲ့ ပွဲဖြစ်တဲ့အတွက် အခုလို ဖမ်းရုံနဲ့တော့ မဖြစ်ဘူးထင်တယ်။ ကျမပြောပြတာ။ သူတို့အနေနဲ့ကတော့ ဒီလူတွေဖမ်းရင် အင်အားလျော့နိုင်တယ်ထင်လို့ ဖမ်းတာပဲ။ ကျမပြောပြတာ။ ဒါပေမဲ့ ပြည်သူတွေ ပါဝင်မှုနှုန်းထားကိုကလဲ အားလုံးရဲ့ အပေါ်မှာ မူတည်ပြီးတော့ ဖြစ်လာတဲ့ကိစ္စဆိုတော့ အားလုံးဟာလဲ ပါလိမ့်မယ်လို့ ကျမကတော့ ထင်မိတယ်။ ကျမကိုယ်တိုင်လဲ ဒီ အားလုံးရဲ့ ဆန္ဒပြမှုမှာ ကျမကိုယ်တိုင်လဲ လိုက်ဖို့ အစီအစဉ်ရှိပြီးသားဖြစ်တဲ့အတွက် ကျမကတော့ ကိုယ့်အမျိုးသားဒီလို ပါတာဟာလဲ အားယုတ်ဖွယ်မရှိဘူးလို့ ထင်ပါတယ်။”

ဖမ်းဆီးခံ (၈၈) ခေါင်းဆောင်တဦးဖြစ်သူ ကိုပြုံးချို၏ ဇနီးသည် မဝါဝါဝင်း ဖြေကြားသွားခြင်းပါ။

**အစသို့**

## လမ်းလျှောက် ဆန္ဒပြသည့် အဖွဲ့နှစ်ဖွဲ့ အကြမ်းဖက် တိုက်ခိုက်ခံရ

*၂၃ ၊ ဩဂုတ် ၊ ၂၀၀၇*

ရန်ကုန်မြို့တွင် လမ်းလျှောက် ဆန္ဒပြသည့် အဖွဲ့နှစ်ဖွဲ့အား ယနေ့ အကြမ်းဖက် တိုက်ခိုက်ခဲ့သည်ဟု ကိုယ်တိုင်ပါဝင်သူများမှ ပြောပြပါသည်။ ယနေ့မနက်တွင် တောင်ဒဂုံမြို့နယ် အဖွဲ့ချုပ်ဝင် အမျိုးသား အမျိုးသမီး (၂၉) ဦးတို့သည် လောင်စာဆီဈေးနှုန်း ကျဆင်းရေးအတွက် လမ်းလျှောက်ပွဲကို ဆင်နွှဲခဲ့ကြပါသည်။ ၎င်းလမ်းလျှောက်ပွဲတွင် ပါဝင်သည့် အမျိုးသမီးအချို့ကို တောင်ဒဂုံမြို့နယ် မယက ဥက္ကဋ္ဌနှင့် ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့မှ အကြမ်းဖက် တိုက်ခိုက်ခဲ့ခြင်းဖြစ်ပါသည်။ ၎င်း ဆန္ဒပြပွဲတွင် ပါဝင်သူတဦးမှ ၎င်းတို့အဖွဲ့ အကြမ်းဖက် ခံရပုံကို ယခုလို ပြောပြပါသည်။

“အဲဒီမှာ ကျနော်တို့ လျှောက်လာရင်းနဲ့ ကျနော်တို့ ဘာမှ အန္တရာယ်မရှိဘူး သစ်စက်ကုန်းအထိ ကုန်ပဒေသာနဲ့ သစ်စက်ကုန်းကြားထဲမှာ ဆက်သွယ်ရေးရုံးရှေ့က ကျနော်တို့ ဖြတ်လျှောက်လာတော့ ဆက်သွယ်ရေး ရုံးထဲကနေပြီးတော့ အတွင်းရေးမှူး ဦးဘဦးက ကျနော်တို့နားကို ပထမတက်လာတယ်။ တက်လာပြီးတော့ ပြန်ခွာသွားပြီးတော့ သူ အားလုံးကို သွားစီစဉ်လားမသိဘူး။ သူက ပြီးတော့ ကျနော်တို့ နောက်ကို အားချင်းလိုက်တယ်။ ကားမှတ်တိုင်အဆုံး လမ်းဆုံ မှတ်တိုင် တခုရှိတယ်။ ကျောက်လမ်းရယ်။ ကတ္တရာလမ်းရယ်။ ဆုံတဲ့နေရာပေါ့။ အဲဒီသံလမ်းလေး မရောက်ခင် ကားမှတ်တိုင် မရောက်ခင်မှာ သူတို့ကား ဒိုင်နာ သုံးစီးလောက်ရှိတယ်။ ကျန်တဲ့ သူတို့ ရိုးရိုး ရပ်ထားတဲ့ ကားတွေလဲ ရှိတယ်။ အဲဒီအပေါ်ကနေ လူတွေ ဆင်းချလာပြီးတော့ အဲဒီမှာ လူငယ်ရော၊ လူကြီးရော၊ တုတ်တွေ ရိုက်ဖို့ သူတို့ စီစဉ်ထားတာပေ့ါ။ အဲဒီတုတ်မှာ ဆေးတွေပါသုတ်ထားတယ် တချို့ တုတ်ရဲ့ ထိပ်မှာ သံချွန်တွေပါပါတယ်။ ကျနော်တို့ကို ပြေးကပ်လာပြီး ထိပ်ဆုံးက ဦးစိုးကျော်နဲ့ ဒေါ်ခင်အေးကို တယောက်က ဖမ်းချုပ်ပြီးတော့၊ ဒေါ်ခင်အေးကို မယက ဥက္ကဋ္ဌ ကိုယ်တိုင်ကနေပြီးမှ ဖြတ်ပြီးတော့ ထိုးတာ အဲဒီမှာ ကျနော်တို့ အကုန်လုံးက ငြိမ်ပြီးတော့ ရပ်လိုက်ပြီးတော့၊ အဲဒီမှာ ဒီလို မိန်းမသား နှစ်ယောက်ကို ဒေါ်ခင်အေးရယ်၊ မမြင့်မြင့်သိန်းရယ်။ မိန်းမသားနှစ်ယောက်ကို ဒီလို မယက ဥက္ကဋ္ဌအပါအဝင် အဲဒီ ကြံ့ခိုင်ရေးရော၊ စွမ်းအားရှင်ရော ဝိုင်းပြီး ထိုးတာ မယက ဥက္ကဋ္ဌထိုးတာဆိုရင် ကျနော်တို့ကိုယ်တိုင် တွေ့ခဲ့တာ။ ကလစ်တွေပြုတ် အင်္ကျီတွေပြဲ အဲလိုမျိုး လာပြီးတော့ တက်ထိုးတဲ့ဟာကို ကျနော်တို့က ဒီအတိုင်းပဲ ကြည့်နေရတယ်။”

၎င်းနောက် လူစုကွဲပြီး မချို့ အဖမ်းအဆီးခံခဲ့ရပသည်။ တာမွေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မနီမိုလှိုင်တို့ ပါဝင်သည့် လမ်းလျှောက် ဆန္ဒသူ (၃၀) သည်လည်း တာမွေအဝိုင်းကြီးမှ အဖွဲ့ချုပ်ရုံးသို့ လမ်းလျှောက် ဆန္ဒပြခဲ့ကြပါသည်။ လူစုကွဲသွားသည့်အထဲမှ အချို့သည် မနီမိုလှိုင်ပါဝင်သည့်အဖွဲ့နှင့် ပူးပေါင်း ဆက်လက် လမ်းလျှောက်ခဲ့ကြပါသည်။ ယခုလိုပူးပေါင်းသည့် အင်အား (၅၀) လောက်ကို တားဆီးခံရပုံနှင့် ဝင်ရောက် ဆွဲရမ်းသည့်အတွက် ကာအိန္ဒြေပျက်ပြားခဲ့ရပါသည်။ ၎င်းနေရာတွင် ဖြစ်ပျက်သည့် အခြေအနေကို မနီမိုလှိုင်မှ ယခုလို ပြောပြပါသည်။

“ကျနော်တို့ အယောက် (၅၀) ကျော်က ရွှေဂုံတိုင် မီးပွိုင့်ထိပ်မှာ အတားခံရတယ်ဗျာ။ အတားခံရပြီးတော့ အတင်းဆွဲလွဲပြီး တင်တာတွေ ခံရတယ်ဗျာ။ အဲတော့ တယောက်နှစ်ယောက် ပထမ အဆွဲခံရပြီးတော့ အကြမ်းပတမ်းအဆွဲခံရပြီး ပါသွားတော့ တော်တော်လေး အခြေအတင် အကြမ်းပတမ်းဆွဲတယ်။ နောက်ဆုံး အယောက် (၅၀) လုံး လက်တွဲပြီးတော့ ရွှေဂုံတိုင် ထိပ် ရေတာရှည်လမ်းမ တည့်တည့်မှာပဲ ကျနော်တို့ အဲဒီအပေါ်မှာ ပလက်ဖောင်းပေါ်မှာ စုထိုင်ပစ်လိုက်တယ်။ စုထိုင်ပစ်လိုက်ပြီးတော့ သူတို့ ကျနော်တို့ အတင်း ကားပေါ်တက်ခိုင်းတယ်။ ဆယ်နာရီလောက်ရှိပြီ ဆယ်နာရီလောက်ကနေ အခုချိန်အထိပေ့ါ ကျနော်တို့ အဲဒီအဝမှာစုထိုင်နေပြီးတော့ နောက်ဆုံး တယောက်ချင်းအတင်း ယောကျ်ား လေးငါးဆယ်ယောက်က ယောကျ်ားတယောက်စီကို မိန်းမတယောက်စီကို အတင်းဝင်ဆွဲပြီးတော့ ကားပေါ်တယောက်ချင်း တင်သွားလိုက်တာ တစတစနဲ့ အယောက်နှစ်ဆယ်လောက် ပါသွားတယ်ခင်ဗျ။ နောက်ဆုံးကျန်တဲ့ အယောက်သုံးဆယ် အားလုံး စုထိုင်နေပြီးတော့ ဘာမှမရှိတော့ဘူး ကျနော်တို့ ရိုက်ရင်လဲ ဒီနားမှာပဲခံမယ်။ သတ်ရင်လဲ ဒီနားမှာပဲ အသေခံမယ်။ ခင်ဗျားတို့ ပြောသလို ကျနော်တို့ မလုပ်တော့ဘူး။ ကျနော်တို့အဖွဲ့ချုပ်ရုံးကိုပဲ ဆက်သွားမယ်။ ဆက်သွားခွင့်မရရင် ကျနော်တို့ ဒီနားမှာပဲ ထိုင်နေမယ်လို့ အားလုံးလက်တွဲပြီး ခေါင်းငုံ့ပြီး ထိုင်နေကြတော့ နောက်ဆုံး ကျနော်တို့ကို ဆဲတယ်၊ မခံချင်အောင်ပြောတယ်။ နောက်ဆုံး ယောကျ်ားလေးတွေကို ဘေးနားအစွန်နားက ထိုင်တဲ့ ယောကျ်ားလေးတွေကို ပုဆိုးကနေ စ လှန်ပြီးဆွဲတယ်။ ပြီးတော့ လူလေးငါးယောက်က ဆယ်ယောက်လောက်က ယောကျ်ားတယောက်စီကို ဝိုင်းဆွဲတယ်။ ကျနော်တို့ မိန်းမအုပ်စုကို ချက်ချင်းမဆွဲရဲပေမဲ့ နောက်ဆုံးအတွဲလိုက်ကြီး ကျနော်တို့ ပက်လက်တွေရော၊ ဒရွတ်တိုက်တွေရော၊ အတွဲလိုက်ကြီးဆွဲပြီး

နောက်ဆုံးလိုင်းကား တစီးပေါ်တင်ပေးလိုက်တယ်။ အဲဒီလိုင်းကားပေါ်မှာ နောက်ဆုံးအုပ်စု အယောက်သုံးဆယ်လောက်ပေါ့နော်၊ ပါပြီးတော့ အဖွဲ့ချုပ်ရုံးမှာ အခုပဲ အဖွဲ့ချုပ်ရုံးကို ကျနော်တို့ရောက်ပါတယ်။''

ကိုယ်တိုင်အချုပ်နှောင်ခံလိုက်ရသည့် အမျိုးသမီးတဦးလည်း သူမအနေနှင့် မိန်းကလေးတဦး၏ အရှက်သိက္ခာကိုပါ ထိခိုက်အစော်ကားခံရခြင်းကို ယခုလို ပြောပြပါသည်။

''အဲဒါလေ ကျမတို့ အဲလိုမျိုး လက်ချင်းချိတ်ပြီးတော့လေ ထိုင်နေတဲ့အချိန်မှာရှင့် သူတို့က မခံချင်အောင်ပြောတယ်။ ပြောပြီးတော့ ကျမကိုလဲ ဘာမှပြောဘူး။ မပြောပဲနဲ့ အဲဒါကို သူတို့က ငြီးတို့ကားပေါ်တက်မှာလား မတက်ဘူးလားဆိုပြီးတော့ အတင်းဆွဲတာရှင့် ကျမခြေထောက်ကို စဆွဲတော့လေ ထမီပါ ပါသွားတာ။ ပြန်ပြီးတော့ ဆွဲတာပေါ့နော်။ လက်ကိုလဲ တအားဆွဲပြီးတော့ လက်အဆစ်က နည်းနည်း လွဲသွားတယ်ရှင့်''

သာမန်အရပ်ဝတ်များနှင့် အုပ်စုလိုက် အကြမ်းဖက်မှုသည် (၂၀၀၃) ခုနှစ်က ဖြစ်ပွားခဲ့သည့် ဒီပဲယင်း အကြမ်းဖက်မှု၊ ဧရာဝတီတိုင်း အုတ်ပုံရွာ ရိုက်နှက်မှု နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေး ဝတ်ပြုဆုတောင်းပွဲများအား အကြမ်းဖက်နှိမ်နင်းခံရသည့် ပုံသဏ္ဍာန်များအတိုင်းပင် ဖြစ်ပါသည်။ မနေ့ကရော ဒီကနေ့ပါ။ ရန်ကုန်မှ ဆန္ဒပြပွဲကို အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ယူနီဖောင်းဝတ်ထားသည့် လုံခြုံရေး ဝန်ထမ်းတွေမဟုတ်ပဲ အရပ်ဝတ် ဝတ်ထားသူများမှ လုပ်ဆောင်ကြခြင်းဖြစ်ပါသည်။ လမ်းလျှောက်ဆန္ဒပြသူများအား အကြမ်းဖက်မှု အမျိုးသမီးများအပေါ် ကာအိန္ဒြေ ပျက်ပြားအောင် လုပ်ဆောင်များနှင့် ပတ်သက်၍ ရပ်တန်းက ရပ်ဖို့ (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုဒွေးကြွယ်မှ ယခုလို ပြောပါသည်။

''အင်္ကျီအဝတ်အစားတွေပါ ဆွဲဖြုတ်တဲ့ အဆင့်အထိကို ကြမ်းကြမ်းတမ်းတမ်းကြီးကို ဖမ်းဆီးတာကိုလဲ ကျနော်တို့ ကြားရတယ်။ ဒီလိုမျိုး ဥပဒေကနေပြီးတော့ ခွင့်ပြုထားတာလား။ ယူနီဖောင်းဝတ်တွေ မဟုတ်ပဲနဲ့ လုပ်ချင်ရာလုပ်ခွင့်ရှိနေတဲ့ လက်ကိုင်တုတ်တွေကို အသုံးပြုပြီးတော့ ဒီ စစ်အစိုးရဟာ ပြည်သူတွေအပေါ်မှာ နှိပ်ကွပ် နေတာလားဆိုတဲ့ဟာကို ကျနော်တို့ တွေ့နေရပါတယ်။ ဒီအဖြစ်အပျက်တွေဟာ တိုင်းပြည်ရဲ့ အနာဂတ်အတွက်မကောင်းသလို အခု ပစ္စုပ္ပန် အတွက်လဲ မကောင်းပါဘူး။ ဒီဟာတွေကို ရပ်တန်းက ရပ်ပါလို့ ကျနော်တို့ ပြောချင်တယ်။''

တကိုယ်တော် ဆန္ဒပြမှုနှင့် အကြိမ်ကြိမ်ဖမ်းဆီးခံရဖူးသည့် ဦးအုန်းသန်းကလည်း အမေရိကန် သံရုံးရှေ့တွင် အချက် ခြောက်ချက် ပါဝင်သည့် တောင်းဆိုချက် ပိုစတာကို ကိုင်ဆောင်ပြီး ယနေ့ နေ့လည်တနာရီတွင် ဆန္ဒပြခဲ့ပါသည်။ ၎င်းပိုစတာတွင် ပြည်သူ့ကိုယ်စားပြု အစိုးရတည်ထောင်ရန် ပြည်သူ့ဆန္ဒအမှန်ကို နာခံရန်၊ စစ်အာဏာရှင် နိုင်ငံများ ချုပ်ငြိမ်းရန် စသည်များ ပါရှိပြီး အောက်ပိတ်ဆုံးတွင် တရုတ်၊ ရုရှား ဗီတို အလိုမရှိ အလိုမရှိဆိုပြီး ရေးသားထားပါသည်။ ဆန္ဒပြပြီး မကြာခင်မှာပင် လူသုံးဦးမှ ချုပ်နှောင်ခေါ်ဆောင်သွားပါသည်။ အခုထက်ထိတော့ ဘယ်ကိုရောက်နေလဲဆိုတာ စုံစမ်းလို့မရသေးပါ။ ရန်ကုန်မှ လမ်းလျှောက်ဆန္ဒပြပွဲများအား အရပ်ဝတ်များနှင့် ကြမ်းကြမ်းတမ်းတမ်း ဖမ်းဆီးလိုက်ခြင်းသည် ရှိသောလလည်း မကွေးတိုင်း ရေနံချောင်းမြို့တွင် ယနေ့နေ့မနက် လမ်းလျှောက်ဆန္ဒပြပွဲများ အောင်အောင်မြင်မြင် အဆုံးသတ်ခဲ့ပါသည်။ ၎င်းဆန္ဒပြပွဲတွင် ကိုယ်တိုင် ပါဝင်ခဲ့သည့် မကွေးတိုင်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသမီး တာဝန်ခံ ဒေါ်ခင်စောဌေးက ယခုလို ပြောပြသွားခဲ့ကြောင်းပါခင်ဗျာ။

''အန်တီတို့ ဒီနေ့ မနက် (၈) နာရီကနေ စပြီးတော့ ဓါတ်ဆီဈေး လောင်စာဆီဈေး ဈေးတက်တဲ့အတွက် ပြည်သူ လူထု ဒုက္ခရောက်နေတဲ့ ဟာကို ထင်ပေါ်အောင်လို့ အန်တီတို့ကနေပြီးတော့ လမ်းလျှောက်ချီတက်ပြီးတော့ ဆန္ဒပြပွဲ စတယ်။ အင်အားကတော့ သားရေ စိတ်ပါဝင်စားတဲ့ သုံးဆယ်လောက်ကနေ တဖြည်းတဖြည်းနဲ့ ခြောက်ဆယ်လောက်တော့ ဖြစ်သွားတာပေါ့။ အဲဒီလို လုပ်တဲ့အခါမှာ စုရပ်နေတဲ့ အန်တီတို့ ချမ်းသာကြီး ဘုရားနားကနေပြီးတော့ ဈေးကိုပတ်လိုက်တယ်။ ပတ်တဲ့အခါမှာ အန်တီတို့ ဝင်ပြီးတော့ ပြည်သူလူထုအတွက် ကုန်ဈေးနှုန်းတွေ ကြီးမြင့်တဲ့အတွက်ကြောင့် ရဆကသအဒာတ်ဆီဈေး လောင်စာဆီဈေး ကျဆင်းအောင်လို့ တောင်းဆိုတဲ့အနေနဲ့ ဆန္ဒပြနေပါတယ်။ ပြည်သူလူထုလဲ ပူးပေါင်းပါဝင်နိုင်ပါတယ်။ ပြည်သူလူထုအတွက် လုပ်နေတယ်ဆိုတာကို ပြည်သူလူထုကို သဘောပေါက်အောင် ရှင်းရှင်းရှင်းရှင်း ဖြည်းဖြည်း ဖြည်းဖြည်းနဲ့ လျှောက်ပြီး ဆန္ဒပြတာ အန်တီတို့က ရုံးပေါင်းစုံ ရုံးစိုက်တဲ့နေရာကို အန်တီတို့ ဆန္ဒပြတဲ့နေရာက တမိုင်ကျော်ကျော်ဝေးတာပေါ့။ အဲဒီအထိ ဖြည်းဖြည်း ဖြည်းဖြည်း လျှောက်တယ်။ အဲလို လျှောက်တဲ့အခါမှာ ဒီ ရဲတွေက ဟိုင်းလပ်ကားနဲ့ရော မော်တော်ဆိုင်ကယ် ဆယ်စီးလောက်နဲ့ရော ပါပါတယ်။ မီးသတ်လဲ တွေ့တယ်။ ရဲတွေကတော့ နံပါတ်တုတ်တွေ ကိုင်ထားတယ်။ အန်တီတို့ဆီမှာတော့ အေးအေးချမ်းချမ်း နဲ့ပဲ ဆန္ဒပြနိုင်ပါတယ်။ မဝတ ဥက္ကဋ္ဌက ဘာ့အတွက် ဆန္ဒပြတာတုန်းမေးတယ်လေ။ လောင်စာဆီဈေးကြီးတဲ့ အတွက်ကြောင့်မို့လို့ လူထုကို ဒီမှာ လမ်းလျှောက်ပြီးတော့ ဆန္ဒပြတယ်။ ကုန်ဈေးနှုန်းတွေ ကြီးတဲ့အတွက် လူထု မသက်သာတာကို ဒါပေမဲ့လို့ မဝတ

ဥက္ကဋ္ဌအနေနဲ့ ဘာမှလုပ်မပေးနိုင်ဘူးဆိုတာ သိတယ်လေ။ ဒါကြောင့်မို့လို့ သူတို့ရဲ့ အထက်က နအဖစစ်အစိုးရကို သိစေချင်လို့ အန်တီတို့လုပ်ပေးနေတာပေ့ါ။"

မန္တလေးမြို့မှာတော့ အာဏာပိုင်များ လုံခြုံရေး တင်းကြပ်ထားသည်ဟု မျက်မြင်တဦးမှ ပြောပြသွားခဲ့ကြောင်းပါ။

**အစသို့**

---

## ဆန္ဒပြပွဲများကို အရှိန်မြင့် ဆောင်ရွက်သွားမည်ဟု (၈၈) ကျောင်းသားများ ကြေညာ

*၂၃ ၊ ဩဂုတ် ၊ ၂၀၀၇*

ရက်ဆက်တိုက် ဖြစ်ပွားနေတဲ့ ဆန္ဒပြပွဲတွေကို ဒီကနေ့ ဩဂုတ်လ (၂၄) ကစပြီး အရှိန်မြင့် ဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ (၈၈) မျိုးဆက် ကျောင်းသားတွေက ကြေညာ လိုက်ပါတယ်။ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ကြီး အပါအဝင် နိုင်ငံအနှံ့က မြို့ကြီးများတွင် ဆက်တိုက်လုပ်သွားမည်ဖြစ်ကြောင်း (၈) လေးလုံးအရေးတော်ပုံကို ဦးဆောင်ခဲ့သူများထဲမှ တဦးဖြစ်သူ ကိုဌေးကြွယ်မှ ပြောပါသည်။ ထို့ကြောင့် ဒီမိုကရေစီ လိုလားသူတိုင်း ဒီဆန္ဒပြပွဲများတွင်ပါဝင်ပူးပေါင်းကြဖရန် လိုသည်ဟု ကိုဌေးကြွယ်မှ ယခုလို တိုက်တွန်းခဲ့ပါသည်။

"ကျနော်တို့ (၈၈) မျိုးဆက်ကျောင်းသားများနဲ့အတူ၊ မြန်မာနိုင်ငံရဲ့ အပြောင်းအလဲ အသစ်တခုကို လိုလားတဲ့ ကျနော်တို့နိုင်ငံရဲ့ နိုင်ငံကို ချစ်တဲ့သူတွေ ဒီမိုကရေစီအရေး လှုပ်ရှားနေတဲ့သူတွေ အန်အယ်ဒီအဖွဲ့ဝင်တွေ အပါအဝင် ရဟန်းသံဃာတွေရော ကနေ့လက်ရှိကျောင်းတက်နေတဲ့ တက္ကသိုလ်ကျောင်းသား ကျောင်းသူအပေါင်းရော၊ ပူးပေါင်းပါဝင်တဲ့ ဆန္ဒပြပွဲတခုကို ကျနော်တို့ဟာ ဒီကနေ့ ဆင်နွှဲတော့မှာ ဖြစ်ပါတယ်။ အဲဒါဟာ လက်ရှိ (၈၈) ကျောင်းသားခေါင်းဆောင်များကို ပြန်လွှတ်ရေးနဲ့အတူ မြန်မာနိုင်ငံမှာ ကျနော်တို့လူထုရဲ့ တကယ်ခံစားနေရတဲ့ စီးပွားရေးအကြပ်အတည်း နိုင်ငံရေး အကြပ်အတည်းတွေကို လက်တွေ့ကျကျ ဖြေရှင်းဖို့ မြန်မာနိုင်ငံမှာ ရှိနေတဲ့စစ်အစိုးရကို ကျနော်တို့ တောင်းဆိုခြင်းဖြစ်ပါတယ်။ ဒီ ဆန္ဒပြပွဲကို မိဘပြည်သူအပေါင်း မြန်မာပြည်ရဲ့ အနာဂတ်ကို ချစ်တဲ့သူအပေါင်းဟာ ပူးပေါင်းပါဝင်ကြပါလို့ ကျနော်တို့လဲ ဖိတ်ခေါ်ပါတယ်။"

(၈) လေးလုံးအရေးတော်ပုံကို ဦးဆောင်ခဲ့သူများထဲမှ တဦးဖြစ်သူ (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ် ဖြစ်ပါသည်။ အလားတူပင် အခြား (၈၈) ခေါင်းဆောင်တဦးဖြစ်သူ ကိုလှမျိုးနောင်ကလည်း ပြည်သူမြူများအား ယခုလို တိုက်တွန်းထားပါသည်။

"(၁၉) ရက်နေ့က ကျနော်တို့ (၈၈) မျိုးဆက်ကျောင်းသားတွေ ဦးဆောင်ပြီးတော့ ကိုက္ကိုင်းကနေ ရွှေဂုံတိုင်၊ ရွှေဂုံတိုင်ကနေ တာမွေကို လမ်းလျှောက်ခဲ့ကြတယ်။ အဲဒီလမ်းလျှောက်ပွဲ ပြီးတဲ့ နောက်ပိုင်းမှာ ဆက်တက်ဆိုသလိုပဲ လူထုကနေပြီးတော့ ပါဝင်လာတာတွေ ရှိတယ်။ ဒါပေမဲ့ သူတို့ဖက်က ဟန့်တားနှောင့်ယှက်တာတွေနဲ့ ပတ်သက်ပြီးတော့လူထုရဲ့ အမြင်မှာ အခု သူတို့က ပူးပေါင်းပါဝင်မှုလုပ်ဖို့အတွက် လူထုက တွန့်နေကြတာ။ ဆိုတော့ အခု ဒီ ဆန္ဒပြမှုတွေဆိုတာ ကျနော်တို့ ဖန်တီးတာမဟုတ်သလို ကျနော်တို့ တားဆီးလို့လဲ မရဘူး။ သူ့ဘာသာသူ သွားနေတဲ့ကိစ္စတွေ လူထုက သူ့ခံစားချက်ကို သူ ဖော်ပြနေတဲ့ကိစ္စ ဆိုတော့ကာ ကျနော်လူထုကို ပြောချင်တာက ဒီဟာ ဟာ တကယ်ကိုလူထုကြားကနေ ထွက်လာတဲ့ သဘောထားဆန္ဒတွေ လူထုကြားကနေပေါ်ပေါက်လာတဲ့၊ မွေးဖွားလာတဲ့ လှုပ်ရှားမှုတွေသာဖြစ်တယ်။ ဒါကြောင့်မို့လို့ ရဲရဲရင့်ရင့်နဲ့ ပူးပေါင်း ပါဝင်ကြပါ။ ဒီ ဖိနှိပ်မှုတွေ ဟန့်တားမှုတွေနဲ့ ပတ်သက်လို့လဲ ရဲရဲရင့်ရင့်သာ ရင်ဆိုင်ကြပါ။ ကျနော်တို့က ကိုယ်ကြိုးစားရင် ကြိုးစားသလောက် ကျနော်တို့က ရလဒ်ကောင်းတွေ ထွက်ပေါ်လာမှာပဲ၊ လူထုအနေနဲ့ သေသေချာချာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြဖို့ကို ကျနော်ပြောချင်တယ်။"

(၃) ရက် ဆက်တိုက်ဖြစ်ပေါ်နေသည့် ဆန္ဒပြပွဲများအားကြံ့ခိုင်ရေးနှင့် စွမ်းအားရှင်များမှ တားဆီးနှောက်ယှက် နေတာနှင့်ပတ်သက်ပြီး ထပ်မေးသည့် အခါမှာတော့ ကိုဌေးကြွယ်မှ အခုလို ဖြေကြားခဲ့ပါသည်။

"ဒီလို ဆန္ဒပြပွဲကို ပိတ်ပင်မဲ့ တားဆီးမဲ့ စွမ်းအားရှင်တွေ ၊ ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေး အသင်းဝင်တွေကိုလဲ ကျနော်တို့ ပြောချင်ပါတယ်။ မြန်မာနိုင်ငံမှာ ခံစားနေရတဲ့ စနစ်ရဲ့ သားကောင်တွေ အဖြစ် ကျနော်တို့ မြန်မာပြည်သူပြည်သားအားလုံး ခံစားကြရတာပါ။ အဲဒီတော့ ကြံ့ခိုင်ရေး အဖွဲ့ဝင်တွေ စွမ်းအားရှင် အဖွဲ့ဝင်တွေ ကိုယ်ဟာ တိုင်းပြည်အတွက် လုပ်နေတယ်လို့ မထင်ပါနဲ့ လက်တစ်ဆုပ်စာ လူနည်းစုကို ခင်ဗျားတို့ ကာကွယ်နေတယ် ဆိုတာကို ခင်ဗျားတို့ကို ခင်ဗျားတို့ ပီပီသသ မြင်အောင် ကြည့်ကြပါ။ ပြည်သူရဲ့ ဆန္ဒ ပြည်သူရဲ့ ဘဝကို ခင်ဗျားတို့ ဘယ်လိုအကူအညီပေးနိုင်မလဲ ဘယ်လို မြင့်တင်နိုင်မလဲ ဆိုတာကို ခင်ဗျားတို့ ကြည့်ကြပါလို့ ဒီနေရာကနေ ပြီးတော့ မေတ္တာ ရပ်ခံချင်တယ်။ ပြီးတော့ မင်းမဲ့ စရိုက်ဆန်ဆန် ရမ်းကားမှုတွေကို ဟာလဲ သမိုင်းမှာ အမဲစက် အဖြစ်ထင်ရစ်မယ့် အရာတွေပါ။ အဲဒီတော့ ဘယ်လို အတားအဆီးမျိုးပဲ ရှိရှိ ဒီကနေ့ ဒီအချိန်မှာ ရဟန်းရှင်လူ ကျောင်းသား

ပြည်သူအပေါင်း ပူးပေါင်းပြီးတော့ မြန်မာပြည်သူလူထု ခံစားနေရတဲ့ စီးပွားရေး အကြပ်အတည်းနဲ့ အတူ နိုင်ငံရေး အကြပ်အတည်းကိုလဲ တိတိကျကျ ဖြေရှင်းဖို့ တွေ့ဆုံဆွေးနွေး ဖြေရှင်းပေးဖို့ စစ်အစိုးရကိုလဲ ကျနော်တို့ တောင်းဆိုပါတယ်။ ဒါဟာ ပြည်သူပါဝင်လာတဲ့ ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေ ပါဝင်တဲ့ ပြည်သူ့ရဲ့ ဆန္ဒအမှန်ဖြစ်တယ်ဆိုတာကို ကျနော်တို့ ပြောချင်ပါတယ်။ အဲဒီတော့ပြည်သူလူထုအနေနဲ့လဲ ကျနော်တို့နဲ့ အတူ ဝိုင်းဝန်းပြီးတော့ ပူးပေါင်း ပါဝင်ပေးကြပါလို့ ကျနော်တို့ ဖိတ်ခေါ်ပါတယ်။ ”

ယနေ့ သြဂုတ်လ (၂၄) ကစပြီး ဆန္ဒပြပွဲများအား အရှိန်မြှင့် လုပ်ဆောင်သွားရန် စီစဉ်ထားသူ (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်နှင့် ကိုလှမျိုးနောင်တို့၏ ပြောကြားချက်များအရ ဖြစ်ပါသည်။

**အစသို့**

---

## နယ်မြို့များတွင် တကိုယ်တော် ဆန္ဒပြမှုများ ဖြစ်ပွား

*၂၄ ၊ သြဂုတ် ၊ ၂၀၀၇*

လောင်စာဆီဈေးတက်သည့် နောက်ဆက်တွဲ အခြေအများနှင့် ပတ်သက်ပြီး နယ်မြို့များတွင်တကိုယ်တော် ဆန္ဒပြမှုများ ဖြစ်ပွားနေတယ်လို့ သိရပါသည်။ တကိုယ်တော် ဆန္ဒပြမှု ပထမဆုံးဖြစ်သည့် နေရာမှာ ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့ကပါ။ ဆန္ဒပြသူ ဘယ်သူ ဘယ်ဝါဆိုသည် မသိရသေးသော်လည်း ဖြစ်ခဲ့သည်မှာ ပြီးခဲ့သည့် အင်္ဂါနေ့တုန်းက ဖြစ်ပါသည်။ မူဆယ်မြို့လည်ခေါင် လမ်းဆုံမှာရှိသည့် နာရီစင်အနီးတွင် နိုင်ငံရေး မိန့်ခွန်းပြောနေတုန်း မိနစ်ပိုင်းအတွင်းတွင်နယ်မြေခံ ရဲများမှ၄င်းတို့ကိုဖမ်းဆီး လိုက်ပြီ ဖြစ်ပါသည်။

“မနေ့က နာရီစင်မှာ တကိုယ်တော် ဆန္ဒပြသွားတယ်။ အဲဒါနဲ့ ကြောက်လန့်ပြီးတော့မှ အင်အားတွေ သုံးပြီးချစောင့်ထားရတာ။ ရှုးတယ်ဆိုပြီး အစစ်ဆေးခံရတယ်။ ဒီနားမှာ ရဲတွေအများကြီးပဲတဲ့ ညနေပိုင်းတဲ့ အရှုးတယောက်ကပြောတယ် တကိုယ်တော်တဲ့ နိုင်ငံရေး မိန့်ခွန်းတွေ ပြောနေတာတဲ့”

တကိုယ်တော် ဆန္ဒပြမှုဖြစ်၍ မူဆယ်မြို့တွင် လုံခြုံရေးတင်းကြပ် လိုက်သည်ဟု မူဆယ်မြို့ခံတဦး ပြောပြသွားခြင်းပါ။ ဒုတိယအကြိမ် ဖြစ်ခဲ့သည်မှာ မနေ့မှ အမေရိကန် သံရုံးရှေ့ တကိုယ်တော် ဆန္ဒပြမှု ဖြစ်ပါသည်။ ဆန္ဒပြသူမှ အသက် (၆၂) အရွယ် ဦးအုန်းသန်း ဖြစ်ပြီး နေ့လည်တွင် ပိုစတာ ကိုင်ဆောင်ပြီး ဆန္ဒပြစဉ်တွင်အာဏာပိုင်များမှ ဖမ်းဆီးခဲ့ပါသည်။ ယခုလိုဆန္ဒပြ၍ အကြိမ်ကြိမ် ဖမ်းဆီးခံရသူည်းဖြစ်ပါသည်။ ယနေ့ တကိုယ်တော် ဆန္ဒပြမှု ထပ်ဖြစ်သည်မှာ ပုသိမ်မြို့မှ ဖြစ်ပါသည်။ ဆန္ဒပြသူမှာ ဦးအေးဝင်း ဖြစ်ပြီးတော့ လူစည်ကားတဲ့ မြို့လယ်မှာ ဓါတ်ဆီဈေးအတက် ပြည်သူတွေအခက် ဆိုတဲ့ ပိုစတာကို ကိုင်မြောက်ပြီးတော့ ဆန္ဒပြခဲ့ခြင်း ဖြစ်ပါသည်။

“အဲဒီ တကိုယ်တော် ဆန္ဒပြတာဗျ။ ---နေရာတွေထိအောင် ရောက်တယ်။ နောက်ဈေးကျောင်း ဆိုတဲ့နေရာ ရောက်တာပေ့ါ။ ဈေးကျောင်းရပ်ကွက်ပေ့ါ။ အဲဒီလမ်းရောက်တော့ လူနည်းနည်း သူကို ကြည့်တဲ့သူတွေ နည်းတုန်းမှာ ရဲက ခေါ်သွားတယ်တဲ့။ သူနောက်ကနေတော့ တော်တော်များတယ်။ ဘေးကနေတော့ လူထုက ကြည့်တာပေ့ါ။ ဈေးကျောင်းလမ်းမှာကြတော့ လူထုကနည်းသွားတယ်လေ။ လူနည်းသွားတုန်းမှာ သူကို ကုတ်တာတဲ့ ။ (၁၁) နာရီလောက်မှာ ။ သူက လူထုကို ကိုယ်စား ပြုပြီးတော့ လုပ်တာကိုး လူထုခံစားမှု သူ့မှာ ကြီးကြီးကျယ်ကျယ် ရှိပါတယ်။ အစောင့် အကြပ်တွေနဲ့ ဖြစ်နေတယ်။ ကျနော်လဲ ဘယ်မှ မသွားရဘူး။ ”

ပုသိမ်မြို့ခံ တဦး ပြောပြသွားခြင်း ဖြစ်ပါသည်။ ဆူပူမှုများ ဖြစ်မှာစိုး၍ အချို့မြို့နယ်များတွင် လုံခြုံရေးများ ချထားသလိုပဲ။ အချို့မြို့နယ်မှာတွင် အဖွဲ့ချုပ်ဝင်များအား အာဏာပိုင်များမှ ခေါ်ယူအသိပေးခြင်းများ ရှိပါသည်။ ယခုအရင်ဆုံး တောင်ကြီးမြို့မှ အခြေအနေကို နားထောင်ကြည့်ပါ။

“အခြေအနေကတော့ ငြိမ်ပါတယ်ခင်ဗျ။ ဘာမှတော့ သိပ်ထွေထွေ ရန်ကုန်နဲ့ တောင်ကြီးဆိုတော့ ကျနော်တို့လဲ အမြင်တော့ မဟုတ်ဘူးဗျနော်။ အသံလေးလောက်ပဲ ကြားရတာပေ့ါ အဲဒီလိုမျိုး ဆူပူမှုတွေ ဘာတွေ ဖြစ်တယ် ဆိုတာပေ့ါ။ ကျနော်တို့ ဒီနားမှာလဲ မြို့လယ်ခေါင်မှာလဲ အစောင့်အကြပ်တွေ ထားထားတယ်ပေ့ါ။ သူတို့ အစောင့်အကြပ်တွေ ထားတယ်ပေ့ါ။ ဒါပေမယ့် ပြည်သူလူထုအနေနဲ့ကတော့ ဘာမှ လှုပ်ရှားမှုမရှိဘူးဗျ။ တော်ကြီးမြို့ခံ တဦးပြောပြသွားတာပါ။ ”

တောင်ကြီးမြို့ခံတဦး ပြောပြသွားခြင်း ဖြစ်ပါသည်။ အလားတူပင် မန္တလေးမြို့ကြီး တွင် လှုပ်ရှားမှု တစုံတရာ မရှိသေးကြောင်း မန္တလေးတိုင်း အဖွဲ့ချုပ် တိုင်းစည်းရုံးရေး ဘဏ္ဍာရေးမှူး ဦးကိုကြီးမှ ယခုလို ပြောပြပါသည်။

“လူထုလှုပ်ရှားမှုကတော့ မန္တလေး မြို့ပေါ်မှာ ဘယ်မှာမှ လုပ်တယ်တော့ မရှိသေးပါဘူး။ အန်ကယ်တို့ကတော့ အဖွဲ့ချုပ်ဗဟိုရဲ့ လမ်းညွှန်မှုနဲ့ပဲ မန္တလေးတိုင်း စည်းရုံးရေး အဖွဲ့က လုပ်နေတဲ့ အခါကျတော့ ဗဟို လမ်းညွှန်မှု မရှိမချင်းကတော့ အန်ကယ်တို့ တိုင်းစည်းရုံးရေး အဖွဲ့အနေနဲ့ကတော့ ဘာမှ လုပ်မှာမဟုတ်သေးပါဘူး။”

သို့သော်လည်း ပုံမှန်လပတ် အစည်းအဝေးကို ပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်ဟု ဦးကိုကြီးမှ ပြောပါသည်။ ချောက်မြို့မှာတင် မြို့နယ်အဖွဲ့ချုပ် ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးကို အာဏာပိုင်များမှ ခေါ်ယူ သတိပေးခဲ့ခြင်း အကြောင်း ဒီမိုကရေစီပါတီဝင် တဦးမှ ယခုလို ပြောပြပါသည်။

“ဟို ဒီနေ့တော့လေ မဝတ ကနေပြီးတော့ လေ။ အန်အယ်ဒီက ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးရယ် နောက် တစည က ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးရယ် အစည်းအဝေးခေါ်တယ် ခင်ဗျ။ အဲဒီ အပြန်ကို ကျနော်တို့နဲ့ မတွေ့ရသေးဘူး။ သူတို့က မြောက်ဖက်ကလေ။ ကျနော်တို့က တောင်ဖက်ကဆိုတော့။ နည်းနည်းလဲ ဝေးတော့ သူတို့ဘာမှ ဝင်ပြောတာတွေ ဘာတွေ မသိရသေးဘူး။ ကျနော်သိသလောက်တော့ ကြိုးစားတဲ့သူတွေက ကြိုးစားနေတယ်။ ဖြစ်မလာနိုင်သေးဘူး ထင်တယ်။ ဘာကြောင့်လဲ ဆိုတော့ သူကလဲ တယောက်ထဲလုပ်နေရတာ လူငယ်ပိုင်းလေ။ လူငယ်တယောက်က ကြတော့ နည်းနည်း စွမ်းဆောင်နိုင်ရည်ရှိတဲ့ လူငယ်တယောက်ကြတော့ ရန်ကုန်ရောက်နေတယ်။ ဒီမှာကြတော့ လူငယ်တယောက်ရှိတာပေါ့နော်။ သူလဲ သူတတ်နိုင် သလောက်တော့ သူကြိုးစားနေတယ် ကျနော်။ ဟို ဒီလိုထွက်လာရင်တော့ နော် လိုက်မဲ့သူတို့ အားပေးမယ့်သူတို့ ကျနော်တို့က မြင်ထားတာတွေ ရှိတယ်။ ”

ချောက်မြို့မှ ယခုလိုပြောနေပေမယ့် မကွေးတိုင်းအဖွဲ့ချုပ် အမျိုးသမီးအဖွဲ့ တာဝန်ခံ ဒေါ်ခင်စောဒွေးမှ ယခုလို ဆော်ဩ သွားခဲ့ပါသည်။

“အန်တီက ပြောချင်တာက သူတို့ဘာသာ သူတို့ လုပ်နိုင်လုပ် မလုပ်နိုင်ချင်နေ သူများကို ပေါင်းမလားလို့ မေးချင်တာနော်။ အန်တီတို့ တမြို့ထဲ လုပ်လို့ မရဘူး ။ အမြို့မြို့ လုပ်ရမှာလေ။ အန်တီတို့ကလဲ သပိတ်ဆန်တဲ့ တိုက်ပွဲ မဟုတ်ဘူး။ ဆက်ပြီးတော့ တိုက်ပွဲဝင်မှာလေ။ ဒီကုန်ဈေးနှုန်းတွေ ချတာ ဟုတ်ရဲ့လား။ ချတဲ့ အတွက် ကျေးဇူးတင်တယ်။ ဆက်လက်ပြီးတော့လဲ ဆောင်ရွက်ပေးပါ။ နအဖ စစ် အစိုးရကို သိစေချင်တယ်။ မနေ့က အန်တီတို့ကို ခေါ်ပြောတဲ့အခါမှာလဲ ခရက မှူးကြီးကို အန်တီတို့က ပြောခဲ့တယ်။ ရှင်တို့ကလဲ ကျမတို့ တောင်းဆိုနိုင်တာကို လုပ်ပေးနိုင်တာမဟုတ်ဘူး။ ရှင်တို့က ဝန်ထမ်းဆိုတော့ အထက်က အမိန့်အတိုင်း ။ ကျမတို့ကလဲ နအဖ စစ်အစိုးရကိုတာ တောင်းဆိုတာ ။ အုပ်ချုပ်တဲ့ အစိုးရဟာ ပြည်သူလူထု စိတ်ချမ်းသာဖို့အတွက် လုပ်ပေးရမှာဆိုတော့ အန်တီတို့ ဆက်တိုက်ပွဲဝင်မှာပါ။ ဒေါ်ခင်စောဒွေးကနေ ဆော်ဩတယ်လို့ ပြောပေးစမ်းပါ။ ”

မကွေးတိုင်း တိုင်းအဖွဲ့ချုပ် အမျိုးသမီးအဖွဲ့တာဝန်ခံ ဒေါ်ခင်စောဒွေး ၏ဆော်ဩချက် ဖြစ်ပါသည်။ လောင်စာဆီဈေးများက ပြန်ကျသွားသည်ဟုဆိုသော်လည်း အစိုးရဈေးနှုန်းများမဟုတ်ပါ။ အပြင်က မှောင်ခိုဈေးကွက်များသာ ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့ ရန်ကုန် ဓါတ်ဆီ အပြင်ပေါက်ဈေးက (၁) ဂါလံ (၃၅၀၀) ဒီဇယ်က (၄၁၀၀) မန္တလေးမြို့မှာတော့ ဓါတ်ဆီ (၁) ဂါလံ (၃၇၀၀) ဒီဇယ်က (၄၂၀၀) ရှိသည်ဟုသိရပါသည်။ နယ်မြို့မှာတွင် ဓါတ်ဆီ (၁) ဂါလံ (၄၂၀၀) ဒီဇယ်က (၄၆၀၀) အထိ ဖြစ်နေပါသည်။ အစိုးရဈေးနှုန်းမှာတွင် ဓါတ်ဆီ (၁) ဂါလံ (၂၅၀၀) ဒီဇယ်က (၃၀၀၀) ဖြစ်နေပြီး တက်ပြီးသား ကားခများလည်း ယခုထိ ပြန်မကျသေးကြောင်း သိရပါသည်။

**အစသို့**

---

## ငြိမ်းချမ်းစွာဆန္ဒပြ လူ (၂၀) ခန့်ကို အာဏာပိုင်များ အင်အားသုံး ဖမ်းဆီး

*၂၄ ၊ ဩဂုတ် ၊ ၂၀၀၇*

လူထုအထွေထွေ အကြပ်အတည်းများ ဖြေရှင်းပေးရန် ရန်ကုန်မြို့၊ မြို့တော်ခန်းမရှေ့တွင် ငြိမ်းချမ်းစွာဆန္ဒပြတောင်းဆိုရန် ကြိုးစားသူ အနည်းဆုံး လူ (၂၀) ခန့်ကို အာဏာပိုင်များမှ ယနေ့ နေ့လည်ပိုင်းတွင် အင်အားသုံး ဖမ်းဆီးခဲ့ပါသည်။ မျက်မြင်သက်သေများအရဆိုလျှင် အများစုသည် အမျိုးသမီးများ ဖြစ်သည်ဆိုပါသည်။ အလားတူ လူ့အခွင့်အရေးပညာပေးလုပ်သည့် ဦးမြင့်အေးကိုလည်း ကြည့်မြင်တိုင်မြို့ နေအိမ်အနီးမှာတွင် ယနေ့ နေ့လည်ပိုင်းတွင် အာဏာပိုင်များမှ ဖမ်းဆီးခဲ့ပါသည်။ ရန်ကုန်မြို့၊ မြို့တော်ခန်းတွင် အပေါ်ထပ်နှင့် အောက်ထပ်တွင် စစ်သားများ၊ ရဲတပ်သားများနှင့်၊ လုံခြုံရေး တင်းတင်းကြပ်ကြပ် လုပ်ထားသည့်ကြားက မြို့တော် ခန်းမရှေ့တွင် လောင်စာဆီဈေးနှုန်းကျဆင်းရေး ဆန္ဒပြတဲ့ အမျိုးသမီး (၂၀) နှင့်အမျိုးသား (၃) ဦးလောက်ကို ကြံ့ခိုင်ဖွံ့ဖြိုးရေး အသင်းဝင် (၅၀) လောက်မှ ယနေ့ နေ့လည်ပိုင်းတွင် ကြမ်းကြမ်းတမ်းတမ်း ဖမ်းဆီးပြီး မြို့တော် ခန်းမထဲကို ခေါ်ဆောင်သွားပါသည်။ ကိုယ်တိုင် မြင်တွေ့ခဲ့ရသူ အမျိုးသမီးတဦးမှ ယခုလို ပြောပြပါသည်။

“အထဲက လူတွေက အထဲမှာ ရောက်တဲ့အခါ သူတို့လဲ တွန်းလားရမ်းလားနဲ့ သူတို့လဲ မခံနိုင်ဘူးရှင့်၊ ကျမကြားသလောက်ကတော့ သူက ကျမတို့က လောင်စာဆီဈေးတက်တဲ့အတွက် ကျမတို့ ကားခတွေ မတတ်နိုင်လို့ပါ။ စားဝတ်နေရေးတွေ အဆင်မပြေလို့ပါ။ ဒီအတွက် ဒီဟာလေးတွေကို တောင်းဆိုတာပါ။ ပြည်သူလူထုအကုန်လုံးအတွက် ကျမတို့ ကိုယ်စားပြုပြီး တောင်းဆိုတာပါ။ ဒါမျိုးလေးတွေ ပြောတယ်ရှင့်။ အတင်းပဲရှင့် သူတို့လူအုပ်က ကျမကြည့်တုန်းက ပြောတဲ့လူလေးက အယောက် (၂၀) မှာ သူတို့က အယောက် (၅၀)၊ (၆၀) လောက်က ဝိုင်းပြီးတော့ ရဆကသအဒ္ဓာတ်ပုံရိုက်တဲ့လူက ရိုက်၊ အဲဒီ အတင်းတွန်းထိုးပြီးတော့ပေ့ါနော်။ အပြင်လဲ ထွက်လို့မရအောင်လုပ်တယ်ရှင့်။ အဲဒီအခါမှာ အပြင်က ခုနတုန်းက လူအုပ်တွေကလဲ ပြေးလာကြပြီးတဲ့ အခါကျတော့ ဘာလုပ်လို့ လုပ်ရမှန်းမသိဘူးရှင့်။ ဆွဲထုတ်လို့လဲ မရဘူးပေ့ါနော်။ ဒီလူတွေကို သူတို့က လက်ချင်းကိုချိတ်ပြီးတော့ အတင်းကိုလုပ်ထားတဲ့အခါကျတော့ သူတို့က အင်အားများတယ်ရှင့်။ ကျမအထင်တော့ ကြံ့ဖွတ်တွေပဲ ထင်ပါတယ်။ အရပ်ဝတ်တွေနဲ့ ပါပဲ။ အမျိုးသမီးတွေရော အမျိုးသားတွေရော၊ အကုန်လုံးဆွဲလားရမ်းလား၊ တွန်းလားထိုးလားနဲ့ တကယ့်ကို ရုပ်ပျက်ဆင်းပျက်ကြီး ဖြစ်ပါတယ်ရှင့်။ အဲလို ရုပ်ပျက်ဆင်းပျက်ကြီး ဖြစ်နေတဲ့အချိန်မှာပဲ ဒီဖက်ကလဲ အမျိုးသမီးတွေက တော်တော်ကို သတ္တိရှိကြပါတယ်ရှင်။ သူတို့ ဆန္ဒလေးတွေကို သူတို့ထုတ်ဖော်ပြီး ပြောကြတာပေ့ါ။ သူတို့က သက်ကြီးရွယ်အိုတွေကျတော့ အတင်းပဲရှင့် တွန်းလားထိုးလား လုပ်တဲ့အခါကျတော့ ဖင်ထိုင်လျှက်တွေ ပြုတ်ကျ ဘာတွေ ပြုတ်ကျပြီးတော့ အဲဒါကိုမှ ဆွဲ ဆွဲပြီးတော့ လူမြင်မကောင်းအောင် ကျမတို့ မြို့လယ်ခေါင်မှာလဲ ဖြစ်တယ်။ လူမြင်မကောင်းအောင် လူထုကိုလဲ စော်ကားတဲ့အပိုင်းမျိုးတွေ ကျမမြင်ရသလောက်ကတော့ ခုန အသက်ကြီး (၅၀) ကျော်၊ (၆၀) ကျော် အဖွားတွေလဲ ပါပါတယ်ရှင့်။ ကျမလဲ ပြည်သူတယောက်အနေနဲ့ ကြည့်ရတာ တော်တော်ကို့ ရင်ထုမနာ ဖြစ်ရပါတယ်ရှင့်။ ဓါတ်ပုံတွေလဲ ရိုက်ပါတယ်။ နောက်ပြီးတော့ ကျမတို့ မြို့တော် ခန်းမရဲ့ အပေါ်မှာပေ့ါနော်။ စစ်ယူနီဖောင်းနဲ့ လူတွေကလဲ ကော်ရစ်ဒါမှာ အပြည့်ပဲ ထွက်ကြည့်နေပါတယ်။ ဒီကိစ္စကို ခေါ်သွားတော့ ကျမ ကြည့်လိုက်တယ်။ ဘယ်အထိ ခေါ်သွားလဲဆိုတော့ မဟာဗန္ဓုလ ပန်းခြံ၊ မြို့တော် ခန်းမရှေ့ကနေ မြို့တော်ခန်းမဝင်းထဲကို အဲဒီကားနဲ့ ဝင်သွားပါတယ်။ ဘီအမ်တစီးပါ။ အဲဒီ ဘီအမ်တစီးနဲ့ အကုန်လုံးဆွဲတင်ပြီးတော့ မှန်တွေပါ ပိတ်ပြီးတော့”

မြို့တော်ခန်းမရှေ့တွင် အဖမ်းအဆီးခံရမှုမှာ အသက် (၆၁) နှစ်အရွယ် ဒေါ်စန်းစန်းမြင့်နှင့် ဒေါ်ခင်မာချိုတို့လဲ ပါဝင်သည်ဟု စုံစမ်းသိရှိရပါသည်။ မနက်ပိုင်းကတည်းက ရန်ကုန်တိုင်းအတွင်း တောင်ဒဂုံမြို့နယ်တွင် ဖမ်းဆီးမှု နှစ်ခု ဖြစ်ပွားခဲ့ပါသေးသည်။ ယနေ့မနက် (၈) နာရီတွင် အာဏာပိုင်များနှင့်ကြံ့ခိုင်ရေးအဖွဲ့ဝင်များ တောင်ဒဂုံမြို့နယ် အဖွဲ့ချုပ်ဝင် သုံးဦးကို ရပ်ကွက် (၇၀) ထိပ် လမ်းဆုံတွင် ဖမ်းဆီးခဲ့ပါသည်။ ဖမ်းဆီးခံရသူများမှာ ကိုမင်းမင်းဦး၊ ကိုသိန်းဌေးနဲ့ ကိုတင်မောင်ကြည်တို့ဖြစ်ပါသည်။ ကိုတင်မောင်ကြည်နှင့်အတူ လမ်းလျှောက်ထွက်လာသည့် ဇနီးသည်နှင့်တနှစ်ခွဲအရွယ် သမီးငယ်ကိုပါ ဖမ်းဆီးခေါ်ဆောင်သွားပါသည်။ ကိုသိန်းဌေးသည် ဆိုက္ကားသမား ဖြစ်ပြီး ဧပြီလ (၂၂) ရက်နေ့ ကုန်ဈေးနှုန်းကျဆင်းရေး ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သည့်အတွက် အဖမ်းခံရဖူးသူ ဖြစ်ပါသည်။ ကိုမင်းမင်းဦးမှာ ကားစပယ်ယာဖြစ်ပြီး၊ ၄င်း အလုပ်ကိုသွားရန်ကားပေါ်အတက်မှာ ရိုက်နှက်ခံရပြီး အဖမ်းဆီးခံရခြင်းဖြစ်ပါသည်။ ၄င်းတို့ငါးဦးကို ပြည်ထဲရေး၊ စရဖ၊ ထောက်လှမ်းရေး မော်တော်ဆိုင်ကယ်များ ဆယ်စီးလောက်နှင့် စစ်ကားနှစ်စီးမှ တောင်ဒဂုံ (၇၀) ရပ်ကွက်လမ်းဆုံတွင် ပိတ်ပြီး ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် ဒိုင်နာကားတစီးပေါ်တွင်လည်း ကော်လံကတုံးအကျီ၊ ပလေကပ်လုံချည်များ ဝတ်ဆင်ထားသည့် ကြံ့ခိုင်ဖွံ့ဖြိုးရေး အသင်းဝင်များလည်းတွေ့ရကြောင်းမျက်မြင်များမှ ပြောပြပါသည်။ ယနေ့ နေ့ခင်းပိုင်းမှာတွင်လည်းတောင်ဒဂုံမြို့နယ် အာဏာပိုင်များမှ တောင်ဒဂုံ (၅၆) ရပ်ကွက် လမ်းဆုံတွင် လူလေးဦးကို ဖမ်းဆီးခဲ့ပါသည်။ သူတို့များမှာ ဦးစောလွင်၊ ဦးသိန်းမြင့်ထွန်း၊ ကိုညွန့်ဝင်းနှင့် ကိုအောင်ဇော်ဦးတို့ ဖြစ်ကြောင်း စုံစမ်းသိရှိရပါသည်။ ယနေ့ နေ့ခင်းပိုင်းတွင် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူ ဦးမြင့်အေးကို အာဏာပိုင်များမှ ဖမ်းဆီးခဲ့ပါသည်။ ဒီအကြောင်းကို ဦးမြင့်အေး၏ ဇနီးမှ ယခုလို ပြောပြပါသည်။

“ဦးမြင့်အေးကို အခုနကပဲ ခေါ်သွားကြပြီ။ ဆယ့်တနာရီခွဲလောက်ကပေ့ါ။ လမ်းထိပ်ကနေ မဝတ ဥက္ကဋ္ဌကနေ စောင့်ခေါ်သွားတာတဲ့ သူတို့ ကျိုက္ကဆံကို ခေါ်သွားမယ်ဆိုပြီးတော့ ကျမတို့ နှစ်ယောက်က အပြင်သွားမယ်ဆိုပြီး ထွက်လာတာ။ သူတို့က လမ်းထိပ်မှာ စောင့်နေတာ အိမ်ကို လာမခေါ်ဘူးပေ့ါနော်။ လာခေါ်ရင် သူတို့ နည်းနည်း အရုပ်ဆိုးမှာ စိုးလို့ထင်တယ်။ ခါတိုင်းလိုပဲ ကျိုက္ကဆံကွင်းကို ခဏလိုက်ခဲ့ပါဆိုပြီး ခေါ်သွားတာ။ ရပ်ကွက်ထဲက ရယကလို့ထင်တယ် တယောက်ရှိတယ်။ ကျမ ကျန်တဲ့သူကို သိပ်မသိဘူး။ သုံးလေးယောက်ရှိမယ် သူတို့လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီးတော့ စောင့်နေတာ လမ်းထိပ်မှာ ထိုးပြီးတော့ စောင့်နေတယ်။ ဘာကြောင့်ခေါ်သွားတဲ့အကြောင်းကို မပြောနဲ့လေ ဒီလိုပဲ ပါသွားတာ ခြောက်ခါ၊ ခုနှစ်ခါလောက် ရှိနေပြီ။”

**အစသို့**

## မိသားစုဝင်များကို ဖမ်းဆီးနေသည့်အပေါ် (၈၈) ကျောင်းသားများ ကန့်ကွက်

*၂၄၊ ဩဂုတ် ၊ ၂၀၀၇*

ယခုအတောအတွင်းတွင် (၈၈) မျိုးဆက် ကျောင်းသားများ၏ မိသားစုဝင်များအား အာဏာပိုင်များမှ ဖမ်းဆီးမှုများ ပြုလုပ်နေပြီး နေအိမ်များကို ဝင်ရောက် ရှာဖွေခြင်းများပြုလုပ်ပြီး ဆိုးဝါးလာနေပါသည်။ ၄င်းအကြောင်းကို ဒီဗွီဘီ သတင်းထောက် ကိုမောင်တူးမှ ဆက်လက် သတင်း ပေးပို့ထားပါသည်။ (၈၈) မျိုးဆက်ကျောင်းသားများအား ပြန်မလွှတ် ပေးသည့်အပြင် ၄င်းတို့၏ မိသားစုဝင်များကိုပါ ဆက်လက်ဖမ်း ဆီးစစ်ဆေးခြင်းများ ပြုလုပ်နေပါသည်။ ၄င်းအကြောင်းကို (၈၈) ကျောင်းသားခေါင်းဆောင် ကိုလှမျိုးနောင်မှ---

"ကိုဌေးကြွယ် အစ်ကို ပြန်ရောက်မရောက်ကို ကျနော် မသိသေးဘူး။ အေးအေးထွန်း ပါသေးတယ်နော်။ အေးအေးထွန်းက ဟုတ်တယ် ပြန်ရောက်လာပြီ။"

ကိုလှမျိုးနောင် ပြောပြသွားခြင်းပါ။ (၈၈) ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်၏ အစ်ကိုကိုအောင်ကျော်ဦးနဲ့ ကျောင်းသူ မအေးအေးထွန်းတို့ကို မနေ့က ဖမ်းဆီးပြီး ယနေ့ ပြန်လွှတ်ခဲ့ခြင်းဖြစ်ပါသည်။ ယခုလို မိသားစုဝင်များအား ဖမ်းဆီးသည့် အပြင် နေအိမ်များကို ညအချိန်မတော စစ်ဆေးခြင်းများ ရှိနေပါသည်။ ၄င်းအကြောင်းကို (၈၈) ကျောင်းသားခေါင်းဆောင် ကိုဂျင်မီ၏ မိခင် ဒေါ်အမာညွန့်က ---

"(၂) နာရီ (၄၅) မိနစ်လောက် ရောက်သွားတယ်။ အဲဒါ ရှာပြီးတော့ (၅) နာရီ (၄၀) မှာထွက်တယ်။ ကျမတို့က မအိပ်ရဘူးလေ။ အဲလို ညကြီးလာပြီး တညလုံးရှာတယ်။ ဆိုတော့ မအိပ်ရဘူး။ နောက် စိတ်လဲ ညစ်သွားတယ်။ မနေ့ကလဲ ဒီလိုပဲ (၂) နာရီ (၄၅) ရောက်တယ်။ မိုးလင်းမှထွက်တယ်ဆိုတော့ ကျမတို့ မအိပ်ရဘူး။ "

ကိုဂျင်မီ၏ မိခင် ဒေါ်အမာညွန့် ဖြစ်ပါသည်။ ကျောင်းသားခေါင်းဆောင် ကိုကိုကြီး၏ညီ ကိုအောင်အောင်ထွန်း၏ နေအိမ်ကို သွားရောက် ရှာဖွေခဲ့ခြင်းနှင့် ပတ်သက်၍ ကိုအောင်အောင်ထွန်းကိုယ်တိုင် ယခုလို ပြောပြပါသည်။

"ကျနော်ဆီကိုလား။ လာသွားသေးတယ်။ သူတို့ကတော့ စုံစမ်းတာပေ့ါဗျာ။-- ဘာတွေရှိမလဲ ၊ ဘာလဲ ညာလဲပေ့ါ။ ဒီလိုပဲ ရှာတာပေ့ါ။ အင်း မနေ့ကလား တနေ့ကလား ။ အင်း တခါမှတော့ အဲဒီလို ရှာဖွေ ခံရတာတော့ မရှိသေးဘူးခင်ဗျ။ ဒါက ထူးခြားတယ်ပေ့ါ။ ဒီတခါ ရှာတာတော့။ အရင်တုန်းကတော့ ဧည့်စာရင်းစစ်တာမျိုးတော့ ရှိတာပေ့ါနော်။ အခုကတော့ ရှာဆို တော်တော်ကြီး ရှာပစ်လိုက်တာ။ အခုတခါလဲ အင်းပေ့ါ မကြုံချင်တာတွေလဲ ကြုံရပြန်ပြီပေ့ါ။ ကြုံရပြန်ပြီ ဆိုတော့ဗျာ ကျန်းမာရေးကလဲ မကောင်းတော့ ကျန်းမာရေးကို ပူတာပါပဲ။ ဘယ်ရောက်လို့ ဘယ်သွားမှန်းလဲ မသိ ဘယ်လောက် ကြာမယ်ဆိုတာလဲ မမှန်းနိုင်ဘူးပေ့ါဗျာ။ ကျနော် အရင်တုန်းကလဲ ပြောဖူးပါတယ်။ သားရွှေအိုး ထမ်းလာတာ မြင်ချင်ပါတယ်လို့ ။ အဲဒီတော့ ဒီလို ပဋိပက္ခတွေ အေးချမ်းသွားတာပဲ မြင်ချင်ပါတယ်။ "

ကျောင်းသားခေါင်းဆောင် ကိုမြအေး၏ ဇနီးသည် မစန္ဒာဝင်းကလည်း ယခုလို ဆိုပါသည်။

"အဖမ်းဆီးခံရတာတော့ ပထမ တခေါက်ဖမ်းထားတဲ့အတွက် ကိုယ်ကတော့ ဘာမှတော့ သိပ်ပြီးတော့ မတုန်လှုပ်တော့ပါဘူး။ ခံနိုင်ရည်တော့ ရှိပြီးသားပါ။ ဒါပေမဲ့ ရုတ်တရက်ကြီး ဒီလို နှစ်တွေ အများကြီး ကြာတဲ့အခါမှ ဖြစ်တယ်ဆိုတော့ တော်တော်လေးတော့ စိတ်မကောင်းဘူး။ နောက် မထင်မှတ်တဲ့ အချိန်မှာလဲ ကိုယ်က စိတ်ထဲမှာ မထင်ထားဘူး။ ဒီနေ့ ဒီရက်မှာ လာဖမ်းမယ် ဆိုပြီးတော့ပေ့ါနော်။ အဲဒီအတွက်တော့ သူ့အတွက်တော့ တော်တော်လေး စိတ်မကောင်းဘူး။ ဘာမှတော့ သူက မှာလဲ မှာသွားဘူးလေ။ ပြန်တက်လာပြီး သူ့ကလေးကို ဂရုစိုက်ပေးပါဆိုပြီးတော့တာ ပြောပြီးထွက်သွားလိုက်တာ။ "

ကိုမြအေး၏ (၆) နှစ် အရွယ်သမီးကလေး ဝတ်ရည်ရနံ့က ဖခင်ကို ဖမ်းဆီးထားသည့် အတွက် မကြေမနပ်ဖြစ်နေပါသည်။

"ဝတ်ရည်ရနံ့ ။ (၆) နှစ် ခွဲ ။ "

"သမီးဖေဖေကလေ အခု ဘယ်ကို သွားလဲကွယ်။"

"ထောင်ထဲ။ ဟို နိုင်ငံရေးလုပ်လို့။"

" မေကြီး ဖေကြီးကို ဘာလို့ဖမ်းတာလဲလို့ လူဆိုးမှ မဟုတ်တာ။ဘာလို့ ထောင်ကျတာလဲ။ "

"သူ့အဖေကတဲ့ ဟိုဟာ မဟုတ်ဘူးတဲ့။ လူဆိုးလဲ မဟုတ်ဘူးတဲ့ ။ သူ့အဖေကို ဘာလို့ ဖမ်းရမှာလဲတဲ့ ။ သူကတော့ နားမလည် ဘူး။ သူရှိတဲ့ အချိန်ကာလလုံးမှာ ဒီလို ဖမ်းတာဆီးတာ သူက မကြားဖူးဘူး။ အကြီးမလေးကျတော့ သူကတော့ ကြုံဖူးတဲ့ အခါကျတော့ သူကတော့ ရိုးသွားပြီပေ့ါနော်။ ဒါလေးကျတော့ သူက စိတ်ဆိုးတယ်။ သူ့အဖေက လူဆိုးလဲ ဒမြလဲ မဟုတ်ဖူးတဲ့။ တနိုင်ငံလုံးကောင်းစားဖို့အတွက် လုပ်နေတာ ဘာဖြစ်လို့။ သူက သေနတ်တွေ ပစ်ပြီး ဗုံးတွေ ကြဲနေတာမှ

မဟုတ်တာတဲ့ ။ ကျန်တဲ့သူတွေကျတော့ သိပ်တော်တတ်နေကြလို့လားတဲ့သူက စိတ်ဆိုးပြီး ပြောနေတယ်။ ပြန်လွှတ်ပေးတဲ့သူ့ဖအေ ဘယ်နေ့ ပြန်လာမလဲ သူကမေးနေတယ်။ ”

သမီးငယ်၏ ပြောပြချက်ကို မိခင် မစန္ဒာဝင်း ပြန်လည် ရှင်းပြခဲ့ခြင်းပါ။ ယခုလို (၈၈) မိသားစုများ အပေါ် ဖမ်းဆီးရှာဖွေစစ်ဆေးနေသည့်အပေါ် ကျောင်းသားခေါင်းဆောင် ကိုဒွေးကြွယ်ကတော့ ယခုလို ဝေဖန်သွားခဲ့ ကြောင်းပါ။

“ဒီဟာကတော့ အတိုက်အခံ အင်အားစုတွေ အားလုံးကို ဥပဒေမဲ့ နှိပ်ကွက်နေပြီဆိုတဲ့ ပုံစံပါပဲ။ ဒီကနေ့လဲ လူဖမ်းပွဲတွေသူတို့ လုပ်တယ်ပေါ့ဗျာ။ နေ့ခင်းကလဲ မနိုဗယ်အေးတို့လဲ ပါကုန်တယ်။ အဲဒီတော့ တောက်လျှောက်ကို ဒီ (၈၈) မျိုးဆက်ကျောင်းသားတွေအပြင် အခြား အားလုံးကို တယောက်မကျန် ဖမ်းဆီးမဲ့ ပုံစံမျိုးတွေ့နေရတယ်။ ဒီဟာတွေဟာ ဒီလို နိုင်ငံမှာဖြစ်နေတယ် ဆိုတဲ့ဟာကာ တရားဥပဒေ လက်လွတ် ကျူလွန်းပါတယ်။ တကယ့်လူဖမ်းပွဲ ကြီးတွေ (၁၉၈၉) နှစ် (၁၉၉၀) ခုနှစ်ကစစ်အစိုးရရဲ့ လူဖမ်းပွဲကြီးတွေ ပုံစံမျိုးပဲ ဒီအချိန်မှာ ကနော်တို့ ပြန်ကြုံနေရပါပြီ။ ဒါပေမဲ့ ကျနော်တို့ဟာ ဒီမြန်မာနိုင်ငံရဲ့ဒီမိုကရေစီရေးအတွက်ကို စိုက်လိုက်မတ်တပ် ရပ်တည်သွားမယ့်လူတွေပဲ ဖြစ်တယ်။ ”

**အစသို့**

---

## (၈၈) မျိုးဆက် ကျောင်းသူ မနိုဘယ်အေး ဖမ်းဆီးခံရ

*၂၅ ၊ ဩဂုတ် ၊ ၂၀၀၇*

မနိုဘယ်အေးခေါ် နှင်းမေအောင်ကို ရဲမှူးအပါအဝင် (၉) ဦးက ည တနာရီခွဲခန့်တွင် အိမ်မှ လာရောက်ခေါ်ဆောင်သွားခြင်းဖြစ်ပြီး၊ မနိုဘယ်အေးသည် (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုဒွေးကြွယ်နှင့် တယ်လီဖုန်းပြောသလားလို့ စစ်မေးတယ်လို့ မိခင်ဖြစ်သူမှ ပြောပါသည်။

“သူတို့ ဝင်တာ တနာရီလောက် ရှိမှာပေါ့နော်။ နိုနိုကိုပေါ့နော်၊ ကျနော်တို့ လူကြီးတွေက စကားနည်းနည်းလောက် ပြောချင်လို့ မေးစရာ စမ်းစရာလေးတွေ နည်းနည်းရှိလို့တဲ့ ခေါ်သွားပါရစေတဲ့ ဆိုတော့ ကျမက အဲဒါနဲ့ သူတို့ကို မေးလိုက်တယ်ပေါ့နော်။ အဝတ်အစား ယူဖို့လိုသေးလားလို့ အဲဒါတော့ကျမက ဒီလိုလေ သူ့ကို ခေါ်မဲ့ဥစ္စာက ဘယ်လောက်များ အပြစ်ကြီးလဲ မကြီးလဲပေါ့။ ဘယ်လောက်များ အရေးတွေ ကြီးနေလို့လဲပေါ့။ ဟို အရေးမကြီးရင် ဟာ မယူပါနဲ့ ရပါတယ်။ အဲလိုမျိုး ပြောတယ်လေ။ အဝတ်အစား ယူရအုံးမလားလို့ အဲလိုမျိုး မေးတော့ ယူရင်ကောင်းတာပေါ့တဲ့ ယူလိုက်လေဆိုတော့၊ ကဲ ကဲ ကဲ သွားအဝတ်အစားယူဆိုတော့ အဲဒီမှာ ဘာပြောလဲဆိုတော့ မြို့နယ်မှူးကြီးနဲ့ အဲဒီ ဟို ထောက်လှမ်းရေးတွေက သူ့အခန်းကိုတဲ့ အဲဒီ မနိုနိုနေတဲ့ အခန်းကို ကျနော်တို့ နည်းနည်း ရှာချင်ပါတယ်။ ရှာပါရှင်ပေါ့။ ဆိုပြီး ကျမက အဲဒါနဲ့ ပြောလိုက်တဲ့အခါ ကျမက အောက်မှာ ရယက နဲ့ စောင့်ကျန်နေတယ်။ နိုနို အပေါ်တက်သွားပြီးတော့ သူတို့ရှာကြတယ်။”

နိုဘယ်အေးကို ဖမ်းဆီးခေါ်ဆောင်သွားပြီးတဲ့နောက် အာဏာပိုင်များမှ တအိမ်လုံးကို ဒေါ်အေးမြင့်သန်း၏ မျက်ကွယ်တွင် ဝင်ရောက်ရှာဖွေခဲ့ပြီး၊ ရှာဖွေပုံစံမှာ လက်မှတ်ထိုးခိုင်းခဲ့ပါသည်။ သိမ်းဆည်းရမိသည့် ပစ္စည်းတွေထဲတွင် နိုင်ငံရေးနှင့် ပတ်သက်သည့်စာရွက်စာတမ်းများ ဓါတ်ပုံများသိမ်းဆည်းသွားသည်ဟုဆိုပါသည်။ သမီးငယ်အဖမ်းဆီးခံရသော်လည်းသမီးငယ်သည် နိုင်ငံသားတယောက်၏ တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်သည့်အတွက် ဂုဏ်ယူကြောင်းလည်း ဒေါ်အေးမြင့်သန်းမှ ဆက်လက် ပြောပြပါသည်။ “———————————————”

မနေ့က ညမှာလည်းအာဏာပိုင်များက (၈၈) ကျောင်းသားများ၊ အိမ်များကို အင်အားသုံးပြီး ဝင်ရောက် စီးနင်းရှာဖွေခဲ့ပါသည်။ ၎င်းအကြောင်းကို (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုလှမျိုးနောင်က ယခုလို ပြောပါ။

“စန္ဒမင်းတဲ့ နေ့ဦးပိုင်းက စပြီးတော့ သူ့အိမ်ရှေ့မှာ ကားစောင့်နေတယ်တဲ့၊ နောက် ကျနော်တို့ထဲက ကိုသန်းတင့် ကိုသန်းတင့်အိမ်က တောင်ဥက္ကလာမှာ အဲဒါတော့ အိမ်ကို ချိုးဖွဲ့ပြီးတော့ ဝင်ပြီးရှာတယ်။ တင်ထူးအောင်အိမ်ဝင်တယ်။ ကျနော့်အိမ်ဝင်တယ်။ လက်ဖက်ရည်ဆိုင်တွေမှာ ဆိုင်ကယ် (၉) စီးလောက်၊ လူပေါင်း (၂၀) လောက်စောင့်တယ်။ တနေကုန် ထိုင်စောင့်တယ်။”

မနေ့ နေ့ခင်းက မြို့တော် ခန်းမရှေ့တွင် အမျိုးသမီး(၂၀) လောက် အဖမ်းဆီးခံရသည့်အနက် အိမ်ရှင်များ၏ နာယက ဒေါ်စန်းစန်းမြင့်လည်း အပါအဝင်ဖြစ်ပါသည်။ ၎င်း၏သမီး ဒေါ်ခင်ခင်ကျော်က မိခင်ဖြစ်သူ အပါအဝင် ငြိမ်းငြိမ်းချမ်းချမ်း ဆန္ဒပြသူများ အာဏာပိုင်များ၏ ရှေ့မှောက်မှာ အကြမ်းဖက် အဖမ်းအဆီးခံရသည့်အပေါ် ယခုလို ပြောဆိုပါသည်။

"သြော်၊ အရမ်းခံစားရတာပေါ့။ ဘာဖြစ်လို့လဲ ဆိုတော့ ငြိမ်းချမ်းစွာ ပြည်သူအားလုံးအတွက်ကို ဒီ ဆန္ဒပြတဲ့ဟာကို လူမဆန်စွာ အတင်းကြီး ကားပေါ်ကို ဆွဲပြီးတော့ တင်သွားတာ ကျမတို့ ကာယကံရှင်မပြောနဲ့ ဘေးလူတောင် မျက်ရည်ကျတယ်။ ငြိမ်းချမ်းစွာ ဆန္ဒပြတာ ဆူပူခြင်းလဲ မရှိဘူး။ အော်ဟစ်ခြင်းလဲ မရှိဘူး။ အင်မတန်ကို ရိုင်းစိုင်းလွန်းတယ်လေ။ လူမဆန်ဘူး။ ဒီမိုကရေစီနိုင်ငံတည် မယ်ဆိုပြီး အစိုးရက ကြေညာပြီးတော့သူတို့ရဲ့ လုပ်တဲ့ လုပ်ရပ်နဲ့ တခြားစီ ဖြစ်နေတယ်။"

ယနေ့ ရရှိသည့် အတည်မပြုနိုင်သေးသော သတင်းတပုဒ်မှာ (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင်များဖြစ်ကြသည့် မင်းကိုနိုင်၊ ကိုကိုကြီး၊ မင်းဇေယျ၊ ကိုဂျင်မီ၊ ကိုမြအေးနှင့် ကိုအုံ့ဘွယ်ကျော်တို့အပါအဝင် (၁၃) ဦးကို အင်းစိန်ထောင်သို့ ပို့ဆောင်လိုက်သည်ဟု သတင်းပင်ဖြစ်ပါသည်။ ဆန္ဒပြထုတ်ဖော်သူများအား အာဏာပိုင်များမှ အကြမ်းဖက် ဖမ်းဆီးခြင်း၊ အမျိုးသမီးများ အား အိန္ဒြေပျက်ပြားအောင် လုပ်ဆောင်ခဲ့သော်လည်း ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ပြည်သူလူထုဖက်မှ ဆက်လက်တိုက်ပွဲဝင်သွားမယ်ဟု (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင်တဦးဖြစ်သည့် ကိုအောင်သူမှ အခုလို ပြောကြားသွားခဲ့ကြောင်းပါ။

"ဖြစ်တာက ဒီလောင်စာဆီဈေးနှုန်း ကိစ္စနဲ့ ပတ်သက်ပြီးတော့ ဖြစ်တယ်ဗျာ။ ဒီလောင်စာဆီဈေးနှုန်းနဲ့ ကုန်ဈေးနှုန်း ကြီးမြင့်တဲ့ အပေါ်မှာ ကျနော်တို့ ထွက်ပြီးတော့ ဆန္ဒပြကြတယ်။ ဒါပေမဲ့လို့ ဒီ ဆန္ဒပြမှုကို ဒီ တပ်မတော်အစိုးရကနေပြီးတော့ နိုင်ငံရေး အစ်ရှူးထဲကို ဆွဲပြီးသွင်းတယ်ပေါ့။ အဲဒီ ဆွဲသွင်းမှုအပေါ်မှာ ကျနော်တို့က နိုင်ငံရေး အစ်ရှူးနဲ့ပြောရလို့ရှိရင်တော့ အန္တိမ ရည်မှန်းချက်က ကျနော်တို့က တွေ့ဆုံဆွေးနွေး အဖြေရှာရေးပဲဗျ။ လောလောဆယ် ယာယီအနေနဲ့က ကျနော်တို့က ဒီ ပြည်သူတရပ်လုံး ခံစားနေရတဲ့ လောင်စာဆီဈေး နှုန်းနဲ့ ကုန်စည်ဈေးနှုန်းအခက်အခဲကို ဖြေရှင်းပေးမှုအပေါ်မှာ ဒီအစိုးရအနေနဲ့ ဘယ်လို လက်ခံစဉ်းစားမလဲဆိုတာကို ကျနော်တို့က တောင်းဆိုနေတာပါ။ ဆန္ဒပြတယ်ဆိုတာက လမ်းလျှောက်မှရယ်မဟုတ်ပါဘူး။ ဘယ်လိုနည်းနဲ့ ဆန္ဒပြမလဲပေါ့။ ဆန္ဒပြနိုင်တဲ့ နည်းလမ်းအသွယ်သွယ်ရှိပါတယ်။ အဲဒီ နည်းလမ်းတွေ အကုန်လုံးကို ကျနော်တို့သုံးသွားမှာပါ။"

လောင်စာဆီဈေးပြန်ချပေးရေး လူထုလမ်းလျှောက်ဆန္ဒပြပွဲများနှင့် ပတ်သက်ပြီး စစ်အစိုးရမှ ဖမ်းဆီးရှာဖွေမှုများကို ညစဉ်ဆက်တိုက်လုပ်နေပါသည်။ မနေ့ညတွင် သုံးရောင်ခြယ်အဖွဲ့ဝင် ကိုစိန်လှိုင်ကို ၎င်း၏ဇနီးနေအိမ်တွင် အာဏာပိုင်များမှ ဝင်ရောက် မွှေနှောက်ရှာဖွေသော်လည်း တိမ်းရှောင် လွတ်မြောက် သွားပါသည်။ ယခုထက်တိုင် ၎င်း၏နေအိမ်ပတ်လည်နှင့် လမ်းထိပ်တွင် အာဏာပိုင်များ လုံခြုံရေးချပြီး စောင့်နေသည်ဟု သိရပါသည်။ ကျောင်းသားခေါင်းဆောင်တဦးဖြစ်သည် ကိုတင်ထူးအောင်ကိုလည်း အင်းစိန်မှ ၎င်း၏နေအိမ်တွင် အာဏာပိုင်များမှ လာရောက်ရှာဖွေသော်လည်း လွတ်မြောက်သွားသည့်အကြောင်း ကိုယ်တိုင်ပုန်းရှောင်နေရသူတဦးမှ ပြောပြပါသည်။ ထိုသို့ရှာဖွေရာတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် လှုပ်ရှားဆောင်ရွက်သူများသာမက ၎င်းတို့၏ဆွေမျိုးသားချင်းများ၏ နေအိမ်များကိုလည်း စီးနင်းရှာဖွေပြီး ဥပဒေမဲ့ သိမ်းဆည်း အရေးယူနေခြင်းများလည်း ဖြစ်ပွားနေသည့်အကြောင်းကို ကိုယ်တိုင်ကြုံတွေ့ခံစားရသူများမှ ပြောပါသည်။ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်သည့် ကိုမင်းကိုနိုင်၏ ညီဝမ်းကွဲတဦးဖြစ်သူ ကိုအောင်နိုင်၏အိမ်ကိုလည်း သောကြာနေ့ည တွင် ဝင်ရောက်ရှာဖွေရာတွင် အိမ်မှာမရှိသည့်အတွက် လွတ်မြောက်သွားပါသည်။ သဃ်ၤန်းကျွန်းမြို့နယ်တွင် အိမ်တွင် ကိုအောင်နိုင်မရှိခြင်းကြောင့် ဖုန်းအားသွင်းတဲ့ကြိုး စတဲ့ပစ္စည်းများကို သိမ်းဆည်းသွားတဲ့အပြင် ကိုအောင်နိုင်ရဲ့ဇနီး မမေဇော်ဦးပိုင် ကွန်ပျူတာ မိတ္တူဆိုင်ကိုလည်း ရက်အကန့်အသတ်မရှိ ပိတ်လိုက်ပါသည်။ စီးပွားရေးအတွက် ဒီမိတ္တူဆိုင်မှရသည့် ဝင်ငွေနှင့်ရပ်တည်နေရသည့်အတွက် ကွန်ပျူတာကို အိမ်မှာယူပြီး အလုပ်လုပ်ရန် ခွင့်တောင်းသော်လည်းအာဏာပိုင်များမှ ခွင့်မပြုခဲ့ကြောင်း မမေဇော်ဦးမှ ပြောပြပါသည့်။ သဃ်ၤန်းကျွန်းမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် မခင်ထားရီ၏အိမ်ကိုလည်း အာဏာပိုင်များမှ မနေ့ညတွင် ဧည့်စာရင်းအကြောင်းပြပြီး ဝင်ရောက်ရှာဖွေရာတွင် ပါတီနဲ့ပတ်သက်သည့် ပစ္စည်းများကို သိမ်းဆည်း သွား သည်ဟုသိရှိရပါသည်။

**အစသို့**

## မန္တလေးမှ ရဟန်းသံဃာတော်များ လူထုဆန္ဒပြပွဲများတွင် မပါရန် တိုင်မှူး စည်းရုံး

*၂၆ ၊ ဩဂုတ် ၊ ၂၀၀၇*

လတ်တလော ဖြစ်ပေါ်နေသည့် ကုန်ဈေးနှုန်း ကျဆင်းရေးများတွင် ရဟန်းသံဃာတော်တွေ မပါဝင်ကြရန် မန္တလေးတိုင်း တိုင်းမှူးကိုယ်တိုင် စာသင် ကျောင်းတိုက်များကို လိုက်လံ ဖိအားပေး စည်းရုံးနေပါသည်။ မြို့ပေါ်က နာမည်ကြီး စာသင်တိုက်များ အနားမှာလဲ လက်နက်ကိုင် စစ်သားများမှ လှည့်လည် စောင့်ကြပ်နေသည်ဟု သိရပါသည်။ ၎င်းသတင်းကို ဒီဗွီဘီ သတင်းထောက်

ကိုအေးနိုင်မှ ယခုလို ပေးပို့ထားပါသည်။ မန္တလေး မဟာအောင်မြေမြို့နယ်ထဲတွင် ရှိသည့် မြတောင်ကျောင်းတိုက်တွင် မနေ့ညက စစ်တပ်မှ လုံခြုံရေး တင်းတင်းကြပ်ကြပ်ချထားခြင်း မြင်တွေ့ခဲ့ရသည်ဟု မျက်မြင်တဦးမှ ယခုလို ပြောပြပါသည်

"မြတောင်တိုက်မှာဗျ။ ကျနော်တို့ (၇) နာရီလောက်မှာ အတားအဆီးတွေ လုပ်တယ်ဗျ။ မနေ့ကညနေ (၇) နာရီလောက်ကနေ ကျနော်တို့ စစ်တပ်ကနေ အတားအဆီးတွေ ချတယ်ခင်ဗျ။ အတားအဆီးဆို ကျနော်တို့ ဒီ (၈၅) လမ်း ၊ မြတောင် ဒပြပေါ့ဗျ။ မြတောင်ဒပြ (၃၅) လမ်းမှာ ချထားတယ်။ (၉) နာရီမှာ ပြန်ရုပ်သိမ်းသွားပါတယ်။ ဘုန်းကြီးတွေ ထွက်မဲ့ အသံကြားလို့လားမသိဘူး သူတို့ လာတော့ တားဆီးတာခင်ဗျ။ လာပိတ်တာ။ စစ်တပ်ရော ဒီ ကြံ့ခိုင်ရေးရော အကုန်ပါတယ်ဗျ။ လူအင်အား (၄) (၅) ဆယ် လောက်တော့ ရှိမယ်ဗျ။ အရှေ့ဖက် အနောက်ဖက် ပိတ်ထားတယ်ဗျ။ "

မန္တလေး မစိုးရိမ်တိုက်သစ်မှ နာယက ဆရာတော် ဦးကာဝိန္ဒ ကလဲ စစ်တပ်မှ ကျောင်းများကို လိုက်လံ လျှောက်ကြားနေသည်မှာ လေးကျောင်းရှိသွားပြီဟု ကြားသိရကြောင်း ပြောပြပါသည်။ ဒီကနေ့ မနက် (၁၁) နာရီခန့်တွင် မန္တလေးမှ ဘုရားကြီး အလယ် ကျောင်းတိုက်ကို မန္တလေးတိုင်း တိုင်းမှူး ကိုယ်တိုင် လာရောက်ပြီး သံဃာတော်များ ဆူဆူပူပူ မဖြစ်အောင် ထိန်းသိမ်းကြပ်မတ်ရန် ဆရာတော်ကြီးများအား ချင်းကပ် လျှောက်ထားခဲ့ကြောင်း စုံစမ်းသိရှိရပါသည်။ အလားတူပင် မန္တလေးမြို့တွင် လက်နက်ကိုင် စစ်သားတွေနှင့် လုံခြုံရေး အထူးတင်းကြပ်ထားသည်ဟု မြို့ခံများမှ ပြောပြပါသည်။ ဆက်လက်ပြီး မန္တလေးမြို့တွင် အာဏာပိုင်များမှ ဘုန်းတော်ကြီးကျောင်းများကို အင်အားပြ စီးရုံးမှုနှင့် ပတ်သက်၍ မန္တလေး မစိုးရိမ် တိုက်သစ်ဆရာတော် ဦးကာဝိန္ဒအား ကျနော် ဆက်သွယ်မေးမြန်း ထားပါသည်။ မန္တလေး မဟာအောင်မြေ မြို့နယ်ထဲမှာရှိသည့် မြတောင်ကျောင်းတိုက်တွင် – – – – –

"မဟာအောင်မြေ မြို့နယ်ထဲက မြတောင်ကျောင်းတိုက်မှာလေ စစ်ကားတွေဝိုင်းနေတယ်လို့ ကြားလို့ပါဘုရား။ အဲဒီသတင်း ဟုတ်ပါသလားဘုရား။ "

"တကျောင်းထဲ ဝိုင်းတာတော့ မဟုတ်လောက်ဘူး။ ဦးဇင်းဖက်လဲပဲ ညညဆိုရင် စစ်တပ် စစ်ကားတွေ လာတယ်ပြောတယ်။ "

"သူတို့ ဘုရား။ ဒီကနေ့ (၁၁) နာရီလောက်မှာလဲ ဘုရားကြီး အလယ်ကျောင်းတိုက်ကို မန္တလေးက တိုင်းမှူးလာပြီတော့ ဒီသံဃာတော်တွေ ဆူဆူပူပူ မဖြစ်အောင်ထိန်းသိမ်း ကြပ်မတ်ပေးဖို့ ဆိုပြီးတော့ ဆရာတော်ကြီးတွေကို ချဉ်းကပ် လျှောက်ထားတယ်လို့ သိရှိရတယ်ဘုရား။ အဲဒါ ဟုတ်ပါသလားဘုရား။ "

"မနေ့ကတော့ ဦးဇင်းတို့ ကျောင်းကို လာသွားတယ်ပြောတာပဲ။ ဘုန်းကြီးဆီကိုလေ။ " "ဦးဇင်းတို့ကျောင်းကို လာသွားတာလား ဘုရား။ ဟုတ်လားဘုရား။"

"မနေ့ကဆိုရင် လေးနာရီနဲ့ ငါးနာရီကြားပေါ့။ အနေ့က သူတို့သွားတာက ဒီတိုက်သစ်ရယ် တိုက်ဟောင်းရယ် ဝိသုဒ မြတောင်ရယ်ပေါ့။ "

"အခုဟာလေ ဘုရား။ ရန်ကုန်မှာ လောင်စာဆီဈေးနှုန်းကျဆင်းရေး ဆန္ဒပြပွဲတွေ ဖြစ်ပြီးတော့လေ မန္တလေးမှာ ငြိမ်တယ်ဆိုတော့ သံဃာ အများစုရှိတဲ့ မန္တလေးကို သူတို့က ဒီ စိုးရိမ်မှုလွန်ကဲ ပြီးတော့များ အဲဒီလိုမျိုး လိုက်လျှောက်တယ်လို့ ဦးဇင်းတို့ မထင်ဘူးလား ဘုရား ။ ဘယ်လို ထင်လဲဘုရား။"

"အဲဒီသဘောမျိုးပါပဲ။ အော်သူတို့က ရန်ကုန်ဟာကို ဒီ ဆက်လာမှာစိုးလို့ လာလျှောက်တယ်လို့ ဦးဇင်းတို့က ထင်တာ ပေါ့။ "

"ပြည်သူတွေကြားထဲမှာ ပြောနေတာက ဘုန်းကြီးတွေကို အရင်တုန်းက (၈) လေးလုံးတုန်းကလဲ စစ်ကြောင်းငါးကြောင်း ရှိခဲ့တယ်ဆိုတာလဲ သမိုင်း အစဉ်အလာ ရှိခဲ့တယ်ဆိုတော့။ သူတို့အနေနဲ့ အင်မတန် စိုးရိမ်နေပုံရတယ် ဘုရား။ ဒီအပေါ်မှာရော ဦးဇင်းဘုရားတို့အနေနဲ့ ဘာပြောချင်လဲ ဘုရား။ "

"သူတို့က စိုးရိမ်တယ်ဆိုလဲ စိုးရိမ်ပေါ့။ ဘုန်းကြီးတွေဖက်ကတော့ ဒီပြည်သူလူထု စည်းကမ်းတကျ ဖြစ်အောင် လိုက်ပြီးတော့ ထိန်းသိမ်းပေးတာပါပဲ။ အကြမ်းဖက်မှုတွေ ဘာတွေ မဖြစ်အောင် စည်းကမ်းတကျ သေသေဝပ်ဝပ် ကိုယ်ရဲ့ လိုအပ်ချက်ပန်းတိုင်ကို ဦးတည်ပြီးတော့ ဆန္ဒပြပွဲတွေ ဖြစ်သွားအောင်ဆိုပြီးတော့ ဘုန်းကြီးတွေကနေပြီးတော့ ဘုန်းကြီးတွေကနေ ဦးဆောင်ပြီးတော့ ဒါဒီပွဲကို ဆင်နွှဲတာပဲ။ ပြီးခဲ့တဲ့ အရေးခင်းပေါ့လေ။ အခုလဲပဲ တကယ်လို့ ဖြစ်ခဲ့မယ်ဆိုရင်လဲပဲ ဘုန်းကြီးတွေ အပိုင်းကတော့ ပြည်သူလူထု စည်းကမ်းတကျ ဖြစ်အောင် ရည်ရွယ်ချက် ဦးတည်ချက် ပန်းတိုင် မျက်ခြေမပြတ်အောင် အဲဒီလိုမျိုး ဖြစ်အောင် ဘုန်းကြီးတွေက ထိန်းသိမ်းပြီးတော့ ပေးမှာပဲ။ တည့်မတ်ပြီးတော့ ပေးမှာပဲ။"

“တင်ပါ့ဘုရား။ အမျိုးသမီးငယ်တွေ အများစုပါတဲ့ ဆန္ဒပြပွဲတွေ မှာ အမျိုးသမီးတွေကို ရင်ဘတ်ကိုင်လိုကိုင် ထမီ ဆွဲချွတ်လိုချွတ်နဲ့ တော်တော်လေးကို မသတီစရာ လုပ်ရပ်တွေ လုပ်နေတယ်ဘုရား။ ရေဒီယို တွေကပါ မကပဲ ရုပ်မြင်သံကြားတွေကပါ ကမ္ဘာသိနေတယ် ဖြစ်ပါတယ် ဘုရား။ ဒီလို အခြေအနေမျိုးမှာ ဉူးပဇင်းတို့ အနေနဲ့ နိုင်ငံတော်သံဃာ နာယက အဖွဲ့ အပါအဝင် သံဃာတော ဂိုဏ်းချုပ်တွေကို ဘာများလျှောက်ထားချင်လဲ ဘုရား။ ”

“အဲ သူတို့က သူတို့ကို လျှောက်ထားဖို့ဆိုတော့ သူများတွေ အခိုင်းခံရတဲ့ အဆင့်သဘောမျိုး ရောက်နေသလို ဖြစ်နေတာလေ။ အဲကျတော့ သူတို့ ကိုယ်တိုင်ကိုယ်က သူများလက်အောက်ခံဆိုတော့ သူတို့ကို လျှောက်ထားလဲ ဘာမျှထူးမယ်လို့ ဉူးဇင်းက မထင်ဘူး။ ”

“ဒီလိုဆိုလို့ရှိရင် ဘုရား ။ ဥပမာ အခုလောလောဆည်မှာ မန္တလေးမှာ လူထုကို တပည့်တော်တို့ မေးမြန်းစုံစမ်းကြည့်တဲ့အခါမှာ သူတို့ကလဲ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို စောင့်နေတယ်ဆိုတဲ့ ပြောတဲ့သူရှိသလို ဘုန်းကြီးတွေက မလှုပ်တော့ ကျုပ်တို့က လုပ်လို့ ရမှာလဲ ဆိုပြီတော့ လက်မိုင်ချတဲ့ ပြည်သူတွေလဲ ပြောတာရှိပါတယ်ဘုရား။ သံဃာတော်တွေ အနေနဲ့ ဘယ်လို အခန်းကဏ္ဍက ပါဝင်သင့်တယ်လို့ ပါဝင်မယ်လို့ ဉူးဇင်းတို့ ပြောနိုင်မလဲ ဘုရား။ ”

“ခုနက ပြောတဲ့အတိုင်းပဲလေ။ ဘုန်းကြီးတွေက ဒကာ ဒကာမတွေ လမ်းကြောင်း ကိုယ့်ရဲ့ ရည်ရွယ်ချက်အတိုင်း လုပ်တဲ့အခါမှာ ရည်ရွယ်ချက်တွေ လမ်းကြောင်းပျောက်မသွားအောင် စည်းကမ်းတကျ သေဝပ်သွားအောင် စည်းကမ်းတကျ ဖြစ်အောင် ဘုန်းကြီးတွေက ထိန်းသိမ်းပေးတဲ့ အဆင့်ပဲ ရှိတာပါ။ ပြီးခဲ့တဲ့ (၈) လေးလုံး အရေးခင်းကို ပြန်ကြည့်ရင်လဲပဲ ဘုန်းကြီးတွေက ဒီဟာပါပဲ။ မဖြစ်သင့်တာတွေ မဖြစ်အောင် အဲဒါတွေကို ဘုန်းကြီးတွေက ဆောင်ရွက်ခဲ့တယ်။ အခုလဲ ဘုန်းကြီးတွေ အပိုင်းကတော့ ဒကာ ဒကာမတွေ ဒီလိုမျိုး ဆန္ဒပြပွဲတွေ ဘာတွေ ဖြစ်လာပြီဆိုလို့ရှိရင် ဘုန်းကြီးတွေက ဝင်ရောက်ပြီးတော့ အကူအညီ ပေးမှာပေါ့။ ”

မန္တလေးမြို့ စာသင်တိုက်မှ နာယက ဆရာတော်တပါးကို ကိုအေးနိုင်မှ မေးမြန်းလျှောက်ထားခဲ့ခြင်းကို နားဆင်ခဲ့ရခြင်းပါ။

**အစသို့**

---

## မန္တလေး ဂဠုန်နီဆရာတော် ပြန်လည်လွတ်မြောက်

*၂၆ ၊ ဩဂုတ် ၊ ၂၀၀၇*

သမိုင်းဝင် ရှစ်လေးလုံး အရေးတော်ပုံ ကာလတုန်းတွင် ဒီမိုကရေစီ အရေးတောင်းဆို ဆန္ဒပြပွဲများကို ဦးဆောင်ခဲ့သည့်အတွက် မန္တလေးမြို့တွင် ထင်ရှားသည့် ဂဠုန်နီဆရာတော် ခေါ် ဦးကာဝိယဟာ ယခုလ (၁၇) ရက်နေ့မှ မြင်းခြံထောင်မှ ပြန်လည် လွတ်မြောက်လာပြီ ဖြစ်ပါသည်။ ပြန်လည်လွတ်မြောက်လာသည့် ဂဠုန်နီဆရာတော်နှင့် သွားရောက်တွေ့ဆုံခဲ့သူ မန္တလေးမြို့သားတဦးမှ ယခုလို ပြောပြပါသည်။

“ဂဠုန်နီဆရာတော် ဉူးကာဝိယက လွတ်လာတာတော့ (၈) လပိုင်း (၁၇) ရက်နေ့က ညကနေပြီးတော့ ကျနော်တို့ အပ်ဖ်တီ နှစ်ယောက်ကနေပြီးတော့ ကျောင်းကို လာပို့သွားတယ်တဲ့ ကျနော် မနေ့ကတုန်းက အဲဒီဆရာတော် သွားတွေ့တယ်လေ။ (၁၇) ညကို သူ ကျောင်းကို ရောက်တယ်။ အဲ ဘုန်းကြီးဝတ်နဲ့ ပြန်လာတာ။ ဘုန်းကြီးဝတ်နဲ့ပဲ။ ထောင်ထဲမှာ တော့ သူသင်္ကန်းချွတ်မှာပေါ့။ သူလွတ်တယ်ဆိုတော့သူ သင်္ကန်းပေးဖို့ တောင်းပါတယ်။ အဲ ခေါင်းမှာလဲ ဂတုံးနဲ့ပဲ။ ဒီအတိုင်းပဲ သူရိပ်တောင် မရိပ်ရသေးဘူး။ ဂတုံးနည်းနည်းလေးပေါ့။ (၈) လေးလုံး အရေးတော်ပုံတုန်းက ဂဠုန်နီစစ်ကြောင်းဆိုပြီးတော့ ဦးဆီးဦးကိုင် ခေါင်းဆောင်ခဲ့တဲ့ ဂဠုန်နီဆရတော် ဉူးကာဝိယ။ အဲဒီကနေပြီးတော့ (၈) လေးလုံးကနေပြီးတော့ အဖမ်းခံပြီးတော့ သူဟာ ကြိုးမိန့်ကျသွားတယ်။ ကြိုးကနေပြီးတော့ ကျွန်းပြောင်းသွားတော့ (၂၀) ။ (၂၀) ကနေပြီး သူဟာ (၁၈) နှစ် ကျော်ကျော် (၁၈) နှစ် နေခဲ့ပြီးတော့ သူလွတ်လာတယ်။ ဒါပဲ။ ခုသူက မိမ္မိယာမကတိုက် စလင်းကျောင်းတိုက်မှာ သူ့ရဲ့ ညီဝမ်းကွဲ ကျောင်းကပဲ သူတို့ရွာနယ်ဖက်ကတဲ့ အဲဒီကျောင်းမှာ အခု အဲ အာဂန္တုအဖြစ်နဲ့ သတင်းသုံးနေတယ်။ ”

ဂဠုန်နီဆရာတော်ဟု လူသိများလှသည့် ဦးကာဝိယသည် တပ်မတော်က နိုင်ငံတော်အာဏာကို သိမ်းပိုက်ခဲ့ပြီးသည့်နောက် တိမ်းရှောင်ရင်း တရုတ်နိုင်ငံ နယ်စပ်တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပါသည်။ (၈၈) အရေးတော်ပုံကာလတွင် သက်တော် (၃၀) ဝန်းကျင်သာရှိသေးပြီး ဆရာတော်ကို အာဏာပိုင်များမှ သေဒဏ်ချမှတ်ခဲ့ပြီး ထောင်ဒဏ် အနှစ်နှစ်ဆယ်ကို ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ ထောင်ထဲတွင် (၁၈) နှစ်ဝန်းကျင် ကျခံခဲ့ရ ပြီးတဲ့နောက် မြင်းခြံထောင်မှ ပြန်လည်

လွှတ်မြောက်လာခဲ့ခြင်းဖြစ်ပါသည်။ ဂျွန်နီဆရာတော်၏ ပါဝင်ဆောင်ရွက်ခဲ့သည့် သမိုင်းအကျဉ်းကို ၄င်းမြို့ခံကပင် ယခုလို ရှင်းပြသွားခဲ့ကြောင်းပါ။

"အော် သူက အဲဒီ အရေးခင်းကာလကတော့ သူမ မွန္တလေးမှာ သူ့ကို လူထုက အထောက်ခံဆုံးပေ့ါနော်။ သူဟာ ခုနက ကျနော်တို့ နိုင်ငံရေး ဇတ်ခုံပေါ်တွေမှာ တက်ပြီးပြောတဲ့ အခါတွေမှာ သူပြောတဲ့ အခါမှာ ပရိပ်သတ်က အအားရဆုံးဖြစ်တယ်။ နောက်ပြီးတော့ သူကိုယ်တိုင်ပဲ အဲဒီတုန်းက ရန်ပုံငွေတွေခံတယ်။ သူကိုယ်တိုင်ပဲ မွန္တလေးမှာ ဖြစ်ပျက်ခဲ့တဲ့ ပြဿနာတွေ တော်တော် ဖြေရှင်းပေးခဲ့တယ်။ အဲ သူတို့ ဂျွန်နီ တပ်ဖွဲ့ကနေပြီးတော့ လုံခြုံရေးတွေလဲ ယူခဲ့တယ်။ နောက် နယ်တွေထိ သူတို့ ဆင်းပြီးတော့ တာဝန်ခံပြီးတော့ လုံခြုံရေးတွေ ယူခဲ့တာတွေ ရှိတယ်ဗျ။"

**အစသို့**

---

## ကိုညီညီဦး ကျန်းမာရေးဆိုး

*၂၆ ၊ ဩဂုတ် ၊ ၂၀၀၇*

သံလွင်ရေနံချက်စက်ရုံ ဗုံးကွဲမှု စွပ်စွဲချက်နှင့် သေဒဏ်ကျခံနေရသည့် တောင်ငူထောင်မှ နိုင်ငံရေးအကျဉ်းသား ကိုညီညီဦးကို ကျန်းမာရေး အခြေအနေဆိုးဝါး နေသည့် ကြားမှပင် ထောင်ဆေးရုံမှ အတင်းဆင်းခိုင်းပြီး တိုက်ထဲ ပြန်ပို့လိုက်ပါသည်။ ၄င်းအကြောင်းကို ကိုညီညီဦးကိုယ်တိုင် ပေးပို့လာသည့် စာကို ညီမဖြစ်သူ မဇာဇာမြင့်မှ ယခုလို ဖတ်ပြထားပါသည်။

"ပြီးခဲ့တဲ့ လတုန်းက (၂၄) ရက်နေ့လောက်က သွားတယ်။ သွားတော့ သူက အဲဒီလို ကျန်းမာရေး မကောင်ဘူးဆိုလို့ သူ့ကို ထောင်မှာ အပြောင်းအလဲ ရှိတယ်လို့ ပြောတယ်။ အဲဒါ ဒီ (၂၀) ရက်ကနေ့ စာလာတော့ ဖတ်ပြမယ်နော်။ ကိုကြီးစာရေးလိုက်တယ်တဲ့ ညီမလေးနဲ့ တကွ အန်တီ ညီလေး ညီမလေးတို့ ကျန်းမာကြပါစေ ။ ဘေးကင်းကြပါစေ။ ဆုတောင်းပါတယ်တဲ့။ ကိုကြီး စာရေးကတဲ့ အကြောင်းကတော့တဲ့ (၆) ရက် (၈) လ တနင်္လာနေ့ကတဲ့ အစ်ကိုကြီးကို ဆေးရုံကနေ ဆင်းခိုင်းလိုက်တယ်။ ကိုကြီးကို ဆေးရုံကိုပြန်ဆင်းရပြီး တိုက်ခန်းကျဉ်းကျဉ်းလေးထဲမှာ ပြန်ရောက်နေတယ်တဲ့။ သွေးပေါင်ချိန်က တက်လိုက်ကျလိုက်နဲ့ သိပ်ပြီးထူးခြားမှုတော့ မရှိပါဘူးတဲ့။ ဒါပေမဲ့ နေစဉ်နဲ့ အမျှတော့ ဆေးသောက်နေရတယ်တဲ့။ တိုက်မှာဆိုတော့ နေရတာ ကျဉ်းကြပ်နေတယ်။ အစားအသောက်ဆိုတာလဲ လုံးဝကို အဆင်မပြေတော့ဘူး။ ဒါကြောင့် အစ်ကိုကြီး ညီမလေးဆီကို အားကိုးတကြီး မှာလိုက်ရပါတယ်။ အစ်ကိုကြီး တောာင်းပန်ပါတယ်။ အစ်ကိုကြီးစာကိုရပြီး အမြန်ဆုံး လာပေးပါတဲ့ ။ ကိုကြီးရဲ့ ဒုက္ခကို စာနာသနားကြသဖြင့် အစ်ကိုကြီးဆီ ဒီတခေါက် အမြန်လာပေးပါအုံးတဲ့။ ခက်တာကလဲ လူကြီးတွေ အပြောင်းအလဲကလဲ ဖြစ်နေပြန်ပြီတဲ့ ။ အစ်ကိုကြီးအတွက် အားကိုးစရာ ညီမလေးပဲ ရှိပါတယ်တဲ့။"

ကိုညီညီဦး၏ ညီမ မဇာဇာမြင့်ဆွေ ပြောပြသွားခြင်းပါ။ ကျန်းမာရေးမကောင်းသည့် ကိုညီညီဦးကို အလင်းရောင်မရသည့် အကျဉ်းတိုက်ထဲ ပြန်ပို့ခံရသည့်အပေါ် ခံစားချက်ကိုလဲ သူမကပင် ယခုလို ပြောပြသွားခဲ့ပါသည်။

"သူက သေဖို့ပဲရှိတော့တယ်။ တိုက်ထဲရောက်တယ်ဆိုတော့လေ။ အလင်းရောင် နည်းနည်းလေးပဲရတယ်ပေ့ါ အဲဒီတိုက်ထဲမှာ အခန်းကလဲတော်တော်ကျဉ်းတယ်ပေ့ါနော် တိုက်ထဲမှာ အိမ်က မိသားစုလာတွေ့မှ ထွက်လို့ရမယ်ပေ့ါ။ သူ့မှာ လွတ်လပ်ခွင့်ရှိမယ်ပေ့ါနော်။ အဲဒီအတွက် ညီမတို့ အမြန်ဆုံးလာပေးပါတဲ့။ အဲလို ပြောတယ်။ သူ့ကို နေမြဲအတိုင်းပေ့ါနော် ဆေးရုံမှာ ပြန်ပြီးတော့ နေစေချင်တယ်ပေ့ါနော်။ ပြန်ထားစေချင်တယ်ပေ့ါ။ ဒီလောက် ရောဂါဖြစ်နေတဲ့ဟာကြီးကို ဒီမှာဆိုရင် သေဖို့လမ်းတလမ်းပဲ ရှိတော့တယ်။"

ကိုညီညီဦး၏ ညီမ မဇာဇာမြင့်ဆွေ ပြောပြသွားခဲ့ခြင်းပါ။ ကိုညီညီဦးသည် (၁၉၉၈) ခုနှစ်ကတည်းက သေဒဏ်ချမှတ်ခံ ဝထားရသူဖြစ်ပါသည်။ နောက်ပိုင်းမှ ၄င်းအား ထောင် တသက်တကျွန်း လျှော့ချခဲ့ပြီး အင်းစိန်ထောင်မှ တောင်ငူထောင်ကို ပြောင်းရွှေ့လိုက်ပါသည်။ ယခုလို ကိုညီညီဦးကျန်းမာရေးဆိုးဝါးနေခြင်းနှင့် ပတ်သက်၍ တောင်ငူထောင်ကို ဆက်သွယ်မေးမြန်းသော်လည်း ၄င်းတို့ ဖြေဆိုခွင့်မရှိကြောင်း ဖုန်းကိုင်သူမှ ပြန်လည်တုံ့ပြန်ခဲ့ပါသည်။

**အစသို့**

---

## ညှော်စာရင်းတိုင်မှုကို လက်မခံဘဲ ဝင်ဖမ်း

*၂၇ ၊ ဩဂုတ် ၊ ၂၀၀၇*

မကွေးတိုင်း စကုမြို့တွင် အန်အယ်လ်ဒီ အဖွဲ့ဝင် လူငယ်တဦး၏အိမ်၌ တည်းခိုနေသည့် လူငယ် ၁၄ ဦးကို ညှော်စာရင်းမတိုင် ထားဘူးဆိုပြီး အာဏာပိုင်များမှ ယနေ့မနက် ၂ နာရီတွင် ဝင်ရောက်ဖမ်းဆီး ဖြစ်ပွားခဲ့ပါသည်။ စကုမြို့ မင်းလမ်းမမှာရှိသည့် အိမ်တွင် တည်းခိုဖို့ရန်အတွက် ရပ်ကွက် 'ရယက' ရုံးတွင် မနေ့ကညနေပိုင်း ညှော်စာရင်းတိုင်ပေမယ့် တာဝန်ကျသူများမှ လက်မခံခဲ့ကြောင်း

ဆိုပါသည်။ ဒု–ရဲအုပ်သန်းနိုင်လင်းနှင့် ရယကရုံးမှ ကျော်ကျော်လင်းတို့ ဦးဆောင်သည့်လူအုပ်စုမှ လူငယ်များတည်းခိုနေသည့် အိမ်ကိုဝိုင်းပြီး ဝင်ရောက်ဖမ်းဆီးခြင်းဖြစ်ပါသည်။ ဖမ်းဆီးခံရသူများနှင့် နီးစပ်သူတဦးမှ ပြောပါသည်။ အဖမ်းခံရသူ ၁၄ ဦးကို ကား ၄ စီးနှင့် ခေါ်ဆောင်သွားပြီး ၄င်းတို့ထဲမှ ၅ ဦးကို စလင်းမြို့နယ် နယ်နိမိတ်အဆုံး ဆူးလေကုန်းရွာအနီး ဆူးလေချောင်းနားတွင်ချထားခဲ့သည်ဟု ဆိုပါသည်။ ဖမ်းဆီးသွားသူများအနက် ကျန် ၉ ဦး၏ နောက်ဆက်တွဲသတင်းကို မသိရသေးပါ။

**အစသို့**

---

## ကိုထင်ကျော်ကို ဖမ်းဆီးသူများသည် ကြံ့ခိုင်ဖွံ့ဖြိုးရေးနှင့် မီးသတ်များဖြစ်ဟု ပြောဆို

*၂၇ ၊ ဩဂုတ် ၊ ၂၀၀၇*

ကုန်ဈေးနှုန်း ကျဆင်းရေး ဆန္ဒပြအဖွဲ့ခေါင်းဆောင် ကိုထင်ကျော်ကို အကြမ်းဖက် ဖမ်းဆီးသူများမှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဖြစ်သည်ဟုမျက်မြင် တွေ့ရှိခဲ့သူများထဲမှတဦးက ယခုလို ပြောပါသည်။

"ကျနော်က အဲဒီအချိန်မှာ ပုသိမ်ကြီးဈေးရှေ့မှာ ရှိတယ်ပေါ့နော်။ ရှိတော့ ကိုထင်ကျော်က အဲဒီအချိန်မှာ ဟို အပြာရောင်ယူနီဖောင်းနဲ့ အုပ်ထုပ် အပြာရောင် ဝတ်ထားတယ်။ သူက ဆိုင်းဘုတ်လေး ရှေ့မှာဆွဲထားတယ်။ နောက် ဂျင်းအကျီနဲ့ လူတယောက် သေတယ်ပေါ့နော်။ ကိုထင်ကျော်နဲ့ တွေ့တဲ့ လူတယောက်က ဟိုဖက်ဒီဖက် လမ်းလျှောက်တယ်ပေါ့နော်။ လမ်းလျှောက်ပြီးတော့ ဒီ ကျနော်တို့ သူတို့က ကုန်ဈေးနှုန်းကျဆင်းရေး လောင်စာဆီကျဆင်းရေး ဆိုပြီးတော့ သူတို့က ။ အဲဒီမှာ သူတို့ ငါးမိနစ်လောက်ပဲ ရှိမယ်ဗျ။ သူတို့ ပြောနေတုန်းရှိသေးတယ်။ အဲဒီလို ငါးမိနစ်လောက်ပဲ ရှိပြီးတော့ သိပ်မကြာခင်မှာပဲ ပန်းပဲတန်းက ဒီကြံ့ခိုင်ရေးနဲ့ မီးသတ်က လူတွေက ဝင်ဖမ်းလိုက်တယ်ဗျာ။ အဲ ဝင်ဖမ်းလိုက်တဲ့ အခါမှာ အဲဒီမှာ ကျနော်သိသလောက်ပြောရလို့ ရှိရင်တော့ သံချောင်းပေါ့ဗျာ။ သံချောင်းဆိုတဲ့ (၂၈) လမ်းက လူရယ် နောက်ပြီးတော့ ဒီ (၃၂) လမ်းကြံ့ခိုင်ရေးက မောင်မောင်ဆိုတဲ့သူရယ် ပါတယ်။ ဒီလူတွေက သံချောင်းဆိုတာလဲ တချိန်က ဆေးသမားပါ။ အခုဒီဖက်ခေတ် ရောက်ကြမှ ဟိုဟာပေါ့နော်။ ကောက်ပွဲ မလုပ်တဲ့ ဒီမီးသတ်ထဲကို ဝင်သွားတာပေါ့နော်။ ဒီမီးသတ်ထဲ ဝင်သွားတာပေါ့ ။ အဲဒါပါပဲ။"

ရန်ကုန်မြို့ခံ မျက်မြင်သက်သေတဦး ပြောပြသွားခြင်း ဖြစ်ပါသည်။ လောလောဆယ်မှာတွင် ကိုထင်ကျော်ကို ဘယ်မှာ ဖမ်းဆီးစစ်ဆေးနေတယ်ဆိုသည်ကို စုံစမ်းလို့ မရသေးပါ။

**အစသို့**

---

## ငါးစာကျွေးကုသိုလ်ပြုသူများကို နှောင့်ယှက်ဖမ်းဆီး

*၂၈၊ ဩဂုတ်၊ ၂၀၀၇*

ယနေ့မနက် ရန်ကုန် မဟာဝိဇယစေတီနားတွင် ဘေးမဲ့ကန်၌ ငါးစာကျွေးသည့် အန်အယ်လ်ဒီအဖွဲ့ဝင် များအား စစ်အစိုးရ အာဏာပိုင်များမှ အနှောင့်အယှက်ပေးပြီး (၂) ဦးကို ဖမ်းဆီးသွားခဲ့သည်ဟု အန်အယ်လ်ဒီ ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့တာဝန်ခံ ဒေါ်အေးအေးမာမှ ပြောပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် အမျိုးသမီးများသည် အပတ်စဉ် ဆောင်ရွက်နေကျအတိုင်း သံဃာတော်အပါး (၂၀၀) ကို ဆွမ်းလောင်းလှူပြီးနောက် ရန်ကုန်မြို့ ရွှေတိဂုံစေတီအနီးမှ မဟာဝိဇယစေတီကို ၁၁ နာရီခန့်မှာသွားရောက်ပြီး ငါးစာကျွေးကြခြင်း ဖြစ်ပါသည်။ ကုသိုလ်ပြုဖို့ သွားရောက်သူများအနက် ကန်ခြံဝင်းထဲကို (၅) ဦးဝင်အပြီးတွင်ဂါ ကန်တံခါးစောင့်မှ တံခါးကိုပိတ်လိုက်ပြီး ကျန် (၅) ဦး ခြံစည်းရိုးထဲ ဝင်ခွင့်မပြုဘဲ တားမြစ်ခြင်းကြောင့် ရောက်ရာနေရာအသီးသီးကပင် ကောင်းမှုကုသိုလ်ပြု အမျှဝေကြရပါတသည်။ ကုသိုလ်ပြုပြီး အပြန်တွင် မှတ်တမ်းတင်ဓါတ်ပုံရိုက်သည့် အဖွဲ့ချုပ်အဖွဲ့ဝင် ကိုဝင်းဆိုင်နှင့် ကိုအောင်ထူးတို့ကို ပြည်ခိုင်ဖြိုးအသင်းသားများနှင့် ထောက်လှမ်းရေးဟုယူဆရသူများမှ ကားပေါ်တင်ပြီး ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု ဒေါ်အေးအေးမာမှ ပြောပြပါသည်။

**အစသို့**

---

## စုစုနွေးနှင့် ဆက်သွယ်မေးမြန်းချက်

*၂၉၊ ဩဂုတ် ၊ ၂၀၀၇*

မနေ့ကဖြစ်ပွားခဲ့သည့် ရန်ကုန် လှည်းတန်းလမ်းဆုံမှ ဆန္ဒပြပွဲအတွင်း ဦးဆောင်ပါဝင်ခဲ့သူ မစုစုနွေးနှင့် ဆက်သွယ်မေးမြန်းချက် ဖြစ်ပါသည်။ ပထမ ဆုံးထားတာကတော့ မနေ့က ဆန္ဒပြပွဲ အတွင်းအမှန်တကယ် ဘာတွေဖြစ်ပျက်ခဲ့ပါသလဲဆိုတာကို အကျဉ်းချုံး ရှင်းပြပေးရန် ဖြစ်ပါသည်။

“ဟုတ်ကဲ့ ဒီနေ့ကတော့ လှည်းတန်းဈေးထိပ်ကနေပြီးတော့ကျမတို့ ဒီ သမိုင်းဖက်ကို သွားတာပေ့ါနော်။ လှည်းတန်းဖက်ကို ဈေးထိပ်ကနေပြီးတော့ (၁) နာရီထိုးမှာ စပြီးတော့ပေ့ါ လမ်းလျှောက်တယ်။ လမ်းလျှောက်အချိန်မှာ (၁) နာရီထိုး စလျှောက်တဲ့ အချိန်မှာ ကျမ မရောက်သေးဘူး။ကျမကနေပြီးတော့ (၁) နာရီ ဆယ်မိနစ်မှာ ရောက်တယ်။ လျှောက်တဲ့သူက လျှောက်ထား ကျမကနေပြီးတော့ အချိန်ကို ခွာပြီးတော့ လာခဲ့မယ်လို့ ပြောထားခဲ့တာ။ (၁) နာရီထိုး ငါးမိနစ်လဲ ကြာတော့ သူတို့ စထွက်ကြတယ်။ စထွက်လာတဲ့ အချိန်မှာ ကျမကနေ ကားနဲ့ ပြန်ဝင်လာခဲ့တယ်။ သူတို့တော်တော်လေး ဒီဖက်ကို ရောက်လာပြီ။ ရောက်လာတဲ့ အချိန်မှာ ကျမက ကား တက်စီ ပေါ်ကနေဆင်းပြီးတော့ ကျမက ချက်ချင်း တခါထဲ သူတို့ စီကို ကျမက ရှေ့ကို ဝင်သွားတယ်။ ဝင်သွားတော့ ကျမလဲ လမ်းလျှောက်တယ်။ ကျမတို့ ဒီ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေ လောင်စာဆီ တိုးမြှင့်မှုတွေ အပေါ်မှာ လူထုတွေရဲ့ ကိုယ်စား ကျမတို့ တွေ ဆင်းပြီးတော့ ငြိမ်းချမ်းစွာ လမ်းလျှောက်ပြီး ဆန္ဒပြ တောင်းဆိုပေးနေပါတယ်လို့ ပြောတယ်။ ကျန်တဲ့သူတွေကလဲ ပြောတယ်ပေ့ါနော်။ အဲဒီ ကျမတို့ဒီ လမ်းလျှောက်တာ အလှမ်း (၃၀) လောက်ပဲ ရှိပါသေးတယ်ရှင့်။ ကျမတို့ကို ဝိုင်းတားကြတယ်လေ။ သူတို့ဖက်ကနေပြီးတော့ ။ဝိုင်းတာတာတော့ တော်တော်တော့ အခြေအနေ ဆိုးဆိုး တားတာပဲ။ အဲ ကျမတို့ကို အတင်းပဲပေ့ါနော် ဆွဲ လှဲ အတင်းပဲတင်။ ကျမတို့ကို ဒီဖက်ကလဲ ကျမကို မပါရေး အကုန်လုံး ဝိုင်းဆွဲကြ ။ဟိုဖက်ကလဲ ဝိုင်းဆွဲကြနဲ့ ကျမဆို ဆံပင်တွေလဲ ဖိုးရိုဖားရားတွေ ဖြစ် ၊ ဖိနပ်တွေလဲ ကျွတ် အာ အကုန်ကို ရုန်းရင်းဆန်ခတ် ဖြစ်ကုန်ရော ။ တချို့ကြတော့ကာ ချော်တယ်။ တုံးလုံးပက်လက်တွေ လဲသွား။ အဲဒီ လဲတဲ့အတိုင်းတွေ အတင်းပဲ ဆွဲပြီးတော့ အပေါ်ကို ကားပေါ်ကို အတင်းပဲ မြှောက်ပြီးတော့ တင်တာတွေ အကုန်လုံးတွေ့ရတယ်။တော်တော်တော့ စိတ်မချမ်းသာ စရာပဲရှင့်။ တော်တော်လေး အခြေအနေ ဆိုးပါတယ်။ ဟိုပေ့ါ။ ဒီပြင်နိုင်ငံသားတွေရဲ့ ရှေ့မှာ ကိုယ်နိုင်ငံသားတွေ ရဲ့ အခြေအနေကို အဲဒီလိုမျိုးတွေ့ရတော့ အဲဒါကို ကျမ တော်တော်လေး စိတ်မကောင်းဖြစ်မိတယ်။ ”

“ ဟုတ်ကဲ့ မစုစုနွေး အခုနက သူတို့က ဆွဲတယ်ဆိုတော့။ သူတို့ဆိုတာ ဘယ်သူတွေလဲ ခင်ဗျ။ ”

“အော် သူတို့ ဆိုတာ စွမ်းအားရှင်တွေရယ် ဒီ ပြည်သူ့ အရောင်ဆောင်ထားတဲ့ စွမ်းအားရှင်တွေရယ် ဒီ အာဏာပိုင်တွေကိုပြော တာပါရှင့်။ ဟို ကျမတို့ကို တားတဲ့ အထဲမှာ ပြည်သူ့ရောင်ဆောင်ထားတဲ့ စွမ်းအားရှင်တွေပေ့ါ အာဏာပိုင်တွေက တားတာပါ။ ကျမတို့ကို မတရား တားနေတဲ့အချိန်မှာ ပြည်သူလူထုထဲက ဦးလေးသုံးယောက်ကနေပြီးတော့ ကျမဆီကို ရောက်လာပါတယ်။ ရောက်လာပြီးတော့ ကျမတို့ ရှေ့ကနေ ကာပြီးတော့ မင်းတို့ မတရား မလုပ်ကြနဲ့ ငါတို့က ပြည်သူအစစ်တွေကွ အကြမ်းမဖက်ကြနဲ့ မတရားမလုပ်ကြနဲ့လို့ ဆိုပြီး ကျမတို့ရှေ့ကနေ ဝင်တားပေးပါတယ်ရှင့်။”

“ဘယ်နှယောက် ဖမ်းခံထိသွားလဲ မစုစုနွေးသိပါသလားခင်ဗျ။”

“အဲ အိုးဝေ အပါအဝင် (၈) ယောက် အဖမ်းခံရတယ်ရှင့်။ ကျမတို့ ရှေ့တင် ဖမ်းသွားတဲ့ သူတွေပါရှင့်။ ”

“ မစုစုနွေးက အဲဒီမှာ သတိလစ် မေ့မြောသွားတယ်လို့ သိရပါတယ်ခင်ဗျ။ အဲဒါရော ဘယ်လိုဖြစ်တာလဲ ခင်ဗျာ။ ”

“အဲဒါက သတိမေ့သွားတာ မဟုတ်ပါဘူးရှင့် ။ ကျမက နှလုံးအားနည်းပြီးတော့ ဆေးနေ့တိုင်း ချိတ်နေရတာ။ ဒီနေမှ ကျမ နလန်ထကစပဲ ရှိတယ်လေ။ ထမင်းက သိပ်မစားနိုင်ဘူး ကျမက ။ အရည်လောက်ပဲ ကျမသောက်နေတာ။ အဲ ဟိုရောက်တော့ ကျမရောက်ရောက်ချင်းပဲ အသက် တအားပဲ တကယ်ကိုယ့် အူရား ဖားရားပေ့ါ။ ဝင်ဆွဲ အတင်းနင်းက ရုန်းရင်းဆန်ခတ် ။ ကျမအစ်ကိုတွေတွေကလဲ ကျမမပါရေး ကျမကိုယ်လုံးလေးကို အကုန်လုံး ဝိုင်းပြီးတော့ဖက် သိမ်းဖက်ပြီးတော့ ထားတယ်။ သူတို့က ပြန်ဆွဲ ကျမကို ။ ပြန်ဆွဲ ။ ပြန်ဆွဲ ။ သူတို့က ပြန်ဆွဲ ။ ကျမက ကြားထဲမှာ လုံးလယ်------လိုက်နေတယ်။အဲဒီကြားထဲမှာ ကျမက နေပြီးတော့ ကျမတို့ လူထုတွေရဲ့ ကိုယ်စား ကျမတို့ တောင်းဆိုမှုတွေကို ကျမက ပါးစပ်ကလဲ ပြောနေတယ်။ ကျမအစ်ကိုတွေ ပါသွားတော့လဲ ကျမက မီအောင်ပေ့ါနော်။ ကျမက အားလေးနဲ့ ဝင်ဆွဲ ။ ဝင်ဆွဲတော့ ကျမမောင်လေးတွေက ကျမကို ရှေ့ကျော်သွားမှာစိုးလို့ လက်နဲ့ပြန်ဆွဲ ။ ကျမကလဲ ပြန်ပြောဆိုတော့ ရောဂါသည်ရှင့်။ ဟိုလူကဆွဲ ဒီလူကဆွဲ ။ ကြားထဲမှာ ရောက်ရက်ခတ်နေတယ်။ ကျမ အရမ်းမောလာတယ်။ မောလာပြီးတော့ တခါထဲ မိုက်ကနဲ မိုက်ကနဲ နဲ့ ခေါင်တွေက တအားမူးလာတယ်။ မူးလာပြီးတော့ အဲဒီအချိန်မှာ ကိုအိုးဝေက ပစ်လဲသွားတယ်။ ကိုအိုးဝေက ပစ်လဲသွားတယ်။ ကိုအိုးဝေက ပစ်လဲတဲ့အတိုင်း ကြိုးကိုတခါထဲ လုံးချည်တွေကျွတ် ဘာတွေကျွတ်နဲ့ ကားပေါ်တင်လိုက်တယ်။ ကျမတော်တော် စိတ်မကောင်းပါဘူး။ အဲဒါနဲ့ တခါထဲ ကျမမောင်လေးတွေက ကျမကို တခါထဲ ဆုတ်ဆုတ် ဆုတ်ဆုတ် ပြီးတော့ ကျမပါမှာ စိုးလို့ အတင်းပဲ ဆွဲပြီးတော့ နောက်ကို ဆုတ်သွားတဲ့အချိန်မှာ ကျမကလေ ကျမ အစ်ကိုတွေရှေ့မှာ ဆွဲနေတယ်။ ဆွဲပြီးတော့ အဖမ်းခံရတာကို ကျမကလဲ ရှေ့ကိုတိုး ။ ကျမမောင်လေးတွေက နောက်ကို အတင်းပဲ ပြန်ဆွဲ နဲ့ဆိုတော့ ။ ကျမ ခေါင်းမူး။ မေ့သွားတာ မဟုတ်ပါဘူး။ ကျမ အရမ်းမောပြီးတော့ စိတ်လဲ အရမ်းလှုပ်ရှားပြီးတော့ မူးသွားတာ။ မူးသွားတော့ ရှေ့ကို မိုက်ကနဲ ဆိုဖြစ်သွားတယ်။ ကျမမေ့သွားမှာစိုးလို့ ကျမစိတ်ကိုကျမ ထိန်းပြီးတော့ သူတို့ရှေ့မှာ ဘယ်တော့မှ အလဲ မခံဘူးဆိုပြီးတော့ စိတ်ကိုချက်ချင်း ပြန်တင်းပြီးတော့ စကားမပြောတော့ပဲနဲ့ စိတ်ကို

အသာလေးပြန်လျှော့ ချထားပြီးတာ့ အဲ မောင်လေးတွေက အတင်းပဲ တခါထဲ ဆွဲခေါ်သွားတယ်။ ကျမခြေထောက်မှာ ဖိနပ်လဲ မပါဘူး။ တရွက်တရွက်နဲ့ သူတို့ဆီ ပါသွားတယ်။ မောင်လေးတွေက ထိုးပွေ့ထားတာပါ။ ကျမ အကုန်သတိရနေပါတယ်။ ကျမ အကုန်သိနေပါတယ်။ သူတို့ဖက်ကနေပြီတော့ လက်ခုတ်တွေ တီးတယ်။နောက်တော့ ကျမ အဲလိုဖြစ်သွားတဲ့ အချိန်မှာ သူူတို့ဖက်ကနေ နောက်ကနေ လိုက်မလာရဲတော့ပါဘူး။ ”

“ဟုတ်ပါပြီ မစုစုနွေးခင်ဗျား။ အခုလို အကြမ်းဖက်ပြီးတော့သူတို့ဆိုတဲ့ စွမ်းအားရှင်တွေက ပေ့ါနော်။ ကြံ့ဖွတ်တွေကနေပြီးတော့ နောက်ယှက်တဲ့အပေါ်မှာ မစုစုနွေးအနေနဲ့ ဘာပြောချင်လဲ ခင်ဗျ။”

“အဲ ကျမပြောချင်တာပေ့ါ။ ကျမတို့ နိုင်ငံဆိုတာ အခုပေ့ါနော် ။စစ်အာဏာရှင်တွေက လမ်းတွေမှာလဲ ရေးထားတယ်။ ဒီမိုကရေစီ နိုင်ငံသစ်စီသို့ ဆိုပြီးတော့ အဝေးပြေးလမ်းမတွေမှာ ရေးထားတာ ရှိပါတယ်။ ဒီမိုကရေစီ နိုင်ငံဆိုတာ ဒီမိုကရေစီ နိုင်ငံစာလုံးပေါ်မှာ ပိတ်ဖြူပေါ်မှာ စာလုံးတင်ပြီး ရေးရုံနဲ့ ဒီမိုကရေစီ နိုင်ငံ မဟုတ်ပါဘူး။ ဒီမိုကရေစီနိုင်ငံ ဆိုတာမျိုးက ကိုယ့်အခွင့်အရေးတွေ ကိုယ့်ဆန္ဒတွေကို ဖော်ထုတ်ပိုင်ခွင့်ရှိပါတယ်။ အဲလို ဖော်ထုတ်ပိုင်ခွင့်မရှိဘူး လူ့အခွင့်အရေး အဲလောက်တောင် ရိုင်းရိုင်းစိုင်းစိုင်း ချိုးဖောက်နေမယ်ဆိုရင် ဒီမိုကရေစီ နိုင်ငံသစ်ဆီသို့ ဆို့တဲ့ စာတမ်းကိုဖြုတ်ဖို့ အချိန်တန်နေပြီလို့ ကျမပြောချင်ပါတယ်။ ကျမတို့ နိုင်ငံမှာ အခုလိုမျိုး အကြမ်းဖက်မှုတွေ အခုလိုမျိုး ပြည်သူအချင်းချင်းကို ပေ့ါနော်။ အတင်း အဓမ္မ အကြမ်းဖက်နိုင်နင်းမှုတွေ အားလုံးကို ရပ်တန့် ရပ်စေချင်ပါတယ်လို့ ကျမပြောချင်တယ်ရှင့်။ ”

“ဟုတ်ကဲ့ ခင်ဗျ။ အခုဒီဖြစ်စဉ်မှာ တချို့က ပြည်သူတွေက ကိုယ်တိုင်ကိုယ်ကျ ထဲထဲဝင်ဝင် အများစုအနေနဲ့ ပေ့ါနော် ပါလဲ ပါချင်တယ်။ တအုံ့နွေးနွေးနဲ့ ဖြစ်နေတဲ့ အပေါ်မှာ ရဟန်းသံဃာ ပြည်သူလူထု အပေါင်းကိုရော အမက ဘာပြောချင်လဲ ခင်ဗျ။ ”

“အဲ ကျမတို့ ပေ့ါနော်။ ကျမတို့ ပြည်သူလူထုတွေက အခုဆိုရင် ရှေ့တိုးလာတဲ့ ပြည်သူလူထုတွေ ရှိသလိုပေ့ါ။ ရှေ့ကိုမတိုးရဲပဲနဲ့ နောက်ကနေကြည့်ပြီးတော့ အားပေးတဲ့ ပြည်သူလူထုတွေလဲ ကျမတွေ့ရပါတယ်။ အကြောက်တရားကြီးပြီးတော့ လုံးဝ မထွက်ရဲတဲ့ ပြည်သူလူထုကိုလဲ ကျမတွေ့ရပါတယ်။ အဲ နောက်တခုက ရှေ့လဲ တိုးလာတယ်။ ဟိုပေ့ါ နောက်ကလဲ နေချင်တယ်ဆို ရှေ့တိုးရမလို နောက်ဆုတ်ရမလို ဖြစ်နေတဲ့ ကျမတို့ ပြည်သူလူထုကိုလဲ ကျမတို့ တွေ့ရပါတယ်။ အဲလိုမျိုးပေ့ါနော်။ ပြည်သူလူထုတွေ ကျမတို့ ပြောချင်တာကတော့ ဒီစစ်အာဏာရှင်တွေက ပြည်သူလူထုတွေ အားလုံးကို မြန်မာနိုင်ငံပြည်သူလူထုတွေ အားလုံးကို အကြောက်တရားကြီးမားအောင် အမျိုးမျိုး ဖိနှိပ် ချုပ်ချယ်ထားတယ်ဆိုတာ ကျမတို့လဲ သိပါတယ်။ ဒါပေမဲ့ ကျမတို့လဲ ကြောက်ကြပါတယ်။ ကျမတို့လဲ ကြောက်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျမဆို ကျန်းမာရေးလဲ မကောင်းပါဘူး။ ကျမတို့လဲ ကြောက်ပါတယ်။ ကြောက်ကြောက်နဲ့ ကျမတို့ အခွင့်အရေးတွေကို ကျမတို့ပေ့ါ။ ရချင်တယ်။လိုချင်တယ်ဆိုရင် ကြောက်ကြောက်နဲ့ ကျမတို့ မျက်လုံးဖွင့်ပြီးပေ့ါနော်။ ကျမတို့ အခွင့်အရေးကို ကျမတို့ တောင်းဆိုကြမယ်။ တနိုင်ငံလုံးမှာရှိတဲ့ ရဟန်းရှင်လူ ကျောင်းသားပြည်သူအားလုံးဟာပေ့ါနော် ။ တစည်းထဲ တလုံးထဲ ညီညီညာညာနဲ့ပေ့ါ။ထွက်လာပြီးတော့ မိမိအခွင့်အရေးတွေကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကျမတို့ တောင်းဆိုကြမယ်ဆိုရင် ကျမတို့လိုချင်တဲ့ ကျမတို့ အခွင့်အရေးတွေ စီးပွားရေး ကြပ်တည်းမှုတွေ အားလုံးဟာ လွတ်မြောက်နိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ပေ့ါ။ ကျမတို့ပေ့ါနော်။ ပြည်သူလူထုတွေ အားလုံးဟာ အကြောက်တရားတွေကို မျက်လုံးဖွင့်ပြီး ကြောက်ပြီးတော့ မိမိအခွင့်အရေးတွေ မိမိ တောင်းဆိုကြမယ်ဆိုရင် ကျမလိုချင်တဲ့ အခွင့်အရေးတွေ ရမှာဖြစ်ပါတယ်လို့ ကျမပြောချင်ပါတယ်။ ”

ရန်ကုန် လှည်းတန်းဆန္ဒပြပွဲကို ဦးဆောင်ပါဝင်ခဲ့သူ မစုစုနွေးမှ ပြည်သူတရပ်လုံး ကိုယ်အခွင့်အရေးအတွက် ကိုယ်တိုင်ပါဝင်ပြီး တိုက်ပွဲဝင်ဖရန် လိုအပ်နေပြီဖြစ်သည့်အကြောင်း တိုက်တွန်းသွားခြင်း ဖြစ်ပါသည်။ မစုစုနွေးအပါအဝင် အမျိုးသမီးများအပေါ် ယခု လိုမျိုးနှောက်ယှက် တားဆီးနေခြင်နှင့် ပတ်သက်ပြီး နယ်စပ်အခြေစိုက် မြန်မာအမျိုးသမီး သမဂ္ဂက ဘီဒဗလျူရှူမှ ဝေဖန်သည့် ကြေငြာချက် တဆောင်ကို ယနေ့ ထုတ်ပြန်လိုက်ပါသည်။ ၄င်းကြေငြာချက်နှင့် ပတ်သက်ပြီး အဖွဲ့ရဲ့ ပြောခွင့်ရပုဂ္ဂိုလ်တဦး ဖြစ်သူ နိုးနိုးထက်စံ မှအခုလို ပြောပြထားပါသည်။

“ဒီကြေညာချက်မှာတော့ အဓိက ကျမတို့က ဒီ (၈၈) မျိုးဆက် အမျိုးသမီးတွေ အထူးသဖြင့်ပေ့ါနော်။ သူတို့ လုပ်တဲ့ လုပ်ဆောင်ချက်တွေကို ကျမတို့ ဂုဏ်လဲ ယူတယ်။ နောက် ထောက်လဲ ထောက်ခံတယ်။ အားလဲ ပေးတယ်ပေ့ါ။ နော်။ နောက်တချက် ကြတော့ ဒီလို အမျိုးသမီးတွေ ဒီလို လှုပ်ရှားမှုမှာ ပါဝင် ပတ်သက်နေတဲ့ကိစ္စကို နအဖကနေပြီးမှ ကြံ့ဖွတ်ပဲပြောပြော ပိုက်ဆံပေးပြီးမှ ခေါ်တဲ့သူတွေကိုပဲ ဖြစ်ဖြစ် စေခိုင်းတဲ့ကိစ္စရယ် ။ အမျိုးသမီးတွေက အိမ်ကနေတကွဲတပြား ဖြစ်နတဲ့ ကိစ္စရယ်။ လုံခြုံနိုင်ငံမှာ အမျိုးသမီးတွေ ရှောင်တိမ်းနေရတဲ့ ကိစ္စတွေဟာ သူတို့ အတွက်က တော်တော်ကိုအခက်အခဲ ဖြစ်တယ်လေ။ အဲဒီအတွက်ကို ကျမတို့ ဒီ မြန်မာ့ အမျိုးသမီးများသမဂ္ဂကနေပြီးမှ ရှုတ်ချတယ်ပေ့ါ။ နအဖကနေပြီးမှ ဘာဖြစ်လို့ဒီလိုလုပ်ရတာလဲပေ့ါ။ နောက်ပြီးတော့ အမျိုးသမီးတွေကို (၁) အချက်က ကာအိန္ဒြေ ပျက်စီးအောင်လုပ်တယ်။ (၂) အချက်က အကြမ်း ဖက်တယ်။ ဒီကိစ္စမျိုးတွေကို ကျမတို့ ခွင့်မပြုဘူး။ ဘာဖြစ်လို့လဲ

ခွင့်မပြုလဲ ဆိုတော့ ဒီနအဖ ကိုယ်တိုင်က နိုင်ငံတကာ စာချုပ်စာတမ်းတွေကို လက်မှတ်ရေးထိုးတယ်။ အဲဒီအထဲမှာ အထူးသဖြင့် ဆီဒေါကိစ္စမျိုးတွေ (၁၃၂၅)ဆုံးဖြတ်ချက် လုံခြုံရေး ကောင်စီရဲ့ ဆုံးဖြတ်ချက် အရဆိုလိုရှိရင် ဒီအမျိုးသမီးတွေ ဒါမျိုးကို လုပ်ခွင့်ကို ဒါမျိုးလုပ်ခွင့်မပေးဖို့ကိုမှ လုံခြုံရေး ကောင်စီရဲ့ ဆုံးဖြတ်ချက် (၁၃၂၅) တောင် ပြထားတာတွေ ရှိတယ်။ ဆီဒေါမှာလဲ တပြိုင်ထဲ ဒီအချက်တွေကို လုပ်ထားတာတွေရှိတယ်။ ဒါကို နအဖက လုပ်တာဆိုတော့ ကျမတို့က ကန့်ကွက်တယ်။ရှုတ်ချတယ်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ကတော့ ဘာဖြစ်လို့ ဒီကိစ္စကို လက်ပိုက်ကြည့်နေသလဲ။ ဒီကိစ္စတွေကို ကျမတို့က ပြန်ပြီးတော့ အကာအကွယ်လုပ်ပေးဖို့ တောင်းထား ပြောထားတယ်ပေါ့နော်။ ”

မြန်မာအမျိုးသမီးသမဂ္ဂမှ နိုးနိုးထက်စံ ဖြစ်ပါသည်။ ထို့အပြင် ဒီကြေငြာချက်ထဲတွင် ဆန္ဒပြပွဲများအား ဦးဆောင်ခဲ့ပြီး နေအိမ်များမှနေတိမ်းရှောင်နေရသည့် (၈၈) မျိုးဆက်ကျောင်းသူ မနီလာသိန်းနှင့် မမီးမီးတို့နှင့် အမည်နှင့်တကွဖော်ပြထားပြီး ၄င်းလုံခြုံရေးအတွက်၊ အထူးသဖြင့် တလသား အရွယ်ကလေးငယ်ကို ထားပြီး တိမ်းရှောင်နေရသည့် မနီလာသိန်း အတွက် လူသားချင်းစာနာတဲ့ ရှုဒေါင့်ကနေ အမြန်ဆုံး ဖြေရှင်းပေးရန်ကိုလည်း သီးသန့်တောင်းဆိုထားခြင်း များတွေ့ရပါသည်။

**အစသို့**

---

## ဘဝတူလူနာချင်း ကူညီတဲ့ ကိုရင်ကြီး

*၃၀ ၊ ဩဂုတ် ၊ ၂၀၀၇*

အိပ်ချ်အိုင်ဗွီစွဲကပ်နေသူတဦးကို ပခုက္ကူမြို့နယ်တွင် ညအိပ်စောင့်ပေးသည့် ကိုရင်ကြီး ရှင်ရဆကသအးမွှသာမိ (ခ) ကိုတင်ကို ကို အာဏာပိုင်များမှ မနေ့က အတင်းအကျပ် လူဝတ်လဲခိုင်းပြီး ၄င်းနေထိုင်ရာ ပခုက္ကူ–ကံမကို ပြန်ပို့လိုက်ပါသည်။ ဝေဒနာသည်းလာသည့် လူနာကို ဆေးရုံပို့ရာတွင် ကူညီဖို့ မေတ္တာရပ်ခံခြင်းကြောင့် လိုက်ကူညီအပြီး မြို့နယ်ဆေးရုံတွင် ပြီးခဲ့သည့် အင်္ဂါနေ့ ညအိပ်စောင့်ပေးစဉ်ယခုလို ကြုံတွေ့ရသည်ဟု မကွေးတိုင်း ပေါက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးအဖွဲ့ အတွင်းရေးမှူး ကိုအောင်ကျော်ကျော်မှ ပြောပါသည်။ ကိုယ်တိုင်က အေအိုင်ဒီအက်စ်ရောဂါသည်ဖြစ်သည့် ကိုတင်ကိုသည် ဘဝတူ ဝေဒနာသည်များအား ကူညီနေသူဖြစ်ပါသည်။ အဓမ္မလူဝတ်လဲခိုင်းရာတွင် ပါဝင်သူများမှ သာသနာရေးဦးစီးဌာန လက်ထောက်ညွှန်မှူး ဦးသိန်းဌေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဆွေနှင့် မြို့နယ်ရဲစခန်းမှူး ဒု–ရဲမှူးတင်ထွန်းတို့ ပါဝင်ပါသည်။ လူဝတ်လဲခံပြီးနောက် ပခုက္ကူကို မလာရန်လည်း ကိုရင်ကြီးဖြစ်လဲ ကိုတင်ကိုအပေါ် အာဏာပိုင်များမှ ကန့်သတ်လိုက်ပါသည်။ ၄င်းဝေဒနာသည်များအတွက် တာရှိသူတွေဖြစ်သည့် အာဏာပိုင်များမှ ဘဝတူလူနာချင်း ကူညီသူအပေါ် နှောင့်ယှက်ဟန့်တား၊ အဓမ္မလူဝတ်လဲခိုင်းခြင်းမျိုး လုံးဝမလုပ်သင့်ကြောင်း ရောဂါသည်များအား ကူညီနေသူဖြစ်သည့် မဖြူဖြူသင်းမှ ပြောပါသည်။ “ဘုရားတောင်မှပဲ ဗုဒ ဂီလာနတွေကို ပြုစုဖို့အတွက် တရားဝင် ပညတ်တော်တွေ ရှိပါတယ်။” ဟု မဖြူဖြူသင်းမှ ပြောပါသည်။

**အစသို့**

---

## ညောင်တုန်း ကိုထွန်းထွန်း အဖမ်းခံနေရ

*၃၀ ၊ ဩဂုတ် ၊ ၂၀၀၇*

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက်အင်္ဂါနေ့တိုင်း ရွှေတိဂုံဘုရားတက် ဝတ်ပြုဆုတောင်းနေကျဖြစ်သည့် ရန်ကုန်တိုင်း၊ ညောင်တုန်းမြို့မှ ကိုထွန်းထွန်းသည် ရှမ်းပြည်နယ် ရပ်စောက်ရဲစခန်းတွင် အဖမ်းခံနေရပါသည်။ ပြီးခဲ့သည့် တနင်္ဂနွေနေ့ မနက်တွင် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့ ရွှေရန်မြေဘုန်းကြီးကျောင်းကို သွားရောက်စဉ် နယ်မြေမကျွမ်းကျင်၍ မျက်စိလည်လမ်းမှားနေသည့် ကိုထွန်းထွန်းကို မသင်္ကာမှုနှင့် ဖမ်းဆီးပြီး ရပ်စောက်မြို့နယ်ရဲစခန်းတွင် ထိန်းသိမ်းစစ်ဆေးနေသည်ဟု သူ့မိတ်ဆွေတဦးမှ ပြောပါသည်။ ကိုထွန်းထွန်းကို မြန်မာစစ်အာဏာပိုင်များမှ မကြာခဏဖမ်းဆီးပြီး စိတ္တဆေးရုံကို ပို့ခြင်းကြောင့် စိတ်ဆင်းရဲပြီး ရာသက်ပန်သင်္ကန်းဝတ်ရန် ရည်ရွယ်ချက်နှင့် သာသနာ့ဘောင်ဝင်ရောက်သွားစဉ် ခုလို ကြုံတွေ့ရခြင်းဖြစ်ကြောင်း ၄င်းမိတ်ဆွေမှ ပြောပါသည်။ ယခုချိန်ထိ အာဏာပိုင်များမှ ကိုထွန်းထွန်းကို ပြန်မလွှတ်ပေးသေးသည့် အပြင် ခုလိုဖမ်းဆီးခံရခြင်းကိုလည်း သူ့မိသားစုမှ ခုချိန်ထိ မသိရှိသေးခြင်းကြောင့် ကိုထွန်းထွန်းအတွက် မိတ်ဆွေရင်းများမှစိုးရိမ်နေပါတယ်။

**အစသို့**

---

## ကိုမင်းမင်းကို လားရှိုးထောင်ရွှေ့

*၃၀ ၊ ဩဂုတ် ၊ ၂၀၀၇*

လိုင်စင်မဲ့ကျူရှင်ပြတယ်ဆိုပြီး ထောင်ကျနေသည့် ပြည်မြို့မှ ကိုမင်းမင်းကို အာဏာပိုင်များမှ လားရှိုးထောင်ဆီပြောင်းရွှေ့လိုက်ပါသည်။ လိုင်စင်မဲ့ကျူရှင်ပြမှုနှင့် ထောင်သုံးနှစ်ကျနေသည့် ကိုမင်းမင်းကို ပြည်ထောင်မှတဆင့် အင်းစိန်ထောင်၊ အင်းစိန်မှ တဆင့် မန္တလေးထောင်၊ မန္တလေးမှ တဆင့် လားရှိုးထောင်ကို ပို့လိုက်သည်ဟု ကိုမင်းမင်း၏ မိခင် ဒေါ်တင်တင်ကပြောပါသည်။

"ပြီးခဲ့တဲ့ အပတ် (၁၉) ရက်နေ့ကလေ အန်တီက ပြည်ထောင်မှာ ထမင်းသွားပို့တော့ နေ့ခင်းဖက်ရောက်တော့ ပါဆယ်ထုပ်တွေ ပြန်ရောက်လာတယ်။ ပြန်ရောက်လာပြီးတော့ သူတို့ကိုသွားမေးတော့ အင်းစိန်ထောင်ကို ရွှေ့လိုက်တယ်လို့ ပြောတယ် သမီးရေ။ ပြောတော့ အင်းစိန်ထောင်ကို တန်းလိုက်သွားတယ်။ တန်းလိုက်သွားတော့ အင်းစိန်ထောင်ကျတော့ မရှိတော့ဘူးတဲ့ မန္တလေးထောင်ပို့လိုက်ပြီတဲ့ အဲဒါနဲ့ မန္တလေးထောင်ကို တခါဆက်လိုက်တယ်။ လိုက်တော့ မန္တလေးထောင်ကျတော့ မနက်ဖြန် တွေ့ရပါမယ်တဲ့။ နက်ဖြန်ခါ တွေ့ရမယ်လဲဆိုရော သွားလဲတွေ့ရော မပြောဘူး သူတို့က ဟိုလိုလို ဒီလိုလို နေရင်းကနေပြီးတော့ ပြောရင်းဆိုရင်းနဲ့ ဒေါ်တွေဘာတွေ ပါလာပြီးတော့ ပြောလိုက်ဆိုလိုက် မာန်လိုက်မဲလိုက်တော့မှ လားရှိုးထောင်ကို ပို့လိုက်ပြီလို့ ပြောတယ်သမီးရေ။ အဲဒါနဲ့ လားရှိုးထောင်ကို ဆက်လိုက်တယ်။ ဆက်လိုက်တော့လားရှိုးထောင်ကျတော့ တန်းပြီးတွေ့ခွင့်ပေးတယ်။"

ကိုမင်းမင်းကို မိသားစုနှင့် ဝေးလံသည့် လားရှိုးထောင်ကို ပို့လိုက်ခြင်းကြောင့် အလွန်စိုးရိမ်ပူပန်မိကြောင်းကိုလည်း ဒေါ်တင်တင်မျ ဆက်ပြောပါသည်။

"အခုတော့ ဟိုမှာကလေးက ရှမ်းပြည်မှာဆိုတော့ ရှမ်းစာတွေ စားတတ်ပါ့မလား။ ဘာတွေ ကျွေးလို့ ကျွေးမှန်းလဲမသိ ကလေးကတော့ အမေ့ကောင်းပါတယ်အမေ၊ အမေ အဆင်ပြေတယ်အမေနဲ့ သူကတော့ မအေကို စိတ်ချမ်းသာအောင် ပြောရှာတယ်။ ကိုယ်ကတော့ တွေးတာပေါ့ ကိုယ့်သား စားတတ်တဲ့ အစားအသောက်မျိုး ကောင်းကောင်း မကောင်းကောင်း အဆီအငေါ်တဲ့ တာလေးတော့ ဖြစ်စေချင်တာပေါ့။ အခုတော့ ဘာတွေနဲ့ ဘာတွေနဲ့ စားနေရမယ်လို့တော့ မပြောတတ်ဘူး သမီးရေ။ တော်တော်စိတ်ဓါတ်ကျတယ်။ စိတ်အားလဲငယ်တယ်။ ခံစားရတာပေါ့သမီးရယ်။ ဒီကလေးလေးက လူလိမ္မာလေးကို လူ့အခွင့်အရေးကို ဆောင်ရွက်နေတဲ့ ကလေးလေးကို တောင်ပို့မြောက်ပို့ ပို့တာကြီးကတော့ သူတို့လွန်တာပေါ့။ ထောင်ချပြီး တော်ပြီပေါ့။ အဲဒါနဲ့ ပတ်သက်လို့ သူတို့က မကျေနပ်ဘူးပေါ့ သမီးရာ။ ကျေတာတော့ ဘယ်လိုမှကို မကျေနပ်ဘူး။"

အသက် (၃၁) နှစ်အရွယ် ကိုမင်းမင်းသည် (၁၉၉၆–၉၇) ခုနှစ် ပညာသင်နှစ်တွင် အင်္ဂလိပ်စာ ဂုဏ်ထူးနှင့် ဆယ်တန်းစာမေးပွဲကို အောင်မြင်ခဲ့ခြင်းပါ။ ၄င်းနောက် လက်ရှိပညာရေးကို စိတ်မဝင်စားသည့်အတွက် သေင်ဆိုသည့် အမည်နှင့် ကျူရှင်ဖွင့်ခဲ့ပါသည်။ (၂၀၀၇–၂၀၀၈) မှာတော့ ကျူရှင်မပြတော့ဘူးဆိုသည့် ရည်ရွယ်ချက်နှင့် ကျူရှင်လိုင်စင် မလျှောက်ခဲ့ပါဘူး။ ဇူလိုင်လ (၉) ရက်နေ့ ညက သူ့၏ကျူရှင် ခန်းမဟောင်းတွင် လူ့အခွင့်အရေး ပညာပေးသင်တန်းကို လက်ခံကျင်းပပေးခဲ့ပြီး နောက်တနေ့တွင် အာဏာပိုင်များမှ ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။ ထို့နောက် လိုင်စင်မဲ့ ကျူရှင်သင်တဲ့ ပုဒ်မ (၂၃) နှင့် တရားစွဲခံခဲ့ရပြီး ဇူလိုင်လ အကုန်တွင် ပြည်တရားရုံးမှ ဒဏ်ငွေ သုံးသောင်းနဲ့ ထောင် (၃) နှစ် ချမှတ်ခြင်းကို ခံခဲ့ရခြင်းဖြစ်ပါသည်။ ကိုမင်းမင်း ထောင် အပြောင်းရွှေ့ခံရခြင်းနှင့်ပတ်သက်၍ လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူ ကိုအောင်ဇော်ဦးမှ တရားမျှတမှုမရှိဘူးကြောင်း ပြောဆိုသွားပါသည်။

"မတရားဘူးလို့ပဲ ယူဆရမယ်လေ ဘာဖြစ်လို့လဲဆိုတော့ မတရားလဲ ဖမ်းဆီးပြီးတော့ အကွက်ဆင်ပြီး ထောင်ချခံရသေးတယ်။ ပြီးတော့လဲ ဟို ဝေးလံတဲ့နေရာ မိသားစုသွားလာရ ခက်ခဲတဲ့နေရာကိုပို့လိုက်တယ်ဆိုတာက အာဏာပိုင်တွေအနေနဲ့ သက်သက်မဲ့လုပ်တယ်လို့ပဲ ကျနော်တို့က ယူဆတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့အမှုက ဒီ မတရားဘူးဆိုတာက ထွက်ချက်တွေ စစ်ချက်တွေမှာ အားလုံးတော့ ပေါ်နေပြီ။ ပေါ်နေပြီးတော့ ဒီဟာကြီးက မတရားပါဘူးဆိုပြီး နိုင်ငံတကာ အဖွဲ့အစည်းတွေ လူ့အခွင့်အရေး အဖွဲ့အစည်းတွေက ဝိုင်းပြောနေတာတွေလဲရှိတယ်။ အဲဒီကြားထဲကနေပြီးတော့ သူတို့က ထောင်ပြောင်းပြီးတော့ အဝေးလံဆုံးပို့လိုက်တယ်ဆိုတာက အရုပ်ဆိုးအကျည်းတန်လွန်းတယ်လို့ပဲ ကျနော်တို့က ယူဆပါတယ်။"

**အစသို့**

---

## ကားသမား ဆိုက်ကားသမားကို အသုံးချ

*၃၁ ၊ ဩဂုတ် ၊ ၂၀၀၇*

လောင်စာဆီဈေးနှုန်း ကျဆင်းရေး ဆန္ဒပြပွဲများတွင် အစိုးရမှ ကားသမားနှင့် စိုက်ကားသမားများအားဖိအားပေးပြီး ခိုင်းစေမှုများရှိခဲ့သည်ဟု သိရပါသည်။ ရွှေပြည်သာမြို့နယ်အတွင်းမှ ကားသမားတဦးက (၂၈) ရက်နေ့က ဘုမသိ ဘမသိနှင့် ကားမောင်းပေးခဲ့ရပြီး လှည်းတန်းမီးပွိုင့်ရောက်မှ အခြေအနေကို သဘောပေါက်ခဲ့ရသည်ဟု ဒီဗွီဘီကို ပြောပါသည်။

ဒီဗွီဘီ ။ ။ လှည်းဈေးက အဲဒီ ကိစ္စမှာ ဒီ ကားမောင်တဲ့ နေရာမှာ ဘယ်လိုမျိုး ဖြစ်တာလဲ။ ဒီဘက်က အခြေအနေကို ကျမကို ရှင်းပြပေးပါလား။

“အဲဒီနေ့က ကျနော်တို့ မနက် ကားတကြောင်းဆွဲပြီးတဲ့ အချိန်မှာ သူတို့က လာခေါ်တာပေ့ါနော်။ ကျနော်က (၆) နာရီခွဲလောက်မှာ ဆီထည့်စရာရှိတော့ သူတို့က အရေးပေါ်ကိစ္စ ချော ဆိုတော့ ကျနော် အုံနာဆီ ဖုန်းဆက်တော့ အုံနာ ကလဲ လိုက်ငှားလိုက်ပါတဲ့ ။ အဲဒါနဲ့ ကျနော်လဲ ဆီသွားထည့်တဲ့ အခါကျတော့ သူတို့က သူတို့ ဘီအိုင်ပီ ဆိုပြီးတော့ အမြန်ထည့် ပေးတယ်ပေ့ါနော်။ ကျနော် လိုက်ငှားပေးတဲ့အခါကျတော့ ကျနော်က သူတို့ကို မေးတယ်ပေ့ါ။ ကျနော်က ဘာလုပ်ရမှာလဲပေ့ါ။ သူက ကားမောင်းပြီး လိုက်ပို့ရုံပဲပေ့ါ။ လူအပို့အတင်ပဲပေ့ါ။ အဲလိုမျိုးပြောတယ်ခင်ဗျ။ အဲ လိုက်သွားပြီးတော့ သူတို့ အဲဒီ လူခေါ်တဲ့ နေရာတွေကို လိုက်ပြီးတော့ လူတွေ လိုက်တင်လိုက်တယ်ပေ့ါနော်။ ပြီးတော့ လှည်းတန်းဈေးဖက်မှာ ကျနော် ဟိုဖက်ခြမ်းမှာ သွားရပ်ပြီးတော့ လုပ်ရတာပေ့ါခင်ဗျ။ ဘယ်လိုလူတွေလဲဆိုတော့ အဲဒီ အပေါ်မှာ ပါတဲ့သူတွေ အားလုံးက ကျနော်တို့လိုပဲပေ့ါ။ လက်လုပ်လက်စားတွေပါပဲ။ အဲလိုမျိုး လူတွေ ပါပဲ။ တချို့ တလေဆို အရက်ဆိုင်ထဲက ထွက်လာတဲ့သူတွေပါ တော်တော်များများ တွေ့ရတယ်။ ကျနော်တို့ ကားမောင်းတဲ့ လူတွေကိုလဲ သူတို့က ခွံ့ပေးတယ်ခင်ဗျ။ အရက်သောက်ချင် သောက်လို့ရတယ်ပေ့ါ။ နည်းနည်းပေ့ါ။ မများစေနဲ့ပေ့ါ။ အဲလိုမျိုးတွေပါ ပြောတယ်ခင်ဗျ။ ”

“ဒီလိုမျိုး လုပ်ပေးရတဲ့ အပေါ်ကိုရော ဘယ်လိုမျိုး ခံစားချက်ရှိလဲ ။”

“အော် ဘယ်လိုမျိုးခံစားချက် ရှိလဲ ဆိုတော့ ကျနော်တို့က ပထမတော့ ဘာမှန်းမသိဘူးပေ့ါ။ ဟိုရောက်တော့ အခြေအနေတွေ ဘာတွေ အားလုံးကို သဘော ပေါက်သွားတယ်လေ။ အစောပိုင်းကတော့ ကျနော်တို့လဲ မခံမရပ်နိုင်ဖြစ်တယ်။ ဒါပေမဲ့ ကျနော်တို့ကကြတော့ သူတို့ကို တင်ပြီးခေါ်သွားတဲ့ ကားမဟုတ်ဘူး။ သူတို့ လူတွေကြီးပဲ တင်တဲ့ ကားလေ။ ”

“ဟုတ်ကဲ့ရှင့်။ အခုပေ့ါနော်။ လောင်စာဆီဈေး (၂) ဆတက်သွားတယ်။ ကုန်ဈေးနှုန်းတွေ တက်သွားတယ်။ ဒီအပေါ်မှာ မခံမရပ်နိုင်တဲ့ စီးပွားရေး အဆင်မပြေတဲ့သူတွေက သူတို့ ဆန္ဒကို ဖော်ထုတ်ပြသတဲ့ အနေနဲ့ လမ်လျှောက်ဆန္ဒပြတယ်။ ဒါတွေကို အာဏာပိုင်တွေဖက်က ပြည်သူလူထုကိုပဲ ပြန်ငှားတယ်ပေ့ါနော်။ ပြန်ငှားပြီးတော့ ဒီလိုမျိုး အကြမ်းဖက်နှိုင်နင်းတာကို ပြည်သူလူထုဆီ တိုက်ပေးတာပေ့ါကို ပြည်သူတရောက်အနေနဲ့ ဒီကိစ္စ အပေါ်ကို ဘယ်လိုမျိုးပြောချင်တာများ ရှိမလဲ။

“အဲ ကျနော်တို့ ဒီ ဟိုဟာပေ့ါ။ ဒရိုင်ဘာ တယောက်အနေနဲ့ ပြောချင်တာက ဘယ်လိုပြေချင်လဲ ဆိုတော့ ဒီလောင်စာဆီ (၂) ဆတက်သွားတဲ့ အပေါ်မှာ ကျနော်တို့ ကားသမားတွေက အရင်တုန်းကထက် ပိုပြီး လုလုရက်ရက် မောင်းရတယ်ခင်ဗျ။ လုလုရက်ရက်မောင်းရတဲ့ အပေါ်မှာ ကျနော်တို့ အတွက် အန္တရာယ်ရှိတယ်ခင်ဗျ။ ကျနော်တို့က တခုခု ဖြစ်သွားမယ်ဆိုရင် ကျနော့် မိသားစုမှာလဲ တခုခုဖြစ်သွားမယ်။ ဒါပေမဲ့ ကျနော်တို့ မတတ်နိုင်းဘူးခင်ဗျ။ အဲဒါကို ဖြေရှင်းပေးတဲ့သူတွေ အတွက်လဲ အများကြီး ကျေးဇူးတင်ပါတယ်လို့ပဲ ပြောချင်ပါတယ်။ ကျနော်တို့ ကိုယ်တိုင်လဲ နောက်တခါကျရင် ပါဝင်လှုပ်ရှားပေးပါမယ့်လို့ သူတို့ကိုယ်စား တချက်လောက် ပြောပေးပါလို့ မေတ္တာရပ်ခံပါတယ်ခင်ဗျ။ ”

ယခုလို ဖြေပေသည့် အတွက် ကျေးဇူးတင်ပါသည်။ အင်းစိန်မြို့နယ်အတွင်းမှ ဆိုက်ကားသမားများကိုလည်း အာဏာပိုင်များ ယခုလ (၂၂) ရက်နေ့မှာ ဖြစ်ပွားခဲ့သည့် ဆန္ဒပြပွဲနှင့် ပတ်သက်ပြီး ငြိမ်းချမ်းစွာ ဆန္ဒပြ လမ်းလျှောက်သူများအား အကြမ်းဖက် နှိုင်နင်းဖို့အတွက် ဖိအားပေးခဲ့သည့်အပြင် သိရပါသည်။ ယခုလ (၂၁) ရက်နေ့တွင် ဒီမိုကရစ်တစ် မြန်မာ့အသံနှင့် ဆက်သွယ် မေးမြန်းချက် တခုတွင် စိုက်ကားသမား တဦးမှ ယခုလို ဖြေဆိုထားပါသည်။

“ကျနော် အင်းစိန်မြို့နယ် အနေးယဉ် စိုက်ကားသမားတယောက်ပါ။ အခု ဒီနေ့မနက် (၇) နာရီလောက်ကနေပြီးတော့ နအဖ ဥက္ကဋ္ဌကနေပြီးတော့ အနေးယဉ်ဂိတ်ကို မနက်ဖြန် ဆန္ဒပြစရာ ရှိတဲ့ အတွက် ဒီ အနေးယဉ်တွေက လူရနိုင်သလောက် အကုန်လုံးထုတ်ပေး ဖို့ ကျနော်တို့ ဂိတ်မှူးကို အကြောင်းကြားပါတယ်။ ဒီ ဂိတ်မှူး အကြောင်းကြားတဲ့အခါကျတော့ ဒီ စားစရိတ်တို့ အုံနာကြေးတို့ သူတို့ ဥက္ကဋ္ဌ ကနေပြီးတော့ အကုန်ကြခံမယ်ဆိုပြီးတော့ ကျနော်တို့ကို လာပြီး စည်းရုံးသွားတယ်လေ။ မနက်ဖြန် မဖြစ်မနေထွက်ဖို့ကိုလဲ ပြောပါတယ်။ မနက်ဖြန် (၂၂) ရက်နေ့ လမ်းလျှောက်ပွဲ အတွက် ပေ့ါနော်။ အခုက အင်းစိန် တမြို့နယ်လုံးမှာ ဖြစ်နေတာ။ နောက်ထပ် သူတို့ ခေါ်နိုင်တဲ့ အင်အားတွေကတော့ ပြစ်ဒဏ် (၂၀) ကို ထောင်ကျခဲ့ဖူးတဲ့ပုဂ္ဂိုလ်တွေပေ့ါ။ အဲလို သူတို့ ခိုင်းလို့ရမဲ့ လူဆိုးလူမိုက် တွေကိုပေ့ါ။ သူတို့ ထပ်ပြီး စည်းရုံးထားတယ်လေ။ မနက်ဖြန်မနက် (၆) နာရီလောက်ကို သူတို့ သက်ဆိုင်ရာ ရယကရုံး အသီးသီးက နေပြီးတော့ ဒိုင်နာကားတွေနဲ့ ရပ်ကွက်ထဲက လူဆိုးလူမိုက်တွေကို ဒီအနေးယဉ်တွေကိုပေ့ါနော်။ သူတို့က တဖက်သတ်ကြီး ဖိအားပေးတယ်။ အဲလိုမှ မလိုက်လို့ရှိရင် ညဖက်ကို (၁၁) နာရီအထိပဲ ဆိုက်ကားနင်းရမယ်။ (၁၁) နာရီကျော်လို့ရှိရင် နင်းပိုင်ခွင့် မရှိဘူး။ ဖမ်းမယ် ဆီးမယ်ဆိုပြီးတော့ အဲလိုမျိုးကျနော်တို့ကို ဖိအားပေးထားတွေ ရှိပါတယ်။ ”

ရန်ကုန်မြို့အတွင်းက လောင်စာဆီဈေးနှုန်းကျဆင်းရေး ဆန္ဒပြပွဲများကို အင်အားပြ နှိုင်နင်းဖို့အတွက် အာဏာပိုင်များမှဖက်မှ ဆိုက်ကားသမားများနှင့် ယဉ်မောင်း ကားသမားများကို အခမဲ့ဖိအားပေးခိုင်စေခဲသည့် အကြောင်း ဆက်သွယ်မေးမြန်းခဲ့ခြင်းဖြစ်ပါသည်။

**အစသို့**

---

## အဖမ်းဆီးခံ ကျောင်းသားခေါင်းဆောင်များ၏ သတင်း ထုတ်ပြန် မိသားစု တောင်းဆိုမည်

*၃၁ ၊ ဩဂုတ် ၊ ၂၀၀၇*

ယခုလ (၂၁) ရက်နေ့ကတည်းက ဖမ်းဆီးသွားသည့် (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင်များ၏ အခြေအနေကို သတင်းထုတ်ပြန်ပေးရန် အာဏာပိုင်များထံ စာရေးတောင်းဆိုရန် မိသားစုများမှ ပြင်ဆင်နေကြပါသည်။ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုမြအေး၊ ကိုပြုံးချို၊ ကိုမင်းဇေယျာနဲ့ ကိုပဏ္ဍိတ်ထွန်းတို့အပါအဝင် (၈၈) မျိုးဆက်ကျောင်းသား ခေါင်းဆောင်များ ဖမ်းဆီးခံရခြင်း ယနေ့ (၁၀) ရက်ရှိ သွားပြီ ဖြစ်ပါသည်။ သို့သော် ၎င်းတို့အားမည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ဆိုသည်ကို အစမည်သည့်သတင်း စုံစမ်း၍မရသည့်အတွက် ယခုလို စာရေးတောင်းဆိုရန် စီစဉ်ရခြင်းဟု မိသားစုဝင် များမှ ပြောပါသည်။ ၎င်းနှင့်ပတ်သက်ပြီး ကိုပြုံးချို၏ဇနီး မဝါဝါဝင်းက ယခုလို ပြောပြပါသည်။

"အခုတော့ အဲဒါမျိုးပေါ့ မိသားစုတွေ စုပြီးတော့ တိုင်ပင်ပြီးတော့ ဒီလိုမျိုး ရက်ကြာလာတာနဲ့အမျှ တောင်းဆိုရတော့မှာပေါ့။ အခု ပုံစံမျိုးဆိုရင်တော့ မိသားစုတွေလေ ဖမ်းထားတဲ့ မိသားစုတွေ စုစည်းပြီးတော့ တောင်းဆိုချင်တာပေါ့နော်။ တောင်းလဲ တောင်းဆိုမယ်လို့ ရည်ရွယ်ထားတာပေါ့အစ်မရယ်။ ဘယ်လိုပြောမလဲ တဆင့်စကားပဲပေါ့ အဲဒါမျိုးပဲ သတ်မှတ်လို့ရတယ်။ တိတိကျကျတော့ ကျမတို့ ဘယ်သူမှလဲ စုံစမ်းလို့ မရဘူးဖြစ်နေတယ်။ (၁၀) လောက်ဖြစ်တော့ တွေ့လဲ တွေ့ချင်တယ်လေ။ တွေ့လဲ တွေ့ဖို့အတွက်ကိုတော့ ပြောဖို့လိုလာပြီလို့ ထင်တာပေါ့နော်။ အခု ဒီလိုတော့မထားနိုင်ဘူးပေါ့။ ကျမတို့ အကျိုးအကြောင်းသိချင်တယ်။ ဖမ်းဆီးခံနေရတဲ့ (၈၈) ကျောင်းသားခေါင်းဆောင် ကိုပြုံးချိုရဲ့ ဇနီး မဝါဝါဝင်း ပြောပြသွားတာပါ။

**အစသို့**

---